# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တပ်မက်မှုကို စွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၄)


# ရွှေတိဂုံစေတီတော်နှင့် သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရွှေတိဂုံစေတီတော် ၁၃၇၉ ခုနှစ် တပို့တွဲလပြည့် မြန်မာ့ရိုးရာ ထမနဲ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် ဩဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီက စတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ရင်ပြင်တော်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ထမနဲ ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ဩဝါဒပါတိမောက် ဒေသနာတော်နှင့် ဩဝါဒပါတိမောက်အနှစ်ချုပ်ကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ရင်ပြင်တော် သောကြာထောင့်ရှိ ထီးတော်ပုံတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော်ကြီးများနှင့် သံဃာတော်များအား ထမနဲ ဆွမ်းတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

*စာမျက်နှာ ၄ ကော်လံ ၃* ◆

# စီးပွားရေးစနစ်အတွင်း သင့်လျော်သော အတိုးနှုန်းသတ်မှတ်ရန် အရေးကြီး

## စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေအတိုး ၁၃ ရာခိုင်နှုန်းအောက်လျှော့ချနိုင်အောင် ဘဏ်များနှင့်ညှိနှိုင်းရန် အခွင့်အလမ်းများရှိ



**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓါတ်ပုံ)

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာစောညိုဝင်း၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်ညွန့်ညွန့်ဌေး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးတင်အောင်ဝင်းတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း လွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✪

**ပညာရေးဘတ်ဂျက် တိုးမြှင့်ရေးဆိုရာဝယ်**

ဆောင်းပါး စာ » ၆

**ဟားခါးမြို့ အလှအပရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုနိုင်မည့် မျှော်စင် တည်ဆောက်လျက်ရှိ**

ပြည်တွင်း စာ » ၉

**မြန်မာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# ထာဝရစည်းလုံးညီညွတ်မှု အင်အား

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံ၊ ပြည်ထောင်စုနိုင်ငံလည်းဖြစ်သည်။ မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသနှစ်ခုတို့အကြား ပေါင်းကူးသဖွယ်တည်ရှိနေပြီး အင်အားကြီးနိုင်ငံကြီး နှစ်ခုနှင့်လည်း တစ်ဖက်တစ်ချက်တွင် ထိစပ်လျက်ရှိသည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်သွားရန် မျှော်မှန်းထားကြပြီး ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများတွင်လည်း ပြည်ထောင်စုစနစ်ကို မကျင့်သုံးကြစေကာမူ စင်စစ်အားဖြင့် လူမျိုးတစ်မျိုးတည်းသာ နေထိုင်ကြခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများစွာတို့ အတူတကွနေထိုင်ကြခြင်းဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ပတ်ဝန်းကျင် နိုင်ငံများရှိ အချို့တိုင်းရင်းသားလူမျိုးများဆိုလျှင် မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများနှင့်အတူတူပင် ဖြစ်ကြသည်ကို တွေ့ရသည်။ အတူတူဟုဆိုရာတွင် ဓလေ့ထုံးစံ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု၊ အယူဝါဒ စသည်ဖြင့် လူမျိုးတစ်မျိုး၏ အမှတ်လက္ခဏာတို့ တူညီကြခြင်းကိုဆိုခြင်း ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ၊ တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြားတွင် မိမိတို့ နိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်းထောင်ချီ ရပ်တည်နိုင်ခဲ့သည်မှာ မိမိတို့ ဘိုးဘွားများ၏ စွမ်းရည်သတ္တိများနှင့် စည်းလုံးညီညွတ်မှုများကြောင့်ပင် ဖြစ်သည်။ ရှေးပဝေသဏီကာလ မြေရှင်ပဒေသရာဇ်ခေတ်တွင် ခေတ်စနစ်၏ ပြဋ္ဌာန်းချက်များအတိုင်း နေထိုင်ခဲ့ကြစဉ်ကလည်း စည်းလုံးညီညွတ်ခဲ့ကြသည့် အလျောက် ပတ်ဝန်းကျင်နိုင်ငံများက လေးစားခန့်ညားခဲ့ကြရသည်ကို သမိုင်းမှတ်တမ်းများ၌ တွေ့ရှိနိုင်မည် ဖြစ်သည်။ ဗဟိုအုပ်ချုပ်ရေးတွင် စည်းလုံးညီညွတ်မှု ပြိုကွဲခြင်း၊ ကမ္ဘာ၏ ပြောင်းလဲလာသည့် မျက်မှောက်အခြေအနေကို မှန်ကန်စွာ ရှုမြင်နိုင်မှု မရှိခြင်းတို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အဘက်ဘက်မှ နိမ့်ကျမှုများကြောင့် နယ်ချဲ့၏ ပရိယာယ်အောက်တွင် လက်မြှောက်အရှုံးပေးခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်မှာအတိတ်သမိုင်း၏ သင်ခန်းစာတစ်ခုပင် ဖြစ်သည်။

စင်စစ် အတိတ်သမိုင်းကို သင်ခန်းစာယူခြင်းသည် အနာဂတ်နိုင်ငံတော်ကို ကောင်းစွာတည်ဆောက်နိုင်ရန်အတွက် ဖြစ်သည်။ ပစ္စုပ္ပန်ကာလ မိမိတို့နိုင်ငံ၏ အဓိက လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှု ဖြစ်သကဲ့သို့ အနာဂတ်ကာလအတွက် ထာဝရလိုအပ်ချက်မှာလည်း စည်းလုံးညီညွတ်မှုပင် ဖြစ်သည်။ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံဖြစ်သော မိမိတို့နိုင်ငံအတွက် "အသက်"ဟု ဆိုရမည်ဖြစ်ပြီး သွေးထိုးမှု၊ သွေးခွဲမှုစသည်ဖြင့် ပြည်တွင်းမှရော ပြည်ပမှပါ အမှောင့်ပယောဂများစွာဖြင့် အားထုတ်နေမှုများက စည်းလုံးညီညွတ်မှုကို ပြိုကွဲစေပြီး နိုင်ငံကို "အသက်အန္တရာယ်"ကျရောက်အောင် ပြုလုပ်နေကြခြင်းဖြစ်သည့်အလျောက် ပြည်ထောင်စုသားအားလုံးက လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်စွာ ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးတို့အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ သံသယကင်းစင်သော၊ ရင်းနှီးချစ်ခင်သော နှလုံးသားများမှထွက်ပေါ်လာသော ထာဝရစည်းလုံးညီညွတ်မှုအင်အားဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား ၁-၂-၂၀၁၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၆:၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၀၀ | - | Breakfast News |
| ၈:၃၅ | - | **လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ** |
| ၉:၁၀ | - | **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ် လက်ခံမည့်လုပ်ငန်းစဉ်** |
| ၁၈:၃၅ | - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉:၁၅ | - | မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၁၄) |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀:၃၅ | - | **ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ယခင်ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Prof.Dr. Surakiart Sathirathai ၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် အမြင်နှင့် သုံးသပ်စကား** |

# ဝက်မွေးမြူရေးခြံ မြေ အဆောက်အအုံငှားရမ်းသည့် သဘောတူစာချုပ် လက်မှတ်ရေးထိုး




**နေပြည်တော် ဇန်နဝါရီ ၃၁**

အသားကဏ္ဍဆိုင်ရာ ထွက်ကုန်ပစ္စည်းများ ဖူလုံစေရေးနှင့် လုံခြုံစိတ်ချမှု ရှိစေရေး၊ ရေရှည် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေး မူဝါဒရည်မှန်းချက်များအရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီများအား ဖိတ်ခေါ်၍ အဆိုပြုလွှာများခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် Katec In Myanmar ကုမ္ပဏီနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က နေပြည်တော် Shwe San Eain Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံသံအမတ် H.E. Mr. Lee Sang Hwa နှင့် Katec Group မှ President ,Mr. Kim Yong Woon က Katec Group ကုမ္ပဏီ၏ ဝက် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထုံးဘိုဝက်မွေးမြူရေးခြံ၊ မြေ၊ အဆောက်အအုံအား ကနဦး တစ်နှစ်ငှားရမ်းသည့် သဘောတူစာချုပ်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် Katec In Myanmar မှ Managing Director ဖြစ်သူ Mr. Chun Seong Gun တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်အား အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ထုံးဘိုဝက်မွေးမြူရေးခြံ၊ မြေ၊ အဆောက်အအုံများအား ငှားရမ်းရေးအတွက် Katec In Myanmar ကုမ္ပဏီနှင့် ကနဦးကာလ တစ်နှစ် သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ပြီး ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုကာလအတွင်း တိုးတက်မှု အခြေအနေများကို Monitoring ပြုလုပ်၍ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံခရိုင် ကျေးလက်နေပြည်သူများအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဖျာပုံ ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူထု စွမ်းရည်တိုးတက်ရေး၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လျက် ကျေးရွာဖွံ့ဖြိုးရေး(VDP)ဆောင်ရွက်ရန် ကျေးရွာ လေးရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှူးဒေါ်အေးအေးကြူက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး VDP အစီအစဉ် ဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာလေးရွာမှ ကျေးရွာကော်မတီများထံသို့ နိုင်ငံတော်မှပေးအပ်သည့် ရန်ပုံငွေကျပ်သိန်း ၁၀၀ စီကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖျာပုံခရိုင်အတွင်း၌ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့နယ်တို့မှ ရွာတစ်ရွာစီတွင် VDP ဆောင်ရွက်ခွင့် ရရှိခဲ့ပြီး တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်းတစ်ရာစီ ရရှိကာ အဆိုပါငွေဖြင့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ချောင်းကူးတံတားတည်ဆောက်ခြင်းစသည့် ကျေးရွာဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မှူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၉ ရက်က သံဖြူဇရပ်မြို့နယ် ကြံခိုင်ရေးရပ်ကွက် ခနသာရစစ်သချိုင်းရှေ့၌ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့နယ် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကိုကိုလတ်၊ သံဖြူဇရပ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းနှင့်တာဝန်ရှိသူတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုနှင့် သက်ဆိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် အကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်သက်ဆိုင်သည့် နည်းဥပဒေများကိုလည်းကောင်း ဟောပြောခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃၁-၁-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၃၅/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၅/၈၆၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၀ ・၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ・၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၁ ・၇ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၈ |
| တရုတ် | တစ်ယွမ် | ၂၁၀ ・၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ・၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**
**အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၁ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးညီညီ ကို ယင်း၏ သဘောဆန္ဒအလျောက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ် အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံ၏ သတင်းမီဒီယာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းမီဒီယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

**ဩစတြေးလျနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။**



ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဩစတြေးလျ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Mr. Nicholas Coppel နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဦးကျော်တင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ (ဝဲပုံ)

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန် ညှိနှိုင်းဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန် ညှိနှိုင်းအစည်းအဝေးတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်နှင့် အတွင်းရေးမှူးများ၊ Forever Group Co.,Ltd မှ အကြံပေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ Forever Group Co.,Ltd အကြံပေးပုဂ္ဂိုလ် ဦးသိန်းထွန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးတွင် ရုပ်ရှင်ထုတ်လုပ်ရာတွင် အခက်အခဲဖြစ်နေမှုများ၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ရုပ်ရှင်ဥပဒေမူကြမ်းကို မကြာခင်အကောင်အထည်ပေါ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းနေမှု၊ ဆင်ဆာကဏ္ဍနှင့်စပ်လျဉ်း၍ ဖြေလျှော့ပေးရန် လိုလားချက်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**





# တပို့တွဲလပြည့်နေ့ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာသူများဖြင့် အထူးစည်ကား

**မန္တလေး ဇန်နဝါရီ ၃၁**

ယနေ့သည် ဗုဒ္ဓဘာသာနွယ်ဝင် တိုင်းရင်းသား တိုင်းရင်းသူ ပြည်သူများ၏ နေ့မြတ်ဖြစ်သော တပို့တွဲလပြည့်နေ့ ဗုဒ္ဓအဆုံးအမ သြဝါဒပြဆိုရာ သြဝါဒပါတိမောက် အခါတော်နေ့ဖြစ်သည်နှင့် အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားပုထိုး စေတီတော်များ၌ ဘုရားဖူးလာပြည်သူများသည် အလွန်ချမ်းသည့် အအေးဓာတ် လွှမ်းကဲသော ယမန်နေ့ညမှ ယနေ့ နံနက်လင်းချိန်တိုင်အောင် ဘုရားရှင်အား အမွှေးနံ့သာထင်းတို့ဖြင့် မီးကုသိုလ်ပြုလှူဒါန်း ပူဇော်ခြင်း၊ ဗုဒ္ဓပူဇနိယပွဲတော် ထမနဲဆွမ်းလှူဒါန်းပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဆွမ်းတော်ကြီး လောင်းလှူခြင်းစသည် တို့ကို အစဉ်အလာမပျက် လှူဒါန်းကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**အထူးစည်ကားလျက်ရှိ**

မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီတွင် ရေတော် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဉက္ကဋ္ဌ အရှင် သူမြတ်အမှူးပြု၍ ဘုရားကြီး မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသက်န်းကပ်လှူကာ ဆွမ်း၊ ထမနဲ ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီး ကပ်လှူပူဇော်ကြသည်။ အလားတူ မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်တို့မှ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူ ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာသူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသက်န်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ထမနဲဆွမ်း၊ ပန်း ကပ်လှူခြင်းနှင့် ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စင်များ အလှည့်ကျရွတ်ဖတ်ပူဇော်ခြင်းတို့အပြင် မဟာမုနိ ဘုရားကြီး တန်ဆောင်းအနီး၌ မီးလင်းဖို၊ အမွှေးနံ့သာထင်းများ ထည့်၍ ဘုရားရှင်အား မီးကုသိုလ်ပြုလှူဒါန်းပူဇော်ကာ မီးပုံပွဲတော် ဆင်ယင်ကျင်းပရာ တိုးမပေါက်အောင် အထူးစည်ကား လျက်ရှိသည်။

**ကျွေးမွေးညှော်ခံ**

နံနက် ၆နာရီတွင် မဟာမုနိဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ (၅၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပရာ ဘုရား အမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး ၁၀၀၀ တို့အား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီး လောင်းလှူပူဇော်ခဲ့ကြပြီး ဘုရားဖူးလာပြည်သူများ၊ ဆွမ်းတော်ပွဲ လာရောက်လှူသည့် ကုသိုလ်ရှင်များအား ဘုရားကြီးဂေါပကအဖွဲ့က ထမနဲ ခြောက် တင်းထိုးပြီး ထမနဲဖြင့် ကျွေးမွေးညှော်ခံခဲ့ကြောင်းနှင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံ၊ အမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ အရိုးဆေးရုံ တို့ရှိ လူနာများ၊ လူနာစောင့်များအား ဂိလာနပါလ ဆန်ပြုတ်နှင့် ရေသန့်အလှူတော်အသင်းနှင့် အလှူရှင်များက ကြက်သားဟင်း၊ ပေါင်မုန့်၊ မုန့်မျိုးစုံ၊ ကော်ဖီမစ်၊ ဂျုံယို၊ ရေသန့်တို့ကို လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*** ကျောဖုံးမှ**

နောက်ဆုံးတွင် အနီရောင်သန်းသည့်လအား မြင်တွေ့ခဲ့ကြရသည်။ ထိုကဲ့သို့ ကမ္ဘာ၊ လနှင့် နေတို့ တစ်တန်းတည်းကျရောက်ချိန်မှာ ၁ နာရီ ၁၆ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး စူပါမွန်းဖြစ်စဉ်ဖြစ်သည့် လသည် သူ့ပတ်လမ်းအတွင်း လည်ပတ် ရင်းမှတစ်ဆင့် ကမ္ဘာနှင့်အနီးဆုံးသို့ ရောက်ရှိနေခြင်းကြောင့် ကြီးမားလှသည့် လ၏ အရွယ်အစားကြောင့် ယခုလကြတ်ခြင်းဖြစ်စဉ်ကို ပိုမိုထင်ရှားစွာ မြင်တွေ့ခဲ့ကြရသည်။ ဖြစ်စဉ်အစအဆုံးမှာ အချိန်အားဖြင့် နှစ်နာရီနီးပါး ကြာမြင့် ခဲ့သည်။

"လ ဆိုတာ ပြည်သူတွေကို ကိုယ်စားပြုပြီး နေ ဆိုတာကတော့ တိုင်းပြည် အုပ်ချုပ်မင်းလုပ်သူတွေကို ကိုယ်စားပြုပါတယ်၊ လကြတ်တဲ့အခါကို တွက်ချက် ကြည့်မယ်ဆိုရင် မြန်မာ့လွတ်လပ်ရေးဇာတာ ကိုးတန့်ဘာဝမှာ လကြတ်ပါတယ်၊ ကိုးတန့်ဆိုတာ ဘာသာရေးအယူဝါဒကို ရည်ညွှန်းပါတယ်၊ ဘာသာရေးနဲ့စပ်ဆိုင်တဲ့ ကိစ္စရပ်တွေမှာ သတိကြီးကြီးထားပြီး ကိုင်တွယ်ကြရမယ်ဆိုတဲ့ အတိတ်နိမိတ် လို့လည်း မြင်ပါတယ်၊ သဘာဝဘေးအန္တရာယ်ကိုလည်း သတိထားကြရမယ်၊ ဒါပေမယ့် အဆိုးပြီးရင် အကောင်းလာတတ်တဲ့ နိမိတ်တစ်ခုလည်း ဖြစ်တာကြောင့် မကြာမီမှာ အခက်အခဲတွေ၊ အကျပ်အတည်းတွေကနေ ရုန်းထွက်နိုင်မယ် လို့ အောင်နိမိတ်ယူလည်း ရပါတယ်" ဟု နက္ခတ္တဗေဒပညာရှင် ကိုရဲဇော်က ပြောသည်။

လသည် ကမ္ဘာကို ပတ်နေသည့်လမ်းကြောင်းတွင် ၅ ဒီဂရီခန့် တိမ်းစောင်းပြီး ကမ္ဘာကလည်း နေကို ၂၃ ဒသမ ၅ ဒီဂရီခန့် တိမ်းစောင်းနေခြင်းကြောင့် နေကြတ်ခြင်း၊ လကြတ်ခြင်းများသည် တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိသာ ဖြစ်ပေါ်လေ့ရှိသည်။ ယခုအကြိမ် လကြတ်ခြင်းသည် ကမ္ဘာ၏ တိုက်ရိုက်အရိပ်ရှိသည့် နေရာအား ဖြတ်သန်းခြင်းဖြစ်သဖြင့် ယခုကဲ့သို့ အနီရောင်သန်းသည့် လအား မြင်တွေ့ကြရခြင်းဖြစ်သည်။ ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၂၂ မိနစ်တွင် လ၏ အရိပ်သည် စတင်ဖျော့လာပြီး ညမှောင်ချိန် ၆ နာရီ မိနစ် ၂၀ ဝန်းကျင်တွင် လသည် အရိပ်စစ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ည ၇ နာရီ ၂၃ မိနစ်တွင် လတစ်ခုလုံးသည် ကမ္ဘာ့အရိပ်အတွင်းသို့ အလုံးစုံကျရောက်ခဲ့ပြီး ည ၈ နာရီ ဝန်းကျင်တွင် လကြတ်ခြင်းမှာ အမြင့်ဆုံးအမှတ်သို့ ရောက်ရှိခဲ့သည်။ ည ၈ နာရီ ၃၉ မိနစ်တွင် လသည် အရိပ်ဖျော့ရှိရာသို့ ရောက်ရှိပြီး ၉ နာရီ ၄၂ မိနစ်တွင် အရိပ်ဖျော့သို့ ရောက်ရှိလာမည်ဖြစ်သည်။

လမင်းသည် ကရကဋ်တာရာခွင်အတွင်း ရောက်ရှိပြီး လာမည့်လကွယ် နေ့တွင်လည်း နေကြတ်ဦးမည်ဖြစ်ကြောင်း၊ သို့သော် မြန်မာနိုင်ငံမှ မြင်တွေ့ရမည် မဟုတ်ကြောင်း အာကာသနှင့် စကြဝဠာလေ့လာသူ ကိုသန့်ဦးက ဆိုသည်။

**ခင်ရတနာ**



**◆ ရှေ့ဖုံးမှ**

ယင်းနောက် ရေစက်ချအနုမောဒနာ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက နဝင်္ဂသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျ သဘာပတိ ဦးအောင်မြတ်က ဇေယျမင်္ဂလာ အနုမောဒနာ စကားလျှောက်ထားပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားပူဇော်သော ပရိတ်တရားတော်များ နာကြားကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နိုင်ငံတော်ဝိနည်းဓိုရ် နိုင်ငံတော်(သီးခြား) ဝိနည်းဓိုရ် ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်ချ တရားနာယူကြသည်။

**သာစုခေါ်ဆို**

ထို့အတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ကြီးမှူး၍ ၁၃၇၉ ခုနှစ် တပို့တွဲလပြည့် သြဝါဒပါတိမောက် မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက သြဝါဒပါတိမောက်အခမ်းအနားဆိုင်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ သြဝါဒပါတိ မောက် ရွတ်ဆိုပူဇော်ခြင်း၊ အခါတော်နေ့ အဓိဋ္ဌာန်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာစုခေါ်ဆိုခြင်းတို့ကို ပြုလုပ်ခဲ့ ကြောင်း သိရှိရသည်။

**သတင်း-ကိုကိုဇော်**

**ဓာတ်ပုံ-ဇော်မင်းလတ်၊ လှမိုး**

**❒ ကျောဖုံးမှ**

ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင် လုပ်ငန်းအားလုံး၏ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ထိုင်း-မြန်မာ နယ်စပ် ဖြတ်သန်းခရရှိငွေမှ ၁၀ ရာခိုင်နှုန်း နှင့် မိမိတို့၏ မြို့ပိုင်သာယာလှပရေး မြို့ခံ စေတနာရှင် အလှူရှင်ထည့်ဝင်လှူဒါန်းငွေများဖြင့် ကော့သောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လာရောက်လည်ပတ်သည့် ခရီးသွား ဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာအပန်းဖြေနိုင်ကြရေး စံချိန် စံညွှန်းများနှင့်အညီ တာဝန်ယူ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ် ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# (၁၉) ကြိမ်မြောက် အာဆီယံ - ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

**(၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ (19th SCI)အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီ (19th SCI)အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (19th SCI Meeting)ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည့်အတွက် အစည်းအဝေးကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက တာဝန်ရှိသူများကို ဖိတ်ကြားပြီး ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပခြင်းဖြစ်ပါကြောင်း။

အာဆီယံခေါင်းဆောင်များသည် ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထား၍ အာဆီယံ အသိုက်အဝန်းတစ်ရပ် (ASEAN Community)ကို စတင်ဖော်ဆောင်ရန် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ဘာလီကွန်ကော့ဒ်-၂ (Bali Concord-2) ကြေညာ စာတမ်းကို သဘောတူချမှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ စည်းမျဉ်းစည်းကမ်းအဖြစ် အာဆီယံ ပဋိညာဉ်စာတမ်း (The ASEAN Charter)ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း။

> **"အာဆီယံခေါင်းဆောင်များသည် ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထား၍ အာဆီယံ အသိုက်အဝန်းတစ်ရပ် (ASEAN Community) ကို စတင်ဖော်ဆောင်ရန် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ဘာလီကွန်ကော့ဒ် -၂ (Bali Concord-2) ကြေညာစာတမ်းကို သဘောတူချမှတ်ခဲ့"**

**အများသဘောတူညီချက်**

SCI အစည်းအဝေးများတွင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာဆုံးဖြတ်ချက်များနှင့်လက်ရှိပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ စီမံကိန်းများနှင့် စပ်လျဉ်းသည့် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ (ASEAN Cultural Fund) အကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းကြခြင်း၊ SCI Meeting အလှည့်ကျ ကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းများ စသဖြင့် အများသဘောတူညီချက်ဖြင့် ဆွေးနွေးဆုံးဖြတ်ကြပြီး ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပြန်ကြားရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးလေ့ရှိပါကြောင်း။

(၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေးကို မတ် ၅ ရက်မှ ၈ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ Sky Star Hotel တွင် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားနိုင်ရေးအတွက် အကြံပြုဆွေးနွေးစရာများရှိပါက ယခု အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး ကို မြန်မာနိုင်ငံ က အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဇေယျာက (၁၉)ကြိမ်မြောက် အာဆီယံ-ပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပရေးလုပ်ငန်းစီမံချက်နှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ ခွဲဝေထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေးသို့ လာရောက်မည့် ကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများ ကျင်းပရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အစည်းအဝေးတက်ရောက်မည့် အာဆီယံကိုယ်စားလှယ်များ သွားလာရေးနှင့် စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေးသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက တက်ညီလက်ညီဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

---

**တိမ်အသင့်အတင့်ဖြစ်ထွန်း**

**နေပြည်တော် ဇန်နဝါရီ ၃၁**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

---

# မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ သတ်မှတ်ကာလ လေးနှစ်ပြည့်ပြီးသည်အထိ မြေပြင်၌ အမှန်တကယ်စိုက်ပျိုးမှုမရှိသော မြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက် အမှာစကား ပြောကြားသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ မြေခွန်တော်ကောက်ခံသူ အရာရှိများ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်း သတ်မှတ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်အတိုင်း ပြင်ဆင်ပြုစုထားသည့် ညွှန်ကြားစာကိစ္စကို အပြီးသတ်ဆွေးနွေးကြသည်။

ထို့အတူ ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် ကိစ္စရပ်များနှင့် ခွင့်ပြုမိန့်ထုတ်ပေးရမည့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍ စိစစ်တင်ပြသည့် ကိစ္စရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများကိုလည်းကောင်း၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများနှင့် ပြည်နယ်လုပ်ငန်းအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြလာသည့် ကိစ္စရပ်များကိုလည်းကောင်း၊ လက်ရှိအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများကို လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားလာသည့် အမှုတွဲများ၊ စည်းကမ်းချက်ပါ သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်၌ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုမိန့်စာအသစ် ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ခရိုင်များအလိုက် ဖွဲ့စည်းခွင့်ပြုထားသည့် (အထူးအဖွဲ့) အမည်စာရင်းများ တင်ပြသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စည်းကမ်းချက်ပါ သတ်မှတ်ကာလ လေးနှစ်ပြည့်ပြီး ဖြစ်သော်လည်း သက်တမ်းတိုးမြှင့် လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြလာမှုများကို လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာ တင်သွင်းသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာရေးဘတ်ဂျက် တိုးမြှင့်ရေးဆိုရာဝယ်

**တက္ကသိုလ်ဆရာတစ်ဦး**

ပညာရေးဘတ်ဂျက်တိုးမြှင့်ရေးအတွက် တောင်းဆိုခဲ့ခြင်းနှင့်ပတ်သက်၍ အမှန်အတိုင်းသိစေရန် ပြည်သူအများကို ရှင်းလင်းတင်ပြလိုပါသည်။ ဖြစ်စဉ် ဖြစ်ရပ်များကိုသိရှိပြီး ဆင်ခြင်နိုင်ရန် ရည်ရွယ်ပါသည်။

တက္ကသိုလ်အချို့တွင် ကျောင်းသားသမဂ္ဂများဖွဲ့စည်းထားသည့်အနက် ရတနာပုံတက္ကသိုလ်ရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ(ဗ.က.သ)နှင့် ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ (ရ.တ.က.သ) နှစ်ခုလည်း အပါအဝင်ဖြစ်ပါသည်။ ဗ.က.သ အဖွဲ့က ပညာရေးညီလာခံကျင်းပရန် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့က ခွင့်တောင်းသည့်အတွက် ဇန်နဝါရီ ၂၀၊ ၂၁ ရက် များမှာ ကျင်းပနိုင်ရန် ခွင့်ပြုခဲ့ပါသည်။ လိုအပ်သည့် အကူအညီများကို ပေးခဲ့ပါသည်။ ဤသည်မှာ ယခုဖြစ်ရပ်၏ အခြေခံ အစပင်ဖြစ်ပါသည်။

**အေးချမ်းစွာ ပညာသင်ကြားမှု**

ရတနာပုံတက္ကသိုလ် ဗ.က.သ ကျောင်းသားများသည် ဗ.က.သ အဖွဲ့ချုပ်၏ ပညာရေးနှီးနှောဖလှယ်ပွဲကို ရတနာပုံတက္ကသိုလ်တွင် ၂၀-၁-၂၀၁၈ ရက်နေ့နှင့် ၂၁-၁-၂၀၁၈ ရက်နေ့ နှစ်ရက် ကျင်းပခဲ့ပါသည်။ ပညာရေးနှီးနှောဖလှယ်ပွဲ ကျင်းပပြီးသည့် ၂၂-၁-၂၀၁၈ ရက်နေ့တွင်မူ နှီးနှောဖလှယ်ပွဲလာသော ကျောင်းသားများသည် ရတနာပုံတက္ကသိုလ် ပင်မဆောင် အဆောက်အအုံရှေ့မျက်နှာစာတွင် စုဝေးမှု စတင်ပြုလုပ်ခဲ့ပါသည်။ ပညာရေးဘတ်ဂျက် တိုးမြှင့်ရရှိရေးအတွက် ဆန္ဒဖော်ထုတ်မည်ဟု သိရသည်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပညာရေးအဖွဲ့က ကျောင်းသားကျောင်းသူများ စာသင်ခန်းများအတွင်း အေးချမ်းစွာ ပညာသင်ကြားမှုကို အနှောင့်အယှက်မဖြစ်စေလိုကြောင်း၊ လိုအပ်ချက်များကို အေးချမ်းစွာ တင်ပြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ရတနာပုံတက္ကသိုလ် ဗ.က.သ အဖွဲ့ချုပ်ဥက္ကဋ္ဌ မောင်ကျော်သီဟရဲကျော်က ရတနာပုံတက္ကသိုလ် ကျောင်းသားများကို တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်း (UTC) သင်တန်းများ တက်ရောက်ခွင့်ပြုထားသောကြောင့် ၎င်းတို့လည်း လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ရှိကြောင်း ပြောကြားပြီး ကျောင်းဝင်းအတွင်း စာသင်ခန်းများအနီးတွင် လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။

ကျောင်းစာသင်ချိန်အတွင်း အသံချဲ့စက်များဖြင့် ဆန္ဒဖော်ထုတ် တောင်းဆိုကြသည်မှာ ပညာရေးဘတ်ဂျက် တိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်း လုံလောက်ရေး၊ ကျောင်းတွင်းအဆောင်များ တည်ဆောက်ရေးတို့ ဖြစ်ပါသည်။

နေ့လယ်ပိုင်းတွင် ပါမောက္ခချုပ်နှင့်အဖွဲ့က ကျောင်းသားခေါင်းဆောင်များကို ခေါ်ယူဆွေးနွေးခဲ့ရာ ၎င်းတို့က ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများ လာရောက် မဆွေးနွေးမချင်း သပိတ်စခန်းဖွင့်ကာ လှည့်လည်ဆန္ဒပြနေမည်ဖြစ်ကြောင်း ပြောပါသည်။



ဇန်နဝါရီ ၂၂ ရက်က ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဗ.က.သ ကျောင်းသားခေါင်းဆောင် ခုနစ်ဦးတို့ ရတနာပုံတက္ကသိုလ် အစည်းအဝေးခန်းမ - ၁ ၌ တွေ့ဆုံဆွေးနွေးစဉ်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် ဆက်လက်၍ အသံချဲ့စက်များဖြင့် တောင်းဆိုချက်များကို အော်ဟစ်ကာ ဆန္ဒဖော်ထုတ်နေခဲ့ပါသည်။ ၂၂-၁-၂၀၁၈ ည ၇ နာရီတွင် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် အပါအဝင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ခုနစ်ဦးနှင့် ဗ.က.သ ကျောင်းသားခေါင်းဆောင် ခုနစ်ဦးတို့ အစည်းအဝေးခန်းမ - ၁ တွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ထံတွင် တောင်းဆိုချက် သုံးချက်ကို တင်ပြခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ်က တောင်းဆိုသည့်အချက် သုံးချက်အနက် ကျောင်းတွင်းအဆောင်များရရှိရန်နှင့် သင်ထောက်ကူပစ္စည်း လုံလောက်စွာထားရှိရန်တို့နှင့် ပတ်သက်၍ လာမည့်နှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကျောင်းသား ကျောင်းသူ အိပ်ဆောင် စုစုပေါင်း ၇၁ ဆောင် ဆောက်လုပ်ရန် စီစဉ်ပြီးဖြစ်ကြောင်းနှင့် သင်ထောက်ကူပစ္စည်းများအတွက် ယခင်က ကျောင်းသား ၁၀ ဦးလျှင် တစ်ခုနှုန်းအသုံးပြုရန် ထောက်ပံ့ပေးခဲ့ရာမှ ယခု ငါးယောက်လျှင် တစ်ခုနှုန်း သုံးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကြားပါသည်။

နံပါတ် -၁ အချက်ကိုမူ ဦးစီးဌာနက ပညာရေးအသုံးစရိတ်အတွက် တိုးမြှင့်တောင်းဆိုပေးပါရန် ဝန်ကြီးရုံးသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ကျောင်းသားများက ညှိနှိုင်းမှုအပေါ် ၎င်းတို့ချင်း ဆွေးနွေးတိုင်ပင်မည်ဟုဆိုကာ ၁၅ မိနစ်ခန့် ခွင့်ပြုပါရန် ပြောဆိုပါသည်။

၎င်းအချိန်အတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက လွှတ်တော်ရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်တောင်းဆိုရန် ဖုန်းဖြင့် ညှိနှိုင်းပေးရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ စာတင်၍ တွေ့ဆုံခွင့်တောင်းပြီး တွေ့ဆုံခွင့်ရှိသည့်ရက် ရရှိပါက ပြည်သူ့လွှတ်တော် (I-13) တွင် တွေ့ဆုံခွင့် ရရှိနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

၁၅ မိနစ် ဆွေးနွေးပြီး ပြန်ဝင်လာသောအခါ ကျောင်းသားခေါင်းဆောင် မောင်ရာဇာထွန်းက ၎င်းတို့ လွှတ်တော်သို့မသွားနိုင်ကြောင်း၊ လွှတ်တော်ရှိ ဘတ်ဂျက်တိုးမြှင့်ရေးအတွက် အခွင့်အာဏာအပြည့်အဝရှိသော ကိုယ်စားလှယ်အဖွဲ့က ကျောင်းသားများထံသို့ လာရောက်မဆွေးနွေးမချင်း ဆန္ဒဖော်ထုတ်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောပါသည်။ အစည်းအဝေးကို ည ၉ နာရီခန့်တွင် ရပ်နားခဲ့ပြီး ၂၃-၁-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီတွင် ပြန်လည်တွေ့ဆုံရန် သဘောတူခဲ့ကြပါသည်။

၂၃-၁-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ကျောင်းသားခေါင်းဆောင်များ တွေ့ဆုံခဲ့ကြပါသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက ကျောင်းသားခေါင်းဆောင် ခုနစ်ဦးကို ပညာရေးဝန်ကြီးဌာန အသုံးစရိတ် တိုးမြှင့်ရရှိရေးအတွက် လွှတ်တော်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ကို လက်ခံရန် ညှိနှိုင်းပါသည်။ သဘောတူပါက နေပြည်တော်သို့သွားရန် ကားများ စီစဉ်ပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့ပါသည်။

ဗ.က.သ ခေါင်းဆောင် မောင်ကျော်သီဟရဲကျော်က နေပြည်တော်သို့ မသွားနိုင်ကြောင်း တုံ့ပြန်ဖြေကြားသဖြင့် ရတနာပုံတက္ကသိုလ် ဆရာများသမဂ္ဂ အဖွဲ့ဝင်တစ်ဦးက ကြားဝင်ညှိနှိုင်းပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပညာရေးအသုံးစရိတ်သည် နိုင်ငံတော်အသုံးစရိတ် စုစုပေါင်း၏ ၅ ဒသမ ၉ ရာခိုင်နှုန်းမှ တစ်နှစ်ချင်းတိုးလာပုံ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၅၃ ရာခိုင်နှုန်းအထိ တိုးမြှင့်လာသည့် ကိန်းဂဏန်းများကို ရှင်းပြပါသည်။

**အသုံးစရိတ်များစိစစ်**

လွှတ်တော်ရှိ ဘတ်ဂျက်စီမံခန့်ခွဲရေးကော်မတီ ၁၃ ခုက ဝန်ကြီးဌာနအသီးသီးမှ အချက်အလက်များဖြင့် တင်ပြတောင်းဆိုလာသော အသုံးစရိတ်တောင်းဆိုမှု Proposal များကို စနစ်တကျ စစ်ဆေးစိစစ်ရကြောင်း၊ ကော်မတီအားလုံးက သဘောတူသည့် ဘတ်ဂျက်ငွေပမာဏကို လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုပေးရကြောင်း ရှင်းပြပါသည်။

ကျောင်းသားများ ယခုတောင်းဆိုနေသော ပညာရေးဘတ်ဂျက် ၁၅ ရာခိုင်နှုန်းအထိ တိုးပေးရန်နှင့် အခွင့်အာဏာအပြည့်ရှိသည့် ပုဂ္ဂိုလ်များက ကျောင်းသားများထံ လာရောက်ဆွေးနွေးရန် တောင်းဆိုနေမည့်အစား အမှန်တကယ်ဆောင်ရွက်ခွင့်ရှိသော လွှတ်တော်သို့ သွားရောက်သင့်ကြောင်း အကြိမ်ကြိမ်ဆွေးနွေးပြောကြားသော်လည်း ဗ.က.သ ကျောင်းသားများအဖွဲ့က လက်ခံနိုင်ခြင်းမရှိဘဲ ဆန္ဒဖော်ထုတ်မှုကို အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်မည်ဟု ကြေညာခဲ့ကြသည်။ ထို့ပြင် အစာငတ်ခံ ဆန္ဒပြပွဲများပြုလုပ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။

ယခုတောင်းဆိုနေပုံမှာ နိုင်ငံတော်အစိုးရကို အကျပ်အတည်းတွေ့စေခြင်း၊ အခြေအနေအချိန်အခါနှင့် မကိုက်ညီသော တောင်းဆိုပုံဖြစ်ခြင်းတို့ကြောင့် ပြန်လည်စဉ်းစားကြပါရန် ရတနာပုံတက္ကသိုလ်ဆရာများသမဂ္ဂ အဖွဲ့ဝင်တစ်ဦးကလည်း တိုက်တွန်းပါသည်။ ထိုအခါ ကျောင်းသားခေါင်းဆောင်များက ၁၅ မိနစ် ဆွေးနွေးရန် ခွင့်တောင်း၍ အစည်းအဝေးခန်းက ထွက်သွားပြီး ပြန်ဝင်လာသောအခါ လက်မခံနိုင်၊ ၁၅ ရာခိုင်နှုန်းတိုးပေးပါမည်ဟု အာမခံစာချုပ်တွင် လက်မှတ်ထိုးပေးနိုင်သည့် အခွင့်အာဏာရှိသူများ မလာမချင်း ဆက်လက်၍ ဆန္ဒဖော်ထုတ်မည်ဟု ပြောပါသည်။

ကျောင်းသားများသည် ၂၄-၁-၂၀၁၈ ရက်နေ့တွင် ကျောင်းဝင်းအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်ဆန္ဒဖော်ထုတ်ခြင်း၊ စာသင်ခန်းများအတွင်း အလံများဖြင့် ဝင်ရောက်ခြင်းများ ဆက်လက်ပြုလုပ်ခဲ့ကြသည်။ ၂၄-၁-၂၀၁၈ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ကျောင်းသားခေါင်းဆောင် ခုနစ်ဦးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပါသည်။ လွှတ်တော်သို့ တစ်ဆင့်တက်ခွင့်ရရန် အခွင့်အရေးကိုယူကာ သွားရောက်ဆွေးနွေးစေလိုကြောင်း ပြောကြားပါသည်။ ထို့နောက် ကျောင်းသားများက ဘတ်ဂျက်ရာခိုင်နှုန်း မည်မျှတိုးမည်ကို စာချုပ်လက်မှတ်ရေးထိုးပြီး ဆောင်ရွက်မပေးပါက ဆွေးနွေးပွဲ မအောင်မြင်ကြောင်း ပြောကြားပြီး အစည်းအဝေးခန်းမှ ထွက်သွားခဲ့ကြပါသည်။

**စာသင်ကြားမှုကို အနှောင့်အယှက်ဖြစ်**

ဆန္ဒဖော်ထုတ်မှုတွင် ပါဝင်သော ကျောင်းသားကျောင်းသူများသည် ရတနာပုံတက္ကသိုလ် စာသင်ခန်းများအတွင်း ဝင်ရောက်၍ ဟောပြောစည်းရုံးခြင်း၊ ဆရာဆရာမများ၏ စာသင်ကြားမှုကို အနှောင့်အယှက်ဖြစ်ခြင်းတို့ကြောင့် စာသင်ကြားနေသော ကျောင်းသားများက မခံမရပ်နိုင်ဖြစ်ပြီး ပဋိပက္ခအသွင် ဆောင်လာပါသည်။ သို့ဖြစ်ပါ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ ဆန္ဒထုတ်ဖော်သော ကျောင်းသားများအား လူစုခွဲပြီး ရတနာပုံတက္ကသိုလ် ပင်မဆောင်အတွင်းမှ ဖယ်ရှား၍ မိဘရပ်ထံ ဆရာ ဆရာမများ ကိုယ်တိုင်ပို့ဆောင်အပ်နှံရန် စီစဉ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ၂၅-၁-၂၀၁၈ ရက်နေ့ နံနက် ၄နာရီ ၁၅ မိနစ်တွင် Express မော်တော်ယာဉ်များဖြင့် ဆရာဆရာမများ လိုက်ပါလျက် မန္တလာသီရိအားကစားကွင်းသို့ ပို့ဆောင်ပေးခဲ့ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အချင်းချင်း ချိတ်ဆက်ကူညီပေးမှုဖြင့် ကျောင်းသား ကျောင်းသူ ၇၂ ဦးကို ဆရာ ဆရာမများ လိုက်ပါလျက် သက်ဆိုင်ရာတက္ကသိုလ်များမှတစ်ဆင့် အုပ်ထိန်းသူမိဘများထံ ကောင်းမွန်စွာ ပြန်လည်ပို့ဆောင် ပေးခဲ့ပါသည်။

**စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ**

သို့သော်လည်း ပြန်ပို့ပြီးနောက်ရက်တွင် ကျောင်းအတွင်းသို့ ထပ်မံဝင်ရောက်လာပြီး သမဂ္ဂရုံးခန်းအတွင်း ဝင်ရောက်စုရုံးကြသည်။ ထို့ကြောင့် ရတနာပုံတက္ကသိုလ်မှ ကျောင်းသား ၁၂ ဦးအား တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ အပိုင်း (ဃ) အပိုဒ်(၁) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုများအမှတ်စဉ်(၆)၊ ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာ အမှတ်စဉ်(၁)တို့ကို ဖောက်ဖျက်ကျူးလွန်သောကြောင့် ၂၆-၁-၂၀၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ရတနာပုံတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ သင်တန်းမှရပ်စဲခဲ့ပါသည်။ သို့သော် ယင်းသို့ ပညာသင်ကြားမှု ရပ်စဲခံရသော ကျောင်းသားများအား မိဘများ၏ အသနားခံမှုဖြင့် ပြန်လည်ပညာသင်ကြားခွင့်ရခဲ့ဖူးသော ယခင်က ဖြစ်စဉ်များလည်း ရှိခဲ့ပါသည်။

"လူတော်ဖြစ်ရေး ကြိုးစားပေး၊ လူကောင်းဖြစ်ဖို့ လေ့ကျင့်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာပြည့်ဝနလုံးလှသော လူငယ်များဖြစ်လာစေရန် မိခင်တက္ကသိုလ်ကြီးများက ဆောင်ရွက်ပေးလျက်ရှိကြပါသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် မြန်မာတို့ ပညာရေးမြင့်မားတိုးတက်အောင် ဆောင်ရွက်လိုကြသည်မှာ တစ်ပြည်လုံး၊ တစ်မျိုးသားလုံး၏ ဆန္ဒဖြစ်ပါသည်။ ထို့ကြောင့် "မြန်မာ့ပညာရေး တိုးတက်အောင် စိတ်စေတနာကောင်းဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့" ဟု တိုက်တွန်းလိုက်ရပါသတည်း။ ။

**"ကျောင်းသားများ ယခုတောင်းဆိုနေသော ပညာရေးဘတ်ဂျက် ၁၅ ရာခိုင်နှုန်း အထိတိုးပေးရန်နှင့် အခွင့်အာဏာအပြည့်ရှိသည့် ပုဂ္ဂိုလ်များက ကျောင်းသားများထံ လာရောက်ဆွေးနွေးရန် တောင်းဆိုနေမည့်အစား အမှန်တကယ် ဆောင်ရွက်ခွင့်ရှိသော လွှတ်တော်သို့ သွားရောက်သင့်ကြောင်း အကြိမ်ကြိမ် ဆွေးနွေးပြောကြားသော်လည်း ဗ.က.သ ကျောင်းသားများအဖွဲ့က လက်ခံနိုင်ခြင်းမရှိဘဲ ဆန္ဒဖော်ထုတ်မှုကို အရှိန်အဟုန်တိုးမြှင့် လုပ်ဆောင်မည်ဟု ကြေညာ"**

**အများအားဖြင့် သာယာမည်**

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

✪ *ရှေ့ဖုံးမှ*

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ရယူအတည်ပြု**

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ကို ရယူအတည်ပြုသည်။

**ပြန်လည်ရှင်းလင်း**

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ** အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင်၏ အကြံပြုဆွေးနွေးချက်ပါ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် အတိုးနှုန်းကြောင့် အစိုးရငွေတိုက်စာချုပ် အတိုးနှုန်းမြင့်မားနေကြတာ ဖြစ်ပါတယ်** ဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် အစိုးရဘတ်ဂျက်လိုငွေကို ယခင်က အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းခဲ့ပါကြောင်း၊ အစိုးရဘတ်ဂျက်လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ချေးငွေဖြင့် ဖြည့်ဆည်းခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ရေးကို များစွာအားနည်းစေပါကြောင်း။

ထို့ကြောင့် အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များကို ငွေကြေးဈေးကွက်အတွင်း ရောင်းချခြင်းဖြင့် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းနိုင်ရန်နှင့် ငွေကြေးဈေးကွက် ဖြစ်ထွန်းရန် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

လက်မှတ်များကို ရောင်းချရာတွင် ရင်းနှီးမြှုပ်နှံလိုသူများမှ အတိုးနှုန်းနှင့်ပမာဏကို အဆိုပြုရပြီး အသင့်လျော်ဆုံးနှင့် အတိုးနှုန်းအနည်းဆုံးကို လေလံစနစ်နှင့် ရွေးချယ်ရောင်းချခြင်း ဖြစ်သည့်အတွက် ဈေးကွက်ကပြဋ္ဌာန်းသည့် အတိုးနှုန်းကို ဖြစ်ပေါ်ပါကြောင်း။

အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအတွက် အစိုးရကပေးရသည့် အတိုးနှုန်းသည် Treasury Bill, Treasury Bond Auction မှ သတ်မှတ်သော အတိုးနှုန်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် ဗဟိုဘဏ်နှုန်းနှင့် သီးခြားစီဖြစ်ပါကြောင်း၊ နိုင်ငံတကာငွေရေးကြေးရေးဈေးကွက်ကို ကြည့်ပါက အစိုးရငွေတိုက်စာချုပ်များ၏ အတိုးနှုန်းမြင့်တက်ပါက ဘဏ်အချင်းချင်း ချေးငွေအတိုးနှုန်းလျော့ကျပြီး ဘဏ်အတိုးနှုန်းမြင့်တက်ပါက အစိုးရငွေတိုက်စာချုပ် အတိုးနှုန်းကျဆင်းသည့် ဈေးကွက်အခြေအနေကို တွေ့ရမည် ဖြစ်ပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ချုပ်ဆိုခဲ့သည့် အစိုးရငွေချေးသက်သေခံ လက်မှတ်များဆိုင်ရာ သဘောတူစာချုပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား အစိုးရငွေတိုက်လက်မှတ်များကို လေလံစနစ်ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်ရောင်းချခဲ့ပြီး အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် Treasury Bill, Treasury Bond Auction အရ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သုံးလ အစိုးရငွေတိုက်လက်မှတ်အတိုးနှုန်းသည် ပျမ်းမျှ ၇ ရာခိုင်နှုန်းခန့်၊ ၆လ အစိုးရငွေတိုက်လက်မှတ်အတိုးနှုန်းသည် ပျမ်းမျှ ၈ ဒသမ ၄ ရာခိုင်နှုန်းခန့်နှင့် တစ်နှစ် အစိုးရငွေတိုက်လက်မှတ်အတိုးနှုန်းသည် ပျမ်းမျှ ၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး အစိုးရငွေတိုက်စာချုပ် အတိုးနှုန်းများသည် နှစ်အလိုက် ၉ ရာခိုင်နှုန်း၊ ၉ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အတိုးနှုန်းကိုကြည့်ပါက အစိုးရအနေဖြင့် မိမိ၏ကာလအလိုက် ဘဏ္ဍာငွေလိုအပ်ချက်ကိုကြည့်ပြီး အတိုးနှုန်း ၇ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းနှင့် Treasury Bill ရောင်းချနိုင်အောင် ဆောင်ရွက်၍ရသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

**အတိုးနှုန်းသည် အဓိကကျ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်သည် ပြည်တွင်းဈေးနှုန်း တည်ငြိမ်ရေးဖြစ်သည့်အတွက် ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းနိုင်ရန် ငွေကြေးမူဝါဒကို ချမှတ်ကျင့်သုံးပါကြောင်း၊ ငွေကြေးမူဝါဒကို ထိန်းသိမ်းရာတွင် အတိုးနှုန်းသည် အဓိကကျပါကြောင်း၊ စီးပွားရေးစနစ်အတွင်း သင့်လျော်သောအတိုးနှုန်း သတ်မှတ်ရန်အတွက် အရေးကြီးပါကြောင်း၊ သင့်လျော်သော အတိုးနှုန်းရှိသည့် ငွေကြေးစနစ်မှသာ ထိုက်သင့်သော စီးပွားရေးတိုးတက်မှုနှုန်းကို လျော်ကန်သော ငွေကြေးဖောင်းပွမှုနှုန်းနှင့် ရရှိဖြတ်သန်းနိုင်မည် ဖြစ်ပါကြောင်း။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ
ဦးစိုးမင်း

သင့်လျော်သော အတိုးနှုန်းရရှိအောင် Macroeconomic Variable များကို အခြေခံရပါကြောင်း၊ အဓိက Variable များမှာ တိုင်းပြည်စီးပွားရေးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှု၊ ငွေကြေးဖောင်းပွမှု၊ ကုန်သွယ်မှု၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှု၊ စီးပွားရေးစနစ်အတွင်း ငွေကြေးပမာဏ၊ ဘဏ်စနစ်အတွင်းရှိ ငွေကြေးပမာဏစသည်တို့ကို ထည့်သွင်း စဉ်းစားရပါကြောင်း၊ အတိုးနှုန်းမှာ အခြေခံအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းကို ကာမိရန်လိုအပ်ပါကြောင်း၊ သို့မှသာ စုဆောင်းမှုကို ဆွဲဆောင်မှုပြုနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိကဘဏ်များမှ အပ်နှံငွေကိုကြည့်ပါက အပ်နှံငွေ စုစုပေါင်း ဘီလီယံ ၂၇၀၀၀ တွင် Saving and Fixed Deposit သည် ဘီလီယံ ၂၂၀၀၀ ရှိသဖြင့် အပ်ငွေများ၏ ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းစုဆောင်းငွေများသည် အခြေခံနှင့် အလယ်အလတ် လူတန်းစားများနှင့် ပင်စင်လစာကို မှီခိုကြရသည့် ပင်စင်စားများ၊ စီးပွားရေးလုပ်ငန်းများနှင့် များစွာ ဆက်စပ်မှု မရှိသည့် ပြည်သူများ၏ အပ်နှံငွေများ ဖြစ်ပါကြောင်း၊ အတိုးနှုန်းချလိုက်သည့်အတွက် Saving မအပ်ကြခြင်းသည် ငွေကြေးစနစ်ကို ထိခိုက်မည်ဆိုခြင်းထက် အခြေခံပြည်သူများကို ရိုက်ခတ်ခြင်းသည် နိုင်ငံ၏ စီးပွားရေးနယ်ပယ်သာမက လူမှုရေး၊ နိုင်ငံရေးနယ်ပယ်အထိ ကြီးမားသော ထိရောက်မှုများကို ဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း။

**အခွင့်အလမ်းများရှိ**

ထို့ကြောင့် စီးပွားရေးစနစ်တစ်ခုလုံးနှင့် အခြေခံပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းလျှော့ချမှုပြုလုပ်မည် မဟုတ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေအတိုး ၁၃ ရာခိုင်နှုန်းအောက် လျှော့ချနိုင်အောင် ဘဏ်များနှင့် ညှိနှိုင်းရန် အခွင့်အလမ်းများ ရှိပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)**ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏သဘောဆန္ဒကိုရယူ၍ **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)**ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

**"အစိုးရဘတ်ဂျက်လိုငွေကို ယခင်က အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းခဲ့ပါကြောင်း၊ အစိုးရဘတ်ဂျက်လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ချေးငွေဖြင့် ဖြည့်ဆည်းခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ရေးကို များစွာ အားနည်းစေ"**

# "ကျွန်တော်တို့ အတ္တတွေကင်းဖို့ လိုသလို အားလုံးငြိမ်းချမ်းရေးကို လိုလားဖို့ လိုပါတယ်"

**ဦးမျိုးဇော်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

နေပြည်တော် ဇန်နဝါရီ ၃၁

**ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခေါင်းဆောင်သည့် ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်၍ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ လာရောက်လေ့လာခဲ့ကြသည်။**

ထိုသို့လာရောက်လေ့လာခဲ့ကြသူများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် လေ့လာရေးအဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ၎င်းတို့၏အမြင်များကို မေးမြန်းဖော်ပြလိုက်ပါသည်။

**ဦးမျိုးဇော်အောင်**
**ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ လက်ရှိဖြစ်စဉ်တွေမှာ ပြဿနာအချို့ ရှိနေတယ်ဆိုတာ ကြားရတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ရှေ့ကိုရောက်လာတာတွေလည်းရှိပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်အားစိုက်ပြီး ကျော်လွှားနေတယ်ဆိုတာ မြင်ရတယ်။ ကျွန်တော့်ဆန္ဒကတော့ တိုင်းပြည် ငြိမ်းချမ်းစေချင်တယ်။ ငြိမ်းချမ်းရေးရမှပဲ တိုးတက်ရာ တိုးတက်ကြောင်း အများကြီးပိုလုပ်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရအောင် သူများကို တိုက်တိုက်တွန်းတွန်းပြောသလို ကိုယ်တိုင်လည်း ထဲထဲဝင်ဝင်ပါနိုင်အောင် ကြိုးစားနေပါတယ်။ ဒီလေ့လာရေးခရီးစဉ်မှာ ပါတဲ့သူတွေဟာ ကျေးရွာအသီးသီးက ပြည်သူတွေကြားထဲ ငြိမ်းချမ်းရေးအသိစိတ်တွေရောက်အောင် မျှဝေနိုင်တဲ့သူတွေဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ အတ္တတွေကင်းဖို့လိုသလို အားလုံးငြိမ်းချမ်းရေးကို လိုလားဖို့လိုပါတယ်။



ဦးမျိုးဇော်အောင်
ကောလင်းမြို့နယ်
ပြည်သူ့
လွှတ်တော်
ကိုယ်စားလှယ်

**ဦးတင်ဆန်း**
**ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊**
**လူငယ်ဖော်ဆောင်ရေးအဖွဲ့ဝင်**

ကျွန်တော်တို့က လူငယ်တွေကို ငြိမ်းချမ်းရေးဖြစ်စဉ်တွေသိစေချင်တဲ့အတွက် ဒီကိုရောက်လာခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူသားလောကတစ်ခုလုံးအတွက် အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးကို လူတိုင်းလိုချင်ပါတယ်။ ငြိမ်းချမ်းရေးဟာ လူသားတစ်ရပ်လုံးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး သိရှိခံစားကြဖို့၊ ကျွန်တော်တို့ မြို့နယ်ပြည်သူတွေ ငြိမ်းချမ်းရေးအသိစိတ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထဲထဲဝင်ဝင်သိရှိနိုင်ဖို့ ဒီကိုလာပြီးတော့ နားထောင်တယ်၊ ပြီးတော့ ထပ်ဆင့်ဖြန့်ဝေမှာဖြစ်ပါတယ်။ ဒီနေ့လေ့လာရေးခရီးစဉ်မှာ စုစုပေါင်း ၉၆ ဦးပါဝင်ပါတယ်။ ဒီလူအင်အားဟာ ကောလင်းမြို့နယ်ရဲ့ နေရာနယ်စုံကဖြစ်လို့ တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ ထဲထဲဝင်ဝင်သိရှိအောင် မျှဝေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ဦးတင်ဆန်း
ကောလင်းမြို့နယ်
အမျိုးသား
ဒီမိုကရေစီ
အဖွဲ့ချုပ်၊
လူငယ်
ဖော်ဆောင်ရေး
အဖွဲ့ဝင်

**မဇင်မာသိမ့်၊ ကောလင်းမြို့နယ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူငယ်တာဝန်ခံ**

ကျွန်မတို့ အခုငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီးလေ့လာတဲ့အခါမှာ မသိသေးတာတွေကို သိခဲ့ရတယ်။ လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အမှန်တကယ် သိသင့်ပါတယ်။ သိမှလည်း ကိုယ်လုပ်ချင်တဲ့၊ ကိုယ်ဖြစ်ချင်တဲ့ပန်းတိုင်ကိုမြင်ပြီးတော့ ကိုယ်လျှောက်နေတဲ့ခရီးကိုလည်း ပြတ်ပြတ်သားသားသိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အားလုံး သိသင့်သိထိုက်တယ်လို့ ယုံကြည်ပါတယ်။ ။ **သတင်းအဖွဲ့**



မဇင်မာသိမ့်
ကောလင်းမြို့နယ်
အမျိုးသား
ဒီမိုကရေစီ
အဖွဲ့ချုပ်၊
လူငယ်တာဝန်ခံ

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃၁

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

**ဖိလစ်ပိုင်နိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

နှစ်နိုင်ငံပြည်သူများ ငြိမ်းချမ်းရေး၊ တိုးတက်စည်ပင်ရေးနှင့် ပြည့်စုံကြွယ်ဝရေးတို့အတွက် ဖိလစ်ပိုင်နှင့် မြန်မာ အတူတကွ အနီးကပ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှစ်နိုင်ငံစလုံး၏ တိုးတက်စေလိုသော ဘုံဆန္ဒများ အကောင်အထည်ပေါ်ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားပါသည်။

ထို့အပြင် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်စေရန် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်လုပ်ဆောင်မှုများ၌ ကတိကဝတ်ပြုရမည့် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

**ရိုမေးနီးယားနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ရိုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာ ကလောက်စ်ဗမ်နာ ယိုဟမ်နစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းပြီး သာယာပျော်ရွှင်မှုအပေါင်း ခဿောင်းပါစေကြောင်း စေတနာကောင်းဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

အခုလိုမင်္ဂလာရှိသော အချိန်အခါသမယတွင် ရိုမေးနီးယားနိုင်ငံနှင့် မြန်မာနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ ဆတက်ထမ်းပိုးတိုးတက်ပြီး နှစ်နိုင်ငံအကျိုးများစေမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ သီအိုဒိုးမဲလ်လစ်စကန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် အဆွေတော်နှင့် ချစ်ခင်ဖွယ်ကောင်းသော မြန်မာပြည်သူများ အေးချမ်းသာယာပါစေကြောင်းနှင့် အောင်မြင်ကြပါစေကြောင်း ဆန္ဒမွန်ကောင်းတောင်းကာ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်အခွန့်ရှည်ကြာတိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံအကျိုးဆပွားတိုးမည်ဟု အပြည့်အဝ ယုံကြည်လျက်ရှိကြောင်းစသည်ဖြင့် ဖော်ပြပါရှိပါသည်။

## အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ပတ်သက်သော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် Adam Smith International အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ပတ်သက်သော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ဖေဖော်ဝါရီ ၁ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့အကြို သံဃာတော်များအား ပေါင်းမြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲနှင့် စာရေးတံမဲ လှူဒါန်းပွဲကို ဇန်နဝါရီ ၃၁ ရက်က ကဒါရပ်ကွက်၌ ပြုလုပ်စဉ်။** ခင်မောင်ဝေ(ပေါင်)

## နယ်မြေအခြေအနေအရ နေရပ်ပြန်မည့် ရွှေ့ပြောင်းအလုပ်သမားများ မိုးကောင်းမြို့သို့ ရောက်ရှိ

**မိုးကောင်း ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် တနိုင်းဒေသ ရွှေမှော်ပယင်းမှော်များမှ နယ်မြေအခြေအနေအရ နေရပ်ဒေသသို့ ပြန်ကြမည့် ရွှေ့ပြောင်းအလုပ်သမားများ ဇန်နဝါရီ ၃၁ ရက် မွန်းတည့် ၁၂နာရီက မိုးကောင်းမြို့သို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက မိုးကောင်းသာသနာ့ဗိမာန်၌ ယာယီနေထိုင်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

တနိုင်းဒေသ ရွှေမှော်ပယင်းမှော်များဖြစ်ကြသည့် နမ့်ကွမ်းမှော်၊ ဇီးဖြူကုန်းမှော်များမှ ရွှေ့ပြောင်းအလုပ်သမား အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်စုစုပေါင်း ၂၀ ဦးသည် UD-၁၀ဘီး ယာဉ်ဖြင့် မိုးကောင်းမြို့သို့ ရောက်ရှိလာရာ မိုးကောင်းသာသနာ့ဗိမာန်တော်ကြီး၌ ယာယီတည်းခိုခွင့်ပြုထားပြီး စားသောက်ရေးနှင့် နေထိုင်ရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ပေးထားကာ ၎င်းတို့၏ နေရပ်ဒေသသို့ ပြန်လည်ပို့ဆောင်နိုင်ရန် မီးရထားလက်မှတ်နှင့် လမ်းခရီးစရိတ်များ စီစဉ်ပေးထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၃၁

**ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်၍ ငြိမ်းချမ်းရေးအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လာရောက်လေ့လာကြသည်။** (ယာပုံ)

**ညှိနှိုင်းဆောင်ရွက်**

လေ့လာရေးခရီးစဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက လက်ရှိအစိုးရစတင်ဖွဲ့စည်းချိန်မှစ၍ အဓိကထား ဆောင်ရွက်ခဲ့သည့် ရည်မှန်းချက်သုံးရပ်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ပင် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် အားလုံး၏ သဘောတူညီချက် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး NCA လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်က လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ငြိမ်းချမ်းရေးဆောင်ရွက်ချက်**


ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသသည်။


ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။



**သတင်းစဉ်**



# အာဆီယံနှင့် ယနေ့မော်တော်ကား ထုတ်လုပ်မှုစနစ်

**ရဲခေါင် (စက်မှု)**

**၂၁.၁၁.၂၀၁၇ရက်နေ့ Park Royal Hotel ၌ စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတရားဝင် အသိအမှတ်ပြုမော်တော်ယာဉ် ဖြန့်ဖြူးရောင်းချသူများအသင်း (MAADA) တို့ပူးပေါင်းကျင်းပသည့် ASEAN Automotive Industry and Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် Press Conference သို့ ကျွန်တော့်အား ဖိတ်ကြား၍ တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကျန်အာဆီယံနိုင်ငံများ၏ မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအထွေထွေမန်နေဂျာတို့က မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းစံချိန်စံညွှန်း သတ်မှတ်ခြင်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရာတွင် Safety နှင့်ပတ်သက်၍ UNECE (United Nations Economics Commission For Europe) Regulation ကိုအခြေခံပြီး Harmonization Process ရရှိစေနိုင်ရေးအတွက် ACCSQ (ASEAN Consultative Committee on Standards and Quality) ရှိ APWG (Automotive Product Working Group) တို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ် ပြောကြားသွားခဲ့ကြပါသည်။**

ကျွန်တော်နားလည်သည်မှာ ယခုအခါ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် သော်လည်းကောင်း၊ အာဆီယံ-ဂျပန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-အမေရိကန်၊ အာဆီယံ-အီးယူ၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-အိန္ဒိယစသည့် နိုင်ငံများနှင့် သော်လည်းကောင်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာတွင် ဝင်ဆံ့နိုင်သော နိုင်ငံတစ်ခုဖြစ်ရန် အလွန်အရေးကြီးလှပေသည်။ ပူးပေါင်းဆောင်ရွက်ရမည့်အချိန်လည်း ဖြစ်နေပေသည်။ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် တစ်သားတည်း (Harmonize) ဖြစ်နေရန် လိုပေသည်။

သို့ဖြစ်ရာ ကျွန်တော်တို့ နိုင်ငံအနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်မှုအပိုင်းတွင် အာဆီယံကျန်နိုင်ငံများနှင့် အမီလိုက်နေရန် လိုအပ်ပေသည်။ တစ်ချိန်က ၁၉၆၂ ခုနှစ်၊ ၁၉၆၅ ခုနှစ်ခန့်က မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံများက လာရောက်လေ့လာခဲ့ရသည့် သာဓကများ ရှိခဲ့ပါသည်။ အထူးသဖြင့် ထိုအချိန်က အမှတ်(၂) စက်မှုဝန်ကြီးဌာန အကြီးစားထုတ်လုပ်မှုလုပ်ငန်းက ထုတ်လုပ်သည့် ဟီးနိုး တီအီးယာဉ်များ၊ ဟီးနိုးဘီအမ် ဘတ်စ်ကားများ၊ မာစတာဂျစ် ယာဉ်များသည် အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံတစ်ခုတည်းသာ စက်ရုံတည်၍ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး စက်ရုံမှ ယာဉ်တစ်စီးရှိ အစိတ်အပိုင်းများအနက် ၈၀ ရာခိုင်နှုန်း ထုတ်လုပ် တပ်ဆင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**“တချို့ SKD ဆိုပြီး သယ်လာသည်၊ စက်ရုံတွင် SKD မဖြစ်ဘဲ ရှိနေသည်ဟု ကြားရသည်၊ ထိုအခါ SKD ကို CBU ဆိုပြီး အခွန်ကောက်သည်။ အမှန်တကယ်မှာ TV သွင်းမည် ပြောပြီး အောက်စက်သွင်းလာလျှင် သက်ဆိုင်ရာအနေဖြင့် အဆိုပါပစ္စည်းများအား သိမ်းဆည်းရမည်။ တင်သွင်းသူကို ဒဏ်ရိုက်ရမည်။ Black list သွင်းရမည်ဟု သိထားသည်။ သို့ရာတွင် ထိုသို့ မဟုတ် “ကြွက်လျှောက်လမ်းလေးပေးနေသည်” ဟု ကြားသိရသည်။ နိုင်ငံတော်၏မျက်နှာ၊ အခွန်မျက်နှာမကြည့်ဘဲ ဝိုင်း၍ဝန်း၍ ပူးပေါင်းနေကြသည်။ တစ်ခုခု တော့ လွဲနေပြီဟု ထင်ရ”**

ယခုအခါတွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ စသည့်နိုင်ငံများသည် ကားအသစ်ထုတ်လုပ်မှုမှာ ကျွန်တော်တို့လိုက်မမီနိုင်သည့် အခြေအနေတွင်ရှိနေကြောင်း ထိုနေ့က



MAADA ၏ ဥက္ကဋ္ဌ ဦးအောင်ဝင်း၏ ရှင်းပြသော ဇယားအရ တွေ့ရှိရပါသည်။ ဒါ့အပြင် စက်မှုမှ ဒုတိယအထွေထွေမန်နေဂျာ ရှင်းပြသည့် အာဆီယံဇယားများတွင် ကျွန်တော်တို့နိုင်ငံမှ လိုက်ပါလုပ်ဆောင်ရမည့်အချက်များစွာ ကွက်လပ်ဖြစ်နေသည်ကိုတွေ့နေရာ စိတ်ထဲမှာရှက်စရာကောင်းလေစွဟု ရေရွတ်မိပါသည်။ အာဆီယံအစည်းအဝေးသွား၍ တက်ရောက်သူများတော့ သူများနိုင်ငံများကြားတွင် မျက်နှာငယ်မှာပဲဟု ထင်မိပါသည်။

ကျွန်တော်တို့နိုင်ငံတွင် မော်တော်ယာဉ်နှင့် အပိုပစ္စည်းထုတ်လုပ်သူများသည် ပူးပေါင်းပါဝင်မှု အားနည်းသည်ကို တွေ့ရပါသည်။ ASEAN အစည်းအဝေး တက်ရောက်၍ ပြန်လာသူများ၏ ပြောကြားချက်အရ အခြားအာဆီယံနိုင်ငံများမှ တက်ရောက်သူများတွင် ထုတ်လုပ်သူများ ရောင်းဝယ်နေသူများပါ အစိုးရအဖွဲ့ကိုယ်စားလှယ်နှင့်အတူ အစည်းအဝေးတက်ရောက်ကြကြောင်း တွေ့ရသည်ဟု ကြားသိရပါသည်။ သို့မှသာ နိုင်ငံတကာမော်တော်ယာဉ်နှင့် အပိုပစ္စည်းထုတ်လုပ်မှုအကြောင်းကို စေ့စေ့စပ်စပ်သိကြမည်ဖြစ်သည်။ ဆောင်ရန်ရှောင်ရန်များ သိကြမည်ဖြစ်၍ ပညာရပ်ဆိုင်ရာ ဗဟုသုတများ၊ ရောင်းဝယ်ရာတွင် လိုက်နာရမည့် ကိစ္စရပ်များ၊ အခွန်ကိစ္စရပ်များ သိရှိလာနိုင်မည်ဖြစ်ပေသည်။

ကျွန်တော်တို့နိုင်ငံတွင် မော်တော်ယာဉ် ဥပဒေနှင့် ပတ်သက်၍ တည်တည်ငြိမ်ငြိမ်မဖြစ်သေး၊ ပြင်ရန်ဆင်ရန် ရှိသေးသည်ဟု ကြားနေရပါသည်။ အထူးသဖြင့် နည်းဥပဒေတွင် ညှိနှိုင်းနေသည့်အဆင့်သာ ရှိသေးသည်ဟု ကြားသိရပါသည်။ မော်တော်ယာဉ် နည်းဥပဒေထွက်မှသာ ညွှန်ကြားချက်များ ဆက်လက်ထွက်လာမည်ဖြစ်ပြီး သို့မှသာ ASEAN အစည်းအဝေးဇယားများတွင် အချက်အလက်များ ရေးသွင်းလာနိုင် မည်ဖြစ်သည်ဟု သိရပါသည်။ (ဥပမာ မော်တော်ယာဉ်ထုတ် လုပ်ရာတွင် EURO အဆင့်သတ်မှတ်ခြင်း) အလားတူမူဝါဒ ကလည်း မထွက်သေး။ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းစနစ်တွင်လည်း SKD, CKD, CBU စသည်ဖြင့် ခေတ်စားနေသည်ကို တွေ့နေရပေသည်။ ယနေ့အထိ အငြင်း အခုံဖြစ်နေကြဆဲပင်။ SKD မှာ SKD-1 နှင့် SKD-2 ဆိုပြီး ထူးထူးဆန်းဆန်း တွေ့နေရသည်။ SKD ဆို SKD ပေါ့၊ CKD ဆို CKD ပေါ့ ယခုတော့ထိုသို့မဟုတ် Internet ၏ wikipedia ဝက်ဘ်ဆိုက်များတွင် ရှာ၍ ကြည့်စေချင်သည်။ ထို့ကြောင့် အကောက်ခွန်အနေဖြင့် မည်သို့ အခွန်ကောက်ရမည်မသိ ဖြစ်ကုန်ပါသည်။ နိုင်ငံတော်အတွက် နစ်နာမှုများ ဖြစ်ပြန်သည်။ တချို့က နိုင်ငံခြားတွင် တပ်ဆင်ထားပြီးသား ကားမှပစ္စည်းများကို ဖြုတ်ယူ၍ သယ်လာပြီး မြန်မာနိုင်ငံ၌ ပြန်ဆင်သည်ဟု ကြားရသည်။ မှားနေသည်။ အမှန်တကယ်မှာ မိမိနိုင်ငံမှ မထုတ်နိုင်၍ နိုင်ငံခြားစက်ရုံက ထုတ်ပေးလိုက်သော ပစ္စည်းများ (အစိတ်အပိုင်းကြီးဖြစ်စေ၊ အစိတ်အပိုင်းသေးဖြစ်စေ)ကို ဝယ်ယူ၍ တပ်ဆင်ခြင်းလုပ်ငန်းဖြစ်သည်။ ဆင်ပြီးသားကို ဖြုတ်ယူ၍ယူလာပြီး မြန်မာနိုင်ငံမှာ ပြန်ဆင်ခြင်းသည် လုပ်ငန်းစနစ်မှားနေသည်ဟု ထင်သည်။ အမှန်တကယ်က SKD အစစ်အမှန်လုပ်ပါ။ ပြီးမှ CKD ကို သွားရမည်ဖြစ်ပါသည်။ ချက်ချင်းတော့ မဖြစ်နိုင်သေးပါ။ Supporting factory များ လိုပါမည်။ ၎င်းတို့၏ ထုတ်ကုန်များ သည်လည်း အာဆီယံစံနှုန်းသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်ဖြစ်သည့်အပြင် နိုင်ငံ၏ဝယ်လို အားနှင့် ရောင်းလိုအားပေါ်မှာလည်း မူတည်ပါသည်။ မည်သို့ပင်ဖြစ်စေ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းသည် SKD မှသည် CKD သို့ ကူးပြောင်းရန်မှာ အလွန်အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်။ အမြတ်အစွန်းအတွက် အများကြီးကြည့်၍ မရ၊ အလွယ်လုပ်၍ မရ။ နိုင်ငံ၏မျက်နှာကိုလည်း နိုင်ငံတကာတွင် ဝင်ဆံ့အောင် ကြိုးပမ်းကြရဦးမည်ဖြစ်ရာ နှစ်အလိုက် SKD မှ CKD သို့ ရာခိုင်နှုန်းအားဖြင့် မည်မျှပြောင်းလဲထုတ်လုပ်သွားမည်ကို သတ်မှတ်သွားရမည့်အပြင် ပြည်တွင်းမော်တော်ယာဉ်အပိုပစ္စည်းထုတ်လုပ်မှုကိုလည်း တွန်းအားပေး ဆောင်ရွက်၍ ထုတ်လုပ်သည့်မော်တော်ယာဉ်များတွင် တပ်ဆင်သွားရမည် ဖြစ်ပါသည်။

လူ၏သဘောသည် လွယ်လွယ်နှင့် လုပ်၍ရလျှင် လွယ်လွယ်လုပ်ချင်သည်။ လွယ်လွယ်လုပ်၍ ငွေပိုရလျှင် ပိုဆိုးသည်။ တချို့ SKD ဆိုပြီး သယ်လာသည်။ စက်ရုံတွင် SKD မဖြစ်ဘဲ ရှိနေသည်ဟု ကြားရသည်။ ထိုအခါ SKD ကို CBU ဆိုပြီး အခွန်ကောက်သည်။ အမှန်တကယ်မှာ TV သွင်းမည်ပြောပြီး အောက်စက်သွင်းလာလျှင် သက်ဆိုင်ရာအနေဖြင့် အဆိုပါပစ္စည်းများအား သိမ်းဆည်းရမည်။ တင်သွင်းသူကို ဒဏ်ရိုက်ရမည်။ Black list သွင်းရမည်ဟု သိထားသည်။ သို့ရာတွင် ထိုသို့ မဟုတ် “ကြွက်လျှောက်လမ်းလေးပေးနေသည်” ဟု ကြားသိရ သည်။ နိုင်ငံတော်၏မျက်နှာ၊ အခွန်မျက်နှာမကြည့်ဘဲ ဝိုင်း၍ဝန်း၍ ပူးပေါင်းနေကြသည်။ တစ်ခုခုတော့ လွဲနေပြီဟု ထင်ရသည်။

ယခုအခါတွင် အခြားထုတ်လုပ်သူများကပါ လိုက်၍ လုပ်လာကြသည်ဟု သိရသည်။ လူ၏သဘောသဘာဝပင်ဖြစ်သည်။ သို့ရာတွင် နိုင်ငံအတွင်း နည်းပညာလွှဲပြောင်းရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ အခွန်ရရှိမှုများနစ်နာနေပေပြီ၊ ပြန်လည်သုံးသပ်ရန်တော့ လိုနေမည်ဖြစ်သည်။ မည်သည့်လုပ်ငန်းလုပ်ရပ် လုပ်သည်ဖြစ်စေ Plan ဖြင့် သွားရမည်ဖြစ်သည်။ “ယခုရေတွင်းတူး ယခုရေကြည်သောက် ၍ မရပေ” တချို့ထုတ်လုပ်သူများ အမှန်တကယ် အခွန်ဆောင်၍ Parts များ တင်သွင်းပြီး စက်ရုံတွင် ထုတ်လုပ်နေကြသည်။ တချို့က ယခုအထိ အခွန်အပြည့်အဝ မဆောင်ရရေး သက်ဆိုင်ရာတို့နှင့်ပေါင်းစပ်၍ စနစ်တစ်ခုကိုသုံးကာ ထုတ်လုပ်နေကြသည်။

သို့ရာတွင် ယင်းစနစ်နှင့်လည်း ကိုက်ညီမှုမရှိဖြစ်နေသည်ဟု သိရသည်။ သို့ဖြစ်၍ ဈေးကွက်တွင် အခြားတံဆိပ်များနှင့် ယှဉ်လျှင် အသာစီးရသည့်အပြင် အမြတ်အစွန်းလည်းများစွာ ရရှိသည်။ ထိုသို့ မတည်မငြိမ်ဖြစ်နေသဖြင့် နိုင်ငံခြားမှ ကားလာရောက်ထုတ်လုပ်မည့်သူများ၊ ရင်းနှီးမြှုပ်နှံမည့်သူများ တန့်သွားကြသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကောင်းစားသွားကြသော်လည်း နိုင်ငံအတွက်များစွာ နစ်နာကုန်ပြီဖြစ်သည်။ သုံးသပ်ကြပါကုန်။ ကျွန်တော်တို့ ပြည်သူများက သုံးပြီးသား မော်တော်ယာဉ်စီးနေရသည့် သံသရာမှ လွတ်မြောက်၍ မော်တော်ယာဉ်အသစ်စီးရပြီး တစ်ချိန်ကကဲ့သို့ မြန်မာနိုင်ငံသည် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်ရုံများကို လာရောက်လေ့လာခံခဲ့ရသည့် အခြေအနေသို့ ပြန်လည်ရောက်ချင်စမ်းလှပါပြီ။ ။

## ဟားခါးမြို့ အလှအပရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုနိုင်မည့် မျှော်စင်တည်ဆောက်လျက်ရှိ

**ဟားခါး ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် ဟားခါးမြို့၏ အလှအပရှုခင်းများကို ခရီးသွားဧည့်သည်များ အပေါ်စီးမှကြည့်ရှုနိုင်ရန် ကြီးမားခံ့ညားသည့် မျှော်စင်ကို ရှုခင်းသာအပန်းဖြေနေရာတွင် တည်ဆောက်လျက်ရှိရာနှစ် ၇၀ ပြည့် ချင်းအမျိုးသားနေ့မတိုင်မီအပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံးမှ သိရသည်။

အဆိုပါ မျှော်စင်သည် အမြင့် ၃၆ ပေ၊ အကျယ် ၁၈ ပေရှိပြီး ယင်းမျှော်စင်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၇၀၀အသုံးပြုရန် လျာထားကြောင်း၊ လက်ရှိအချိန်အထိ အလှူရှင်များ၏ လှူဒါန်းငွေသိန်းကျပ် ၅၀၀ ကျော် ရရှိထားပြီးဖြစ်ရာ အလှူရှင်များ၏ ထပ်မံလှူဒါန်းမှု လိုအပ်နေသေးကြောင်း၊ အလှူရှင်များ၏ အမည်များကိုလည်း ကမ္ပည်းကျောက်စာတွင် မှတ်တမ်းတင်ရေးထိုးပေးမည် ဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထလာဟရဲက ပြောသည်။

မျှော်စင်တည်ဆောက်နေသည့်နေရာသည် ဟားခါးမြို့အဝင် ဂန့်ဂေါသွားကားလမ်းဘေးတွင် တည်ရှိပြီး ဟားခါးမြို့ တစ်မြို့လုံးကိုအပေါ်စီးမှမြင်တွေ့ရသည့်ရှုခင်းသာ(ViewPoint) နေရာတွင် တည်ဆောက်နေခြင်းလည်းဖြစ်သည်။

အဆိုပါနေရာ တွင်လာရောက်အပန်းဖြေသူများ အဆင်ပြေစွာ အပန်းဖြေနိုင်ရန်အတွက်လက်ရန်းများ တပ်ဆင်ခြင်း၊ ထိုင်ခုံနေရာများတည်ဆောက်ခြင်းနှင့် လေ့ကားထစ်များ ပြုလုပ်ခြင်းတို့ကို ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းက ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် မျှော်စင်တည်ဆောက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

“မျှော်စင်အနားမှာ လာရောက်သူတွေအတွက် ဆိုင်ခန်းတွေ၊ အပန်းဖြေအနားယူနိုင်မယ့် နေရာထိုင်ခင်းနဲ့ ကစားစရာတွေ၊စားသောက်ဆိုင်တွေထားရှိပေးတဲ့အပြင် လာရောက်လည်ပတ်သူတွေကြည့်ရှုလေ့လာနိုင်ဖို့ ချင်းလူမျိုးတို့ရဲ့ ရိုးရာတူရိယာတွေ၊ ရိုးရာဝတ်စုံတွေ၊ အထင်ကရပုဂ္ဂိုလ်တွေရဲ့ အဝတ်အစား၊ ကိုယ်ရေးရာဇဝင်နဲ့သမိုင်းကြောင်းတွေကိုပါ ပြသပေးသွားမယ်ဆိုရင် ခရီးသွား ဧည့်သည်တွေ ပိုပြီးစိတ်ဝင်စားမှုရှိလာနိုင်ပါတယ် ”ဟု ခရီးသွား ပြည်သူတစ်ဦးက ပြောသည်။



**နေစု(ချင်းရိုးမ)**

## လယ်ယာမြေနစ်နာကြေးငွေပေးအပ်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၃၁**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်း စီမံကိန်း ဖောက်လုပ်ရာတွင် ပါဝင်သည့်လယ်ယာမြေများ အတွက် နစ်နာကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်းအင်ဂျင်နီယာဦးမင်းသိန်းစိုးက ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် နစ်နာကြေးငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းသည်။ ထို့နောက် တောင်သူ ၁၀၄ ဦးတို့၏ မြေဧက ၂၃၃ ဒသမ ၇၈ ဧက အတွက်နစ်နာကြေးငွေကျပ်သန်း ၃၂၇ ဒသမ ၂၉၂ ကို တာဝန်ရှိသူများက ပေးအပ် ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလောင်းတော်ကဿပဘုရားသို့ ညအိပ်လာရောက်သည့် ဘုရားဖူးဧည့်သည်များနှင့် စည်ကားလျက်ရှိ

**ကနီ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းတည်ရှိသော အလောင်းတော်ကဿပစံကျောင်းတော်နှင့် ရုပ်ကလာပ်တော်တည်ရှိရာ ဥမင်လိုဏ်ဂူတော်သို့ တပို့တွဲလဆန်း ၁၄ နေ့တွင် ညအိပ်လာရောက်ဖူးမြော်သည့် ဘုရားဖူးဧည့်သည်များနှင့် စည်ကားလျက်ရှိသည်။

တပို့တွဲလပြည့်နေ့သည် အလောင်းတော်ကဿပဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် နေ့ဖြစ်သည့်အတွက် ညအိပ်လာရောက်သည့် ဘုရားဖူးများ စည်ကားလျက်ရှိသည်။ ယင်းသို့ ဘုရားဖူးမြော်သူများ စည်ကားလျက်ရှိသည့် တပို့တွဲလဆန်း ၁၄ ရက်နေ့ ည ၈ နာရီ ၄ မိနစ်မှ စတင်၍ ၁၀ မိနစ်ကျော်ခန့် ဥမင်လိုဏ်ဂူတော်မှာ အနည်းငယ်ပွင့်ဟသွားခဲ့သည်ကို ဥမင်လိုဏ်ဂူတော်အတွင်း ဘုရားဖူးရောက်ရှိနေသော လက်တွေ့ဖူးမြော်ခွင့်ရရှိသူများထံမှ သိရသည်။

ယင်းသို့ ဥမင်လိုဏ်ဂူတော်ပွင့်နေစဉ်တွင် ဥမင်လိုဏ်ဂူတော်အတွင်းရောက်ရှိနေသော ဘုရားဖူးများက မိမိတို့တွင်ပါသော ရွှေ၊ ငွေ ပစ္စည်းများကို ဥမင်လိုဏ်ဂူတော်အတွင်း ထည့်သွင်းလှူဒါန်းခဲ့ကြကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ဒီတပို့တွဲလဆန်း ၁၄ ရက်နေ့နဲ့ တပေါင်းလပြည့်နေ့ဆိုရင် အနယ်နယ်အရပ်ရပ်မှ ညအိပ်ဘုရားဖူးလာရောက်တဲ့ ဘုရားဖူးဧည့်သည်တွေ အလွန်များပြားပါတယ်၊ ဒီညမှာဆိုရင် ညအိပ်လာရောက် ဖူးမြော်သူတွေများပြားလို့ လူ ၂၀၀ ခန့် တည်းနိုင်တဲ့ တည်းခိုဆောင် ၂၀ ကျော်မှာ ဘုရားဖူးတွေပြည့်ကျပ်လို့ အချို့ဆိုရင် မိုးကာတဲတွေထိုးပြီး အိပ်နေကြတာတွေကိုလည်း တွေ့ရပါတယ်"ဟု အလောင်းတော်ကဿပဘုရား လေးမြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးခင်မောင်ချိုက ပြောပြသည်။

ယင်းသို့ ဘုရားဖူးဧည့်သည်များ ပေါများသည့်အတွက် အချို့မှာ အလောင်းတော်ကဿပဘုရား စံကျောင်းတော်အတွင်း ညအိပ်ရသူအိပ်နှင့် ဥမင်လိုဏ်ဂူတော်အတွင်း ဥမင်လိုဏ်ဂူတော်နောက်တစ်ထပ်ပွင့်လျှင် ဖူးမြော်နိုင်ရန် စောင့်ဆိုင်း၍ ညလုံးပေါက်မအိပ်ဘဲ ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



## မုံရွာကွန်ပျူတာတက္ကသိုလ်၌ မူခင်းအသိပညာပေးဟောပြော

**မုံရွာ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ဇန်နဝါရီ ၃၁ ရက်က မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး သန်းဝင်းနှင့် အမှတ်(၁၄)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး၊ အမှတ်(၁၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ အမှတ်(၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူခင်းအသိပညာပေး ဟောပြောသည်။

ပညာပေးဟောပြောရာတွင် သက်ငယ်မုဒိမ်းမှုနှင့် ဆောင်ရန် ရှောင်ရန် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုကွာခြားပုံနှင့် ဆောင်ရန် ရှောင်ရန်များ၊ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများ အသိပညာပေးဟောပြောရာ ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးဟိန်းဇော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့ပြီး မူခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အနိမ့်ဆုံးအပူချိန်စံချိန်သစ်

ဇန်နဝါရီ ၃၁ ရက်က မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည့် အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင် အနိမ့်ဆုံးအပူချိန် | | ယခင် အနိမ့်ဆုံး အပူချိန် ဖြစ်ခဲ့သည့် နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | နေပြည်တော် လေဆိပ်(ဇလ) | ၉.၀ | ၄၈.၂ | ၁၀.၀ | ၅၀.၀ | ၁၆.၁.၂၀၁၇ | ၁၂ |

**မိုး/ဇလ**

# ရခိုင်ပြည်နယ်သတင်းများ

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနားပြုလုပ်

**စစ်တွေ ဇန်နဝါရီ ၃၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် မွန်းတည့် ၁၂ နာရီက နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး မြန်မာဘက်ခြမ်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ BGB 34 တပ်ရင်းမှူးကြီး Monzural Hassan Khan ဦးဆောင်သည့် အဖွဲ့နှင့် မြန်မာဘက်မှ နယ်မြေ - ၃ တပ်ရင်းမှူးကြီး ဒုရဲမှူးကြီး စောဇေယျာလင်း ဦးဆောင်သည့်အဖွဲ့တို့ တက်ရောက်ပြီး နှစ်နိုင်ငံအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

တွေ့ဆုံဆွေးနွေးကြရာတွင် မြန်မာဘက်မှ ဇန်နဝါရီ ၂၃ ရက်မှ စတင်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား လက်ခံမည့်နေရာများမှာ အဆင်သင့်ဖြစ်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး လက်ခံရန် အဆင်သင့်ဖြစ်နေသည့် အနေအထားများကို လိုက်လံပြသခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည့်သူများ၏ အမည်စာရင်း ကို ကောက်ခံလျက်ရှိကာ အဆင်သင့်ဖြစ်ပါက အထက်ဌာနညွှန်ကြားချက်အတိုင်း ဆက်လက် လုပ်ဆောင်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**




## ဂွမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မကျေးငူ-ကျောက်ချွန်းလမ်း

**စစ်တွေ ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် မကျေးငူ - ကျောက်ချွန်းလမ်းသည် ၉ မိုင် ၆ ဖာလုံရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းများ ခင်းလျက်ရှိသည်။

အဆိုပါလမ်းသည် မကျေးငူ ကျေးရွာအုပ်စုနှင့် တောင်ပေါက်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ကျေးရွာအုပ်စုချင်းဆက် လမ်းဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ဒေသခံများ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သော်လည်း ကား၊ ဆိုင်ကယ်များသွား၍ မရသော ခြေကျင်လမ်းမျှသာ ဖြစ်သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဂွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းနှင့် လမ်းပေါ်ရှိ တံတားများကို ပြုပြင်ခဲ့သော်လည်း ကျောက်ချောလမ်းမျှသာဖြစ်သည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် မကျေးငူ-ကျောက်ချွန်းလမ်း၏ ၃/၆ မိုင်အား ကွန်ကရစ်ခင်းခြင်း၊ သံကူကွန်ကရစ် တံတား ပေ ၂၀၀ တစ်စင်း၊ Box Culvert သုံးစင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈၁၂ ဒသမ ၈၀၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း ပြီးစီးပါက ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် မကျေးငူကျေးရွာမှ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်သို့ ရာသီမရွေး ကားများ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်ပါကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ သာယာကုန်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွှန့်(တိုင်းရင်းသား)ကျေးရွာတွင် နွား တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရွက်ညိုတောင်(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု၊ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု၊ ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၄၀၈ ကောင်နှင့် ဆိတ် ၇၇၅ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘူမိဗေဒဆိုင်ရာ နိုင်ငံတကာစာတမ်းပေါင်း ၄၀ကျော် ဖတ်ကြား

**ရန်ကုန် ဇန်နဝါရီ ၃၁**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမှသာ တိုးတက်အောင်မြင်မှုများ ရရှိနိုင်ကြောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အတွင်းရေးမှူး ဦးအေးလွင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နှစ်ရက်ကြာပြုလုပ်သော မြန်မာ-နိုင်ငံ တကာသုတေသန စာတမ်းဖတ်ပွဲ (Geomyanmar 2018 International Congress) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"စာတမ်းဆိုတာက လေ့လာသူရော၊ အသုံးချသူရောရှိမှ အကျိုးရှိမှာပဲ၊ သုတေသနပညာရှင်ဆိုတာက သုတေသနလုပ်နေမှာပဲ၊ တိုင်းပြည်တစ်ပြည်တိုးတက်ဖို့ဆိုတာက သုတေသနလုပ်ရတယ်၊ ကျွန်တော်တို့နိုင်ငံမှာက သုတေသနဌာနရှိသော်ငြားလည်း သုတေသနတွေသည် အိမ်တွင်းမှုသုတေသနတွေသာဖြစ်ခဲ့တယ်၊ ကျွန်တော်တို့နိုင်ငံမှာ တစ်ခေတ်တစ်ခါက UNION OF BURMA RESEARCH INSTITUTE ဆိုတာရှိတယ်၊ ဒီသုတေသနဌာနက အကြောင်းကြောင်းကြောင့် ပျောက်ကွယ်သွားခဲ့တယ်၊ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့က သယံဇာတတွေ ရှိနေရုံနဲ့မရဘူး၊ ဘက်ပေါင်းစုံက ပညာရပ်တွေကို လုပ်နေတဲ့ Research Centre တွေ ရှိဖို့လိုအပ်ပါတယ်"ဟု ဦးအေးလွင်က ပြောသည်။

အဆိုပါ သုတေသနစာတမ်း ဖတ်ပွဲတွင် ပြည်တွင်းပြည်ပ သုတေသနပညာရှင်များက သုတေသနစာတမ်းပေါင်း ၄၀ ကျော် ဖတ်ကြားကြမည်ဖြစ်ကြောင်း၊ ယင်းတို့တွင် မည်သည့်နိုင်ငံ၊ မည်သည့်ဆွေးနွေးပွဲမှ ဖတ်ကြားခြင်းမပြုရသေးသော စာတမ်း ၁၁ စောင် ပါဝင်မည်ဖြစ်ကြောင်း၊ စာတမ်းများတွင် မြေငလျင်ဆိုင်ရာစာတမ်းများ၊ ဓာတ်သတ္တုတူးဖော်ရေးဆိုင်ရာစာတမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ စာတမ်းများ၊ ရေသယံဇာတနှင့်ဆိုင်သော စာတမ်းများ ပါဝင်ကြောင်း သိရသည်။




စာတမ်းဖတ်ပွဲသို့ အာဆီယံနိုင်ငံများမှ ပညာရှင်များအပြင် တရုတ်၊ အင်္ဂလန်နိုင်ငံတို့မှ ပညာရှင်များ၊ မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒဌာနမှ ပါမောက္ခများ၊ စာတမ်းရှင်များ၊ ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ ၎င်းအသင်းကြီးက ကြီးမှူး၍ နိုင်ငံတကာ ဘူမိဗေဒဆိုင်ရာ စာတမ်းဖတ်ပွဲကို ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် ကျင်းပခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း- မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး( မြန်မာ့အလင်း)**

# အိမ်သုံးအဝီစိတွင်းတူးရာမှ တစ်နာရီရေချိုဂါလန် တစ်ထောင်ခန့်ထွက်လာပြီး စိုက်ပျိုးရေပါရ

**မလှိုင် ဇန်နဝါရီ ၃၁**

မလှိုင်မြို့ ဆည်ကျေးရွာ၌ အိမ်သုံးအဝီစိ စက်ရေတွင်းတူးရာမှ တစ်နာရီလျှင် ရေဂါလန် တစ်ထောင်ခန့်ထွက်နေသော စက်ရေတွင်း ပထမဆုံးတွေ့ရှိခဲ့သည်။



မလှိုင်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ပါဝင်ပြီး ကျေးရွာပေါင်း ၂၄၇ ရွာ၊ ကျေးရွာအုပ်စုပေါင်း ၅၂ အုပ်စုရှိရာ သဲကန်အုပ်စု ဆည်ကျေးရွာ၌ သောက်သုံးရသော ရေချိုရေအား အိမ်သုံးအဝီစိစက်ရေတွင်းတူးရာမှ တွေ့ရှိရခြင်းဖြစ်ကြောင်း သိရှိရသည်။

သဲကန်အုပ်စု ဆည်ကျေးရွာရှိ ဦးဝေဇင်အောင်၊ ဒေါ်မာရာတင်တို့က အိမ်သုံးအဝီစိစက်ရေတွင်းတူးရာမှ ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ရေတွင်းအနက် ပေ ၁၈၀ ခန့်အရောက်၌ လေးလက်မ အဝီစိစက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် တစ်ထောင်ခန့် ထွက်ပေါ်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

"အိမ်သုံးအဝီစိစက်ရေတွင်းတူးရာကနေ ရေတွေ့တာ၊ ရေထွက်တော်တော်ကောင်းပါတယ်၊ ရေလည်းချိုတယ်၊ မြို့နယ်က တာဝန်ရှိသူတွေလည်း လာရောက်စစ်ဆေးကြည့်ရှုပါတယ်၊ ရွာမှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေနဲ့ တိုင်ပင်ပြီး ရေကို စိုက်ပျိုးရေးမှာ အသုံးချနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု သဲကန်အုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က ပြောကြားသည်။

"ရေချိုတယ်ဗျ၊ သောက်သုံးရနိုင်တယ်၊ အရင်ရွာမှာရှိတဲ့ ရေကန်က ခြောက်နေတာ၊ နွား၊ ဆိတ်စတဲ့ တိရစ္ဆာန်တွေ သောက်တဲ့ကန် ရေပြည့်သွားတယ်ဗျ၊ ရေကကောင်းတော့ သောက်သုံးရေတင်မကဘူး၊ ကြက်သွန်လို သီးနှံစိုက်ပျိုးတဲ့နေရာမှာ အသုံးချနိုင်မှာပါ"ဟု သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ပါဝင်ခဲ့သူ မလှိုင်မြို့နယ်မြေ-၁ ဥက္ကဋ္ဌ ဦးမင်းမင်းစိုးက ဆိုသည်။

ဆည်ကျေးရွာသို့ မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်လွင်၊ စည်ပင်သာယာရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့်တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ကျေးလက်နေဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

မလှိုင်မြို့နယ် သဲကန်အုပ်စုတွင် ကျေးရွာပေါင်း ခုနစ်ရွာရှိကာ အိမ်ခြေ ၈၀၀ ကျော်ရှိပြီး ဆည်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၉၀ ခန့်ရှိကာ အိမ်ခြေပေါင်း ၆၀ ကျော်ရှိပြီး ယခုလက်ရှိထွက်သော အဝီစိစက်ရေတွင်းမှ ရေမှာရေချိုပြီး တစ်နာရီလျှင် ရေဂါလန် တစ်ထောင်ဝန်းကျင် ထွက်ရှိနေခြင်းကြောင့် သောက်သုံးရေသာမက စိုက်ပျိုးရေးအတွက်ပါ အသုံးချနိုင်မည်ဟု မျှော်လင့်လျက်ရှိကာ ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

**ဘိုဘို(မလှိုင်)**

# ငလျင်ဘေးအန္တရာယ်အကြောင်း သရုပ်ပြလေ့ကျင့်

**မကွေး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးဦးစီးဌာနက ကြီးမှူး၍ ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မကွေးမြို့ အထက(၁)ကျောင်း၌ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ငလျင်လှုပ်ပါက ဘေးအန္တရာယ်အကင်းဆုံးဖြစ်အောင် နေထိုင်နိုင်ရန် သဏ္ဌာန်တူ သရုပ်ပြ လေ့ကျင့်ခြင်းကိုလည်း ကျောင်းသား ကျောင်းသူများအား ပါဝင်လေ့ကျင့်စေခဲ့ကြောင်း သိရသည်။

မကွေးမြို့ အထက(၁) ပန်းဟောဝန်ခန်းမ၌ ကျင်းပသည့် ဟောပြောပွဲတွင် ငလျင်အကြောင်း သိကောင်းစရာများကို တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ ဦးလွင်ဦးမောင်က ဟောပြောပြီး ငလျင်လှုပ်နေစဉ် ဘေးကင်းစွာ နေထိုင်နည်းများကို ကြက်ခြေနီတပ်ဖွဲ့မှ ဦးညီညီဇော်က ဟောပြောဆွေးနွေးခဲ့ကာ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် ငလျင်လှုပ်ပါက ဘေးအန္တရာယ်အကင်းဆုံးဖြစ်အောင် နေထိုင်နိုင်ရန် သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ကျောင်းဝင်းအတွင်း၌ ဆက်လက်ဆောင်ရွက်ရာ အန္တရာယ်ကင်းသည့် စုဝေးရပ်သို့ ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ရွှေ့ပြောင်းနေရာယူခြင်း၊ အကာကွယ်အောက်တွင် နေရာယူခြင်း၊ ဒဏ်ရာရ ကျောင်းသား ကျောင်းသူများအား ရှေးဦးပြုစုကုသခြင်းနှင့် အရေးပေါ်လူနာများအား ဆေးရုံသို့ပို့ဆောင်ခြင်း စသည့် လေ့ကျင့်မှုများကို လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးကို အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးခုနစ်မျိုးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ် / ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိပါ။ | ခန်းတောက်မြစ် | အမြစ် / ဆေးထုပ် | ပူတာအို တိုင်းရင်းဆေး၊ ရိုးရာပစ္စည်းနှင့် အထည်ဆိုင် မြို့သစ်(၈၅)၊ မြစ်ကြီးနားမြို့ |
| ၂ | Gasspro | အကိုက်အခဲပျောက်ဆေးမှုန့် | ဆေးမှုန့် / ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃ | ကုလားအုပ် | သန်ချဆေး | ဆေးမှုန့် / ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိပါ။ | ပန်းခါးပျားရည်ဆေးလုံး | ဆေးလုံး / ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅ | Myanmar | မဟူရာပဲနက်စေ့(ခ) ခွေးလေးယားစေ့ | အစေ့ / ဆေးဘူး | အမှတ်(၁၃၁ / က)၊ ကုန်သည်လမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့ |
| ၆ | Win | ပုံတောင်ဆေးမြစ်စုံလိမ်းဆေး | ဆေးရည် / ဆေးဘူး | Win Products Group, Mandalay |
| ၇ | Win | ခွေးလေးယားသီးနက်စေ့ | အစေ့ / ဆေးဘူး | Win Products Group, Mandalay |

၃။ အများပြည်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂)တို့အရ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေး အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မြောက်ဘက် ၇ မိုင်ခန့်အကွာ ယိုးငူကျေးရွာနှင့် အောင်ဖြူပင်ကျေးရွာကြား သရက်ချိုကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ် ၁၆၉/၀ နှင့် ၁၆၉ /၁ ကြား၌ ယာဉ်တစ်စီး လမ်းဘေးထိုးကျနေပြီး ယာဉ်ဘေး၌ လူတစ်ဦးလဲနေကြောင်း သတင်းအရ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခန့်က ပုဏ္ဏားကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ CRV ယာဉ်တစ်စီး လမ်းယာဘက်ဘေး ရေကြောင်းအတွင်း၌ ကျောက်တော်ဘက်မှ ပုဏ္ဏားကျွန်းမြို့ဘက်သို့ ဦးတည်လျက် တိမ်းစောင်းနေကာ ယာဉ် အောက်၌ အမျိုးသားတစ်ဦး ပိမိသေဆုံးနေပြီး အနီးတွင် လက်ကိုင်ဖုန်းလေးလုံးနှင့် ငွေ၊ ပစ္စည်းအချို့ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

**သွားရောက်ငြိမ်းသတ်**

သေဆုံးသူအား စစ်ဆေးရာ ရင်ညွန့် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲယာ နို့အုံ အောက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ ဝဲယာလက်ပြင် ထိုးသွင်းဒဏ်ရာ ၁၂ ချက်နှင့် ဝဲမျက်ခုံး ပြတ်ရှဒဏ်ရာ တစ်ချက်တွေ့ရှိရပြီး ယာဉ်ရှေ့ခန်း ခရီးဆောင်အိတ်အတွင်းမှ တွေ့ရှိရသည့် စာရွက်စာတမ်းများအရ သေဆုံးသူမှာ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက် (လက်ရှိ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး) ဖြစ်သည်ဟု သိရှိရကြောင်း၊ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က အလောင်းအား ပုဏ္ဏားကျွန်းမြို့နယ် ဆေးရုံကြီးသို့ သွားရောက်ပို့ဆောင်နေစဉ် ကျန်ရှိခဲ့သည့် မော်တော်ယာဉ်မှာ မီးလောင်သဖြင့် ပုဏ္ဏားကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့က သွားရောက်ငြိမ်းသတ်ခဲ့ရပြီး ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဦးဘိုဘိုမင်းသိုက်သည် မြောက်ဦးမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးမှုခံယူရန် ဇန်နဝါရီ ၂၅ ရက်တွင် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ပြန်လည်ရောက်ရှိပြီး စစ်ဆေးခံခဲ့ကာ ဇန်နဝါရီ ၃၀ ရက်တွင် စစ်ဆေးခံမှု ပြီးစီး၍ မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့သို့ ပြန်ရန် CRV မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း၊ အဆိုပါ မော်တော်ယာဉ်မှာ တိမ်ညိုကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မြင့် (၄၈ နှစ်)ပိုင် လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး ဦးဘိုဘိုမင်းသိုက်နှင့်အတူ ဦးကျော်မြင့်၏ သားနှင့် အခြားလူငယ်တစ်ဦး လိုက်ပါသွားကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဦးကျော်မြင့်၏ သားအပါအဝင် လူငယ် နှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း၊ အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ မျက်မြင်သက်သေအချို့၏ ပြောပြချက်အရ မော်တော်ယာဉ်ပေါ်တွင် ဦးဘိုဘိုမင်းသိုက်ပါ လေးဦး ပါရှိပြီး ဦးဘိုဘိုမင်းသိုက်မှာ ကားမှောက်၍ ပိမိသေဆုံးခဲ့ကာ ကျန်သုံးဦးမှာ ကားလမ်းအနောက်ဘက်ရှိ တောင်ပေါ်သို့ တက်ပြေးသွားကြောင်း၊ ခဏအကြာတွင် မော်တော်ဆိုင်ကယ်ဖြင့် လူ နှစ်ဦး ရောက်ရှိလာပြီး မော်တော်ယာဉ်အား မီးရှို့သွားကြောင်း သိရှိရသည်။

**အမှုဖွင့်စုံစမ်း**

ဦးဘိုဘိုမင်းသိုက်ကို သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် ပုဏ္ဏားကျွန်း မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၄၀/၁၁၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မသက်ာဖွယ် လူလေးဦး ဖမ်းဆီးရမိ

**ဖလမ်း ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး နေလင်းနှင့် အဖွဲ့တို့သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၁ နာရီခွဲက သတင်းအရ နယ်မြေရှင်းလင်း ပိတ်ဆို့ရှာဖွေနေစဉ် မသင်္ကာဖွယ် လူလေးဦးနှင့် ဆိုင်ကယ် ကယ်ရီသမား နှစ်ဦးတို့အား တီးတိန်မြို့နယ် မွာလ်ဘဲမ်းကျေးရွာနှင့် လေးသော့ကျေးရွာကြား နားနေဆောင်ဇရပ်တွင် ဖမ်းဆီးရမိသည်။ ဖမ်းဆီးရမိသော မသင်္ကာဖွယ် လူလေးဦးတွင် အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် ဆိုင်ကယ်ကယ်ရီသမား နှစ်ဦးတို့ကို တီးတိန်မြို့နယ် ရဲစခန်းမှ ဖလမ်းမြို့နယ်ရဲစခန်းသို့ ချက်ချင်း လွှဲပြောင်းပေးခဲ့သည်။

ဖမ်းဆီးရမိ လူများမှာ မမော်နူရာ (၂၁ နှစ်) ဆင်သီဘာရွာ ဘူးသီးတောင်မြို့နယ်၊ မမော်မီနာ(၂၀ နှစ်) ဆင်သီဘာရွာ ဘူးသီးတောင်မြို့နယ်၊ မရှောင်ဂျီရာ (၁၉ နှစ်) ဆင်သီဘာရွာ ဘူးသီးတောင်မြို့နယ်၊ မောင်နုရ်ဘီအီစ္စလာမ် (၁၉ နှစ်) ခြင်းသမားရွာ ဘူးသီးတောင်မြို့နယ်နှင့် ၎င်းတို့ကို တင်ဆောင်လာသော ဆိုင်ကယ် ကယ်ရီသမား မောင်ဟရင်ဇာကပ် (၁၇ နှစ်) မော်စီကျေးရွာ ကလေးမြို့နယ်၊ မောင်ဇဗျက်လျန်နာ(၂၀ နှစ်) မော်စီကျေးရွာ ကလေးမြို့နယ်တို့တွင် နေထိုင်သူများ ဖြစ်ကြသည်။

၎င်းတို့ လေးဦးတို့သည် လွန်ခဲ့သော ရက် ၂၀ ခန့်က ဘူးသီးတောင်မြို့နယ်မှ စတင်ထွက်ခွာလာပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကို ဖြတ်ကာ ရိခေါဒါရ်မြို့ အမှတ်-၂ ရပ်ကွက်သို့ တံတား ရှောင်ကွင်းလမ်းမှ ဝင်ရောက်လာပြီး ထိုမှ တစ်ဆင့် ကလေးမြို့ စက်မှုဇုန်လမ်းခွဲထိ တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀ စီဖြင့် ဆိုင်ကယ်ကို ငှားရမ်းခဲ့ရာ တီးတိန်မြို့နယ် မွာလ်ဘဲမ်းကျေးရွာနှင့် လေးသော့ကျေးရွာကြားတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခြင်းဖြစ်သည်။

အဆိုပါ မသင်္ကာဖွယ် လူလေးဦးနှင့် ဆိုင်ကယ် ကယ်ရီသမားများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အမှုဖွင့်လုစ်နိုင်ရေး စစ်ဆေးလျက်ရှိကြောင်း ဖလမ်းမြို့ မြို့မရဲစခန်းမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက ပုဗ္ဗသီရိမြို့နယ်ဘက်မှ ဒဟတ်ကုန်းသကြားစက်သို့ ပို့ဆောင်ရန် ကြံများတင်ဆောင်လာသည့် 7A/---- ခြောက်ဘီး ဟီးနိုးယာဉ်သည် တပ်ကုန်းမြို့အဝင်အကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ တိမ်းမှောက်စဉ်။** (အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်အကူတို့ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း သိရသည်။) **မောင်ကျော်ကြီး**

# လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများပေါ်ပေါက်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မင်္ဂလာဒုံမြို့နယ်နေ ဒေါ်---သည် ဇန်နဝါရီ ၁၇ ရက် နံနက်က ဆိုင်ကယ်ဖြင့် ကုန်းတလပေါင် ကားမှတ်တိုင်အနီးရှိ ပျိုးပင်ရောင်းဝယ်ရေးဆိုင်သို့ ရောက်ရှိကာ ဆိုင်ကယ်အား သော့တန်းလန်းဖြင့် ဆိုင်ရှေ့တွင်ရပ်၍ ပျိုးပင်များ ဝယ်ယူနေစဉ် အမျိုးသားတစ်ဦးက အဆိုပါ ဆိုင်ကယ်အား သော့ဖွင့်၍ မောင်းနှင် ထွက်ပြေးရန် ပြင်ဆင်နေသည်ကို တွေ့ရသဖြင့် ၎င်းနှင့်ဆိုင်ရှင်တို့က ဆိုင်ကယ်ကို ဆွဲထားစဉ် ဆိုင်ကယ်မှာ လဲကျသွားပြီး အမည်မသိ အမျိုးသားမှာ ထွက်ပြေးသွားခဲ့ပြီးနောက် ပြန်လှည့်၍ ၎င်း၏ လည်ပင်းတွင် ဆွဲထားသော စိန်ဆွဲသီးပါ ရွှေဆွဲကြိုးအား လုယူထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံခဲ့ကြောင်း၊ ပတ်ဝန်းကျင်ရှိသူများက လိုက်လံဖမ်းဆီးရာ အဆိုပါ အမျိုးသားကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသူအား စစ်ဆေးရာ ကောင်းစံငြိမ်းဝေ(ခ) ကောင်းစံ ဖြစ်ကြောင်း၊ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ဖိုးလကျော် ပါဝင်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ခဲ့သည်။



ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဖိုးလကျော်အား ၎င်းနေထိုင်ရာ နေအိမ်သို့ သွားရောက်ရှာဖွေဖမ်းဆီးရာ မတွေ့ရှိသဖြင့် မိဘများအား ရဲစခန်းသို့ လာရောက်အပ်နှံပေးရန် အသိပေးပြောဆိုခဲ့ရာ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် မိဘများက ထောက်ကြန့်နယ်မြေ ရဲစခန်းသို့ လာရောက်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ နှစ်ဦးသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက ရန်ကုန်-ပြည်လမ်း ရဲဘော်ဟောင်းမှတ်တိုင်အနီးတွင် ရပ်ထားသော Canda-125 ဆိုင်ကယ်၊ ရန်ကုန်-ပဲခူး လမ်းပေါ်တွင် ရပ်ထားသော Feeling-110 ဆိုင်ကယ်နှင့် Wave Alhha ဆိုင်ကယ်၊ Honda Click ဆိုင်ကယ်၊ Shooter-125 ဆိုင်ကယ်နှင့် Canda -125 ဆိုင်ကယ်၊ ထောက်ကြန့် မြို့ရှောင်လမ်းပေါ်တွင် ရပ်ထားသော Feeling -110 ဆိုင်ကယ်၊ ကုန်းတလပေါင်ကျေးရွာ ရွာလယ်လမ်းမပေါ်တွင် ရပ်ထားသော Suzuki Smart ဆိုင်ကယ်ကို လည်းကောင်း ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ကို သက်ဆိုင်ရာ စခန်းများတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပြီး ခိုးယူခဲ့သည့် ဆိုင်ကယ်များကို ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**ကိုရဲ**

# ဘုရားဖူးယာဉ် ဘီးပေါက်ပြီး တိမ်းမှောက်၊ ၁၉ ဦး ဒဏ်ရာရ

**ပေါင် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ပေါင်မြို့မရဲစခန်းပိုင် နယ်မြေတွင် ဘုရားဖူးယာဉ် ဘီးပေါက်ပြီး တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၉ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ပေါင်မြို့ ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၁၇၁/၃)၌ ပေါင်မြို့မှ ရန်ကုန်သို့ အင်းစိန်မြို့နယ်နေ အောင်သီဟဖြိုး (၃၀ နှစ်)မောင်းနှင်လာသော 1E/---- Changhe ဘုရားဖူးယာဉ်သည် ဝဲဘက်နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မန်စီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၉၀ ဖမ်းဆီးရမိ

**မန်စီ ဇန်နဝါရီ ၃၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၉၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန်စီမြို့နယ် မန်ဝိန်းကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ထွန်းနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးရောင်းချနေသည့်သတင်းအရ မန်ဝိန်းကြီးကျေးရွာ ရပ်ကွက်-၂ နေ ဒေါ်အင်ခွန်လု(ခ)ဒေါ်အားလင့် (၄၈ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုခန်းအတွင်း မီးဖို၌ အံဝှက်ပြုလုပ်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၉၀ နှင့် မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ် ၄၁၀၀၀၀ ကို သက်သေများရှေ့၌ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်အင်ခွန်လု(ခ)ဒေါ်အားလင့်အား မန်ဝိန်းကြီးနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေရာမှ လူသုံးကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၀၈ စီး၊ သွင်းကုန် ၁၀၄၅ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် အစီး ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅ ဒသမ ၀၉၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၁၁၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၂၁၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၉ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် Nissan ၁၂ ဘီး မော်တော်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း အမျိုး ၃၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၁၁၁ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်အတွင်းမှ ဘိန်းစိမ်း ၁၄၃၁ ဒသမ ၄ ဂရမ် ဖမ်းမိ

**အင်းတော် ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တာပေါကျေးရွာအတွင်းမှ ဘိန်းစိမ်း ကာလတန်ဖိုး ငွေကျပ် ၄၂ သိန်းကို ဇန်နဝါရီ ၃၁ ရက် နံနက်က ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် မော်တိတ်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်စိုးနိုင်အောင်နှင့် ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် တာပေါကျေးရွာနေ ညွန့်ဖေ၏ နေအိမ်ကို မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း စုစုပေါင်း ၁၄၃၁ ဒသမ ၄ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၄၂ သိန်းကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအား အင်းတော်မြို့မရဲစခန်းက ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ


ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီက ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေး ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။ ကွင်းအမှတ်-၁ ၌ ကယားပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ကွင်းအမှတ်-၃ ၌ ကချင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့သည် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်း-၁ နှင့် ၃ တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်လွင်**

✽ *ကျော်ဖုံးမှ*

အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ အီရန်၊ အီရတ်၊ တရုတ်အသင်းတို့နှင့် ပါဝင်နေပြီး အုပ်စု(က)တွင် အိမ်ရှင် တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု(ခ) တွင် ဥဇဘက်ကစ္စတန်၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ အုပ်စု(ဃ) တွင် ထိုင်း၊ ကာဂျစ္စတန်၊ လက်ဘနွန်နှင့် ဂျော်ဒန်အသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်ပြီး ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ကာ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် အောင်မြင်မှုရခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာ အာရှအဆင့်တွင် ထိပ်တန်းအဆင့် ရောက်နေပြီဖြစ်သောကြောင့် ချန်ပီယံဆုရယူနိုင်ရန် မလွယ်ကူသော်လည်း မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုတို့ရခဲ့သည်။ အောင်မြင်မှုရခဲ့သည့် မြန်မာအသင်းကို နှစ်ကြိမ်စလုံး ပြည်တွင်းနည်းပြဖြစ်သည့် ဦးဌေးမြင့်က ကိုင်တွယ်ခဲ့ပြီး အချိန်တိုကာလအတွင်း အတိုင်းအတာတစ်ခုထိ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂ ရက်တွင် လက်ရှိချန်ပီယံ အီရန်အသင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် အီရတ်အသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်အရှေ့ပိုင်းခရိုင် ရွှေပေါက်ကံမြို့နယ်တွင် အသစ်တည်ဆောက်လျက်ရှိသော (၆၆/၁၁)ကေဗွီ ၂၀ အမ်ဗွီအေ ရွှေပေါက်ကံ ဓာတ်အားခွဲရုံအသစ်အား ဓာတ်အားပေးနိုင်ရန် တည်ဆောက်လျက်ရှိသော 66 KV Single Circuit Line 3.85 mile ၏ တိုင်ထောင်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ၆၆ ကေဗွီ အရှေ့ဒဂုံ-ကုန်ပဒေသာ(၁) ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ အရှေ့ဒဂုံ-ကုန်ပဒေသာ(၂) ဓာတ်အားလိုင်းတို့အား Section ဖြတ်၍ ၁.၂.၂၀၁၈ ရက်နေ့ (ကြာသပတေးနေ့)တွင် ၁၁း၀၀ နာရီမှ ၁၅း၀၀ နာရီအချိန်အတွင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်း နေထိုင်သော မိဘပြည်သူများထံသို့ လေးစားစွာအသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်း ကြိုးဆွဲသားခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကြိုးဆွဲခြင်းလုပ်ငန်းကို တာဝါတိုင်အမှတ်(၁၇)နှင့်(၁၈)ကြား၌ ၃၃ ကေဗွီ လှိုင်သာယာ-တွံတေး ဓာတ်အားလိုင်းအား ဖြတ်တောက်၍ ၄.၂.၂၀၁၈ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအချိန်အတွင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တွံတေးမြို့နယ် ကံရွာ၊ တမံကြီး၊ ခလောက်ခလူ၊ ခရမ်းဝနှင့် အနီးတစ်ဝိုက် ကျေးရွာများအတွင်း နေထိုင်သော မိဘပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်အသင်းသည် ဒေါ့မွန်အသင်း၏ ဂါဘွန်တိုက်စစ်မှူး အူဘာမီယန်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ၅၆ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ဇူလိုင်လတွင် လာကာဇက်တီအတွက် ပြောင်းရွှေ့ကြေး ပေါင် ၄၆ ဒသမ ၅ သန်းကို ကျော်လွန်ကာခေါ်ယူစာချုပ်ခဲ့ကြောင်း သိရသည်။
- ဒေါ့မွန်အသင်းသည် ချယ်လ်ဆီးတိုက်စစ်ကစားသမား ဘတ်ရှူအာရီကို ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဘတ်ရှူအာရီသည် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မာဆေးလ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ၃၂ ပွဲကစားထားကာ ခုနစ်ဂိုးသွင်းယူ ပေးထားနိုင်ကြောင်း သိရသည်။
- မန်ယူအသင်းသည် ဂျွန်မာတာကို ၂၀၁၉ ခုနှစ်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ မာတာ၏ ယခင်စာချုပ်သည် ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် မန်ယူအသင်းက နောက်ထပ် ၁၂ လ သက်တမ်းတိုးခွင့်ကို အသက်သွင်းခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။
- အဲဗာတန်တိုက်စစ်ကစားသမား ဆန်ဒရိုသည် စပိန်ကလပ် ဆီဗီလာအသင်းသို့ ရာသီကုန်အထိအငှားဖြင့် ပြောင်းရွှေ့သွားပြီဟု အဲဗာတန်အသင်းက အတည်ပြုလိုက်ကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်တွင် မာလာဂါအသင်းမှ ပြောင်းရွှေ့ရောက်လာသူဖြစ်ပြီး ၃၂ ပွဲတွင် ၁၆ ဂိုး သွင်းယူပေးထားနိုင်ကြောင်းလည်း သိရသည်။
- မန်စီးတီးအသင်းသည် နယူးယောက်စီးတီးအသင်းမှ ဂျက်ဟာရီဆန်ကို သုံးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီး မစ်ဒယ်ဘရော့အသင်းထံသို့ ရာသီကုန်အထိ အငှားပြန်ချလိုက်ကြောင်း သိရသည်။
- ဝက်ဖို့ဒ်အသင်းသည် တိုက်စစ်ကစားသမား မော်ရို ဇာရာတီကို အာဂျင်တီးနားကလပ်ထံ ရာသီကုန်အထိ အငှားချလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- လူငယ်ကစားသမား မားကပ်စ်မက်ဂွါနီသည် အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ပရီမီယာလိဂ်ကလပ်က အတည်ပြုထုတ်ပြန်လိုက်သည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

**ဇော်ဇော်**

## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) အသိပေးကြော်ငြာခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေးစာအောင်သံဃာပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၂၅-၂-၂၀၁၈ရက် နံနက် ၉နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ဓမ္မာစရိယနှင့်အထက်အောင်မြင်ပြီးအောင်လက်မှတ်ဆက်ကပ်ခံထားရသော သံဃာတော်များသည် မင်္ဂလာသီရိကျောင်းတိုက်-ဆရာတော်(သာကေတ)ဖုန်း-၀၉-၄၅၀၀၁၀၈၄၀ သို့ ၁၀-၂-၂၀၁၈ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးပို့ကြပါရန်။

၃၁-၁-၂၀၁၈ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများသည် မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူတို့ဖြင့် ၁၀-၂-၂၀၁၈ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်။ (ယခင်နှစ် ပူဇော်ခံသက်ကြီးများ ပေးရန်မလိုပါ။)

**ဆက်သွယ်ရန်**

| | |
|---|---|
| **ဦးစံလှမောင်** | **ဖုန်း-၀၉-၂၆၁၂၇၈၂၂၉** |
| **ဦးမောင်စောခင်** | **ဖုန်း-၀၉-၅၀၆၅၉၇၅** |
| **ဦးမောင်လှဝင်း** | **ဖုန်း-၀၉-၄၃၁၆၄၂၈၁** |
| **ဒေါ်ခင်ခင်ညွန့်** | **ဖုန်း-၀၉-၂၅၀၀၀၂၀၂၂** |
| **ဒေါ်ဒေစီသန်း** | **ဖုန်း-၀၉-၅၀၆၂၈၉၆** |

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှ အင်းလေးကန်ထိန်းသိမ်းရေးရန်ပုံငွေ(Trust Fund)မှ ကျခံပြီး Hydraulic Excavator(20 to 22 Ton)+Amphibious 1 Unit, Hydraulic Excavator(5 to 6 Ton)1 Unit နှင့် Hydraulic Excavator(7 to 8 Ton)2 Unitအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၂-၂၀၁၈ရက်မှ ၂၈-၂-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၈-၂-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၃-၂၀၁၈ရက် နံနက် ၁၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ဌာနခွဲ(၃)၊ ဌာနစု(၆)၊ ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ဓေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ ကြီးကြပ်မှုတို့ဖြင့် အဟံအဖွဲ့ချုပ်(ရှင်သာမဏေ ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့)နှင့် အလှူရှင်များစုပေါင်းလှူဒါန်းမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ (၂၇)ပါးနှင့် ရှင်သာမဏေကျော်စာမေးပွဲဖြေဆိုလျက်ရှိသည့် ရှင်အပါး(၁၀၀၀)တို့အား ပူဇော်ပွဲနှင့်နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကြီးအား ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါ၍ သူတော်စင်အပေါင်းမှ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန်၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး-ဖုန်း-၀၉-၄၄၃၀၄၆၇၂၃၊ ၀၉-၂၅၀၀၃၂၈၀၊ ၀၁-၂၀၁၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန် ကုသိုလ်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

# ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

ပညာရေး၊ ကျန်းမာရေး၊ ဘာသာ သာသနာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ကဏ္ဍများတွင်သာမက နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍစုံတွင် လူအား၊ ငွေအားဖြင့် စဉ်ဆက်မပြတ် စွမ်းစွမ်းတမံ ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိသော

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** အား

၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် **"ပထမ" နေရာမှ (၆)နှစ်ဆက်** ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့ပြီး နိုင်ငံသားကောင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ကိုလုံဆရာတော် ဘဒ္ဒန္တကောဝိဒ**
**ကိုလုံကျောင်းတိုက်၊ ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်**
**ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တပည့်သာဝကများ**

# တောင်ကိုရီးယား နှင်းလျှောစီးကစားသမားများ မြောက်ကိုရီးယားနှင့် အတူလေ့ကျင့်ရန် လာရောက်

**ဆိုးလ် ဇန်နဝါရီ ၃၁**
ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲ မကျင်းပမီတွင် ချစ်ကြည်ရေး ရယူသည့်အနေဖြင့်တောင်ကိုရီးယားမှ နှင်းလျှောစီး ကစားသမားများသည် မြောက်ကိုရီးယားမှ နှင်းလျှောစီးကစားသမားများနှင့်အတူ ပူးပေါင်းလေ့ကျင့်ရန် မြောက်ကိုရီးယားသို့အလည်အပတ်ရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံကိုယ်စားပြု ၄၅ ဦးတို့သည် ဗုဒ္ဓဟူးနေ့ နံနက်တွင် တောင်ကိုရီးယားအရှေ့မြောက်ပိုင်း ရန်ဂျန်လေဆိပ်မှ လေယာဉ်စီးနင်းထွက်ခွာလာခဲ့ကြသည်။

အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နှင်းလျှောစီးသူများသည် Masi-kryong Ski အပန်းဖြေစခန်း၌ မြောက်ကိုရီးယားနှင်းလျှော စီးသူများနှင့် လေ့ကျင့်မှုတစ်လျှောက်လုံးအတူတကွ ပါဝင်လေ့ကျင့်သွားကြမည် ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအရှေ့ပိုင်းရှိ ယင်းအပန်းဖြေစခန်းကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအမ်း၏ ညွှန်ကြားချက်ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်။

တောင်ကိုရီးယား ပေါင်းစည်းညီညွတ်ရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဘိုက်ထယ်ဟရွန်းက တောင်ကိုရီးယားနှင်းလျှောစီးသူများသည် ကြာသပတေးနေ့ ညနေခင်းတွင် ပြန်ကြရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။


ပြန်သွားမည့်လေယာဉ်သည် မြောက်ကိုရီးယား နှင်းလျှောစီး ကစားသမားများနှင့် အခြားသူများကိုလည်း ပြုံချမ်းအိုလံပစ်အားကစားပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့်ဖေဖော်ဝါရီ ၉ ရက်တွင်စတင်မည့် အားကစားပြိုင်ပွဲယှဉ်ပြိုင်မှုများတွင် မြောက်ကိုရီးယားအနေဖြင့် မည်သို့လှုပ်ရှားဆောင်ရွက်သွားမည်ကို နိုင်ငံတကာက စောင့်ကြည့်လျက်ရှိနေကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ်ရှိ နေအိမ်တစ်လုံးပေါ်သို့ ရဟတ်ယာဉ်ပျက်ကျ၊ သုံးဦးသေ



**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၃၁**
ဇန်နဝါရီ ၃၁ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် နယူးပို့စ်ဘိချ်မြို့ရှိ နေအိမ်တစ်လုံးကို ရဟတ်ယာဉ်တစ်စင်းပျက်ကျကာ ဝင်တိုက်မိသောကြောင့် လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျသည့် အိမ်ထဲတွင် လူရှိမနေသော်လည်း ရဟတ်ယာဉ်ပေါ်ပါရှိသူ လေးဦးနှင့် အနီးအနားတွင် ရပ်ကြည့်နေသူတစ်ဦးတို့ အပါအဝင် စုစုပေါင်းသုံးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နယူးပို့စ် ဘိချ်ရဲတပ်ဖွဲ့က တွစ်တာတွင် ရေးသားခဲ့သည်။

ရီဇော်လူးရှင်း လေကြောင်းလိုင်းပိုင် လူလေးယောက်စီးရိဘင်စင်၄၄ ရဟတ်ယာဉ်သည် ဘရစ္စတိုလမ်းနှင့် ဘေးဗျူးပလေ့အနီးရှိ ရှီးယားဝါတာပလေ့၌ အဆိုပါနေ့ မွန်းလွဲပိုင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်သည် အဆိုပါအိမ်ပေါ်သို့ ကောင်းကင်မှအရှိန်ဖြင့် ပြုတ်ကျလာခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူတစ်ဦးကပြောခဲ့သည်။ အဆိုပါရဟတ်ယာဉ်ကို ၁၉၆၀ ပြည့် နှစ်က ထုတ်လုပ်ခဲ့ကြောင်း၊ လေယာဉ်မှူးများ လေ့ကျင့်ခြင်းနှင့် ဒေသရှုခင်းများ ကြည့်ရှုရာတွင် ခရီးသည်များအသုံးပြု နိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယင်းရဟတ်ယာဉ်မျိုးမှာ ဘေးကင်းစိတ်ချ ရမှုရှိကြောင်း ရီဇော်လူးရှင်းလေကြောင်း ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# တူရကီနယ်စပ်မြို့ကို ဒုံးကျည်ထိမှန်ခဲ့ရာ အရပ်သားတစ်ဦး သေဆုံး

**အစ္စတန်ဘူလ် ဇန်နဝါရီ ၃၁**
ဆီးရီးယားနိုင်ငံ အာဖရင်ဒေသမှ ဒုံးကျည်နှစ်စင်းပစ်ခတ်မှုကြောင့် တူရကီနယ်စပ်မြို့ဖြစ်သည့် ရေဟန်လီကိုဒုံးကျည်ထိမှန်ခဲ့ရာ အရပ်သားတစ်ဦးသေဆုံးသွားကြောင်း နိုင်ငံပိုင်အနာဒိုလူသတင်းအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင်ဖော်ပြခဲ့သည်။

ပစ်ခတ်လိုက်သည့်ဒုံးကျည်များသည် နေအိမ်နှစ်လုံးကိုထိမှန်ခဲ့ပြီး အသက် ၁၇နှစ်အရွယ်တစ်ဦးသေဆုံးကာ နောက်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အနာဒိုလူသတင်းကဖော်ပြသည်။ ဒုံးကျည်တိုက်ခိုက်မှုများကို ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) အဖွဲ့ဝင်များနှင့် ဆီးရီးယားရှိကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အနာဒိုလူသတင်းက ဖော်ပြထားသည်။

ဆီးရီးယားရှိ ကာ့ဒ်မျိုးနွယ်စု ဝိုင်ပီဂျီ စစ်သွေးကြွများရှိရာ အာဖရင်ကို တူရကီထိုးစစ်ဆင်နွှဲခဲ့ချိန်မှစတင်ကာ တူရကီနယ်စပ်မြို့ ကီလစ်နှင့်ရေဟန်လီတို့တွင် ဒုံးကျည်အချို့ကျရောက်ထိမှန်ခဲ့သည်။ တူရကီသည် ပြီးခဲ့သည့်ရက်သတ္တပတ်အကြာက လေကြောင်းနှင့်မြေပြင်ထိုးစစ်များဆင်နွှဲခဲ့ပြီး ယင်းစစ်ဆင်ရေးကို သံလွင်ခက်စစ်ဆင်ရေးဟု အမည်ပေးခဲ့သည်။ ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို ပစ်မှတ်ထားသည့် စစ်ဆင်ရေးတစ်ခုဖြစ်ကြောင်း သိရသည်။ **ရိုက်တာ**

# လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တင်းမာသည့် မူဝါဒကိုထရန့်ဖော်ပြ

**ဝါရှင်တန် ဇန်နဝါရီ ၃၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဥပဒေပြုသူများအား အတိုက်အခံပါတီရော၊ အာဏာရပါတီကပါ ညှိနှိုင်း၍ သဘောတူညီမှုရရှိအောင် ဆောင်ရွက်သွားကြရန် အင်္ဂါနေ့က တိုက်တွန်းခဲ့သည်။ သို့သော် ထရန့်သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်၍ သဘောထားတင်းမာသည့် မူဝါဒချမှတ်ရန်အလေးပေးခဲ့ပြီး နယ်စပ်တံတိုင်းတည်ဆောက်ရေးနှင့် ဒီမိုကရက်တစ်အဖွဲ့ဝင်များထံမှ အခြားသော လိုက်လျောမှုများရရှိရေးကိုအလေးအနက်တိုက်တွန်းခဲ့ကြောင်း သိရသည်။




ပြည်ထောင်စု မိန့်ခွန်းပြောဆိုခဲ့မှုအတွင်း ထရန့်သည် Dreamers ဟု အမည်ပေးထားသည့် လူငယ်ရွှေ့ပြောင်းသွားလာသူများကို ပြည်နှင်ခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးသွားရန်ရှိမရှိနှင့်ပတ်သက်၍ လက်ခံနိုင်ဖွယ်ခြေခြေမြစ်မြစ်ရှိသည့် ဖော်ပြပြောဆိုမှုမျိုးမရှိခဲ့ကြောင်း သိရသည်။ ထရန့်သည် နိုဝင်ဘာလတွင် ကျင်းပမည့် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲကို စောင့်မျှော်လျက်ရှိရာ ကွန်ဆာဗေးတစ် ထောက်ခံသူများကို ဝမ်းမြောက်စေရန် ရည်ရွယ်ချက်ဖြင့် မက္ကဆီကို နယ်စပ်တံတိုင်းကိစ္စအပါအဝင်အမေရိကန် ပြည်ထောင်စုအတွင်းသို့ တရားဝင် ရွှေ့ပြောင်းသွားလာသူများက မိသားစုဝင် မည်မျှခေါ်သွင်းလာနိုင်ကြောင်းနှင့်ပတ်သက်၍ ဒီမိုကရက်တစ်များက ကန့်ကွက်သည့် စည်းမျဉ်းသစ်များကို ထောက်ခံပြောဆိုခဲ့သည်။ **ရိုက်တာ**

# စစ်သွေးကြွအုပ်စုများသတ်ဖြတ်ခဲ့သည့် စစ်သား ၄၅ ဦး၏ အလောင်းကို အီဒလစ်ပြည်နယ် လေတပ်စခန်းအနီးတွင် တူးဖော်တွေ့ရှိ

**ဒမတ်စကက် ဇန်နဝါရီ ၃၁**
အယ်လ်ခိုင်ဒါစစ်သွေးကြွများနှင့် ဆက်စပ်နေသည့် စစ်သွေးကြွအုပ်စုက သတ်ဖြတ်ခဲ့သော စစ်သား ၄၅ ဦး၏ ရုပ်အလောင်းများကို ဆီးရီးယားတပ်ဖွဲ့က နိုင်ငံအနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်ရှိ အဓိကကျသော လေတပ်စခန်းတစ်ခုအနီးတွင် တူးဖော်တွေ့ရှိခဲ့ကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုမှ မကြာသေးမီက ဖော်ပြခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် ဆီးရီးယားအာရတ်လခြမ်းနီ အဖွဲ့တို့က အဆိုပါ ရုပ်အလောင်းများကို အဘူအယ်လ်ဒူဟာ လေတပ်အခြေစိုက်စခန်းအနီးတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပန်အာရပ်အယ်လ်မာရာဒင်ရုပ်သံလိုင်းက ဖော်ပြခဲ့သည်။

အဆိုပါအခြေစိုက်စခန်းအတွင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ရုပ်အလောင်းများကို ထပ်မံတွေ့ရှိလိမ့်မည်ဟု ယူဆကြောင်း၊ သေဆုံးနေသည့် စစ်သားအလောင်းများကို အယ်လ်ခိုင်ဒါနှင့် ဆက်စပ်နေသည့် နျူဆရာတပ်ဦးစစ်သွေးကြွအဖွဲ့ခေါ် အယ်လ်အယ်လ်စီအဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခြင်းသို့မဟုတ် ခေါင်းဖြတ်သတ်ဖြတ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

အစွန်းရောက်စစ်သွေးကြွများသည် လေတပ်စခန်းအား ၂၀၁၅ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီး စစ်သားအများအပြားကို သတ်ဖြတ်ခဲ့ကြောင်း၊ ယခုအခါတွင် ဆီးရီးယားတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများနှင့် အပြင်းအထန်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီ ၂၀ ရက်တွင် အဆိုပါစခန်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အီဒလစ်ပြည်နယ်သည် မတူညီသော နယ်မြေများမှ သူပုန်အုပ်စုများအတွက် ခိုလှုံရာဖြစ်လာပြီး ၎င်းတို့အနက်တချို့ကို တူရကီနိုင်ငံက ထောက်ပံ့ပေးထားသော နျူဆရာတပ်ဦးကဲ့သို့အကြမ်းဖက်အုပ်စုများ၏ ခိုအောင်းရာနေရာလည်း ဖြစ်လာခဲ့သည်။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အကူအညီပေးအပ်မှုကိုရပ်ဆိုင်းရန် ကမ္ဘောဒီးယား အတိုက်အခံ နိုင်ငံရေးသမားတစ်ဦးက ဂျပန်ကိုတောင်းဆို

**ဖနွမ်ပင် ဇန်နဝါရီ ၃၁**

ကမ္ဘောဒီးယား အတိုက်အခံနိုင်ငံရေးသမားတစ်ဦးသည် ဇူလိုင်လတွင်ကျင်းပရန်လျာထားသည့် ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံက အကူအညီပေးအပ်နေမှုကို ရပ်ဆိုင်းရန် ဂျပန်သို့တောင်းဆိုခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေသတင်းအဖွဲ့သည် ကမ္ဘောဒီးယားအမျိုးသား ကယ်ဆယ်ရေးပါတီမှ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Kem Monovithya နှင့်အမေရိကန်ပြည်ထောင်စု၌ အမေးအဖြေပြုလုပ်ခဲ့သည်။ အတိုက်အခံနိုင်ငံရေးသမားက ၎င်း၏ ပါတီကိုဖျက်သိမ်းခဲ့ပြီး ပါတီခေါင်းဆောင်အား အစိုးရကိုဖြုတ်ချရန် ကြံစည်သည်ဟု စွပ်စွဲကာဖမ်းဆီးခဲ့သည့်အတွက် ဝေဖန်ခဲ့သည်။

ပါတီခေါင်းဆောင် ကင်မ်ဆွတ်ခါသည်၎င်း၏ဖခင်ဖြစ်သည်။အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အမျိုးသားရွေးကောက်ပွဲကော်မတီကို ပေးအပ်နေသည့် အကူအညီများကို ရပ်ဆိုင်းလိုက်ချိန်တွင် ဂျပန်အနေဖြင့် တစ်ခုခုလုပ်ဆောင်ရတော့မည်ဟု ၎င်းက ပြောခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲကို ရုရှားပစ်မှတ်ထားလာနိုင်ကြောင်း စီအိုင်အေဒါရိုက်တာပြော

**လန်ဒန် ဇန်နဝါရီ ၃၁**

အနောက်နိုင်ငံတစ်လွှားတွင် ပြည်တွင်းနိုင်ငံရေးကိုလွှမ်းမိုးရန် ကရင်မလင်အစိုးရအဖွဲ့၏ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ရုရှားသည် ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲကို ပစ်မှတ်ထားရန်ကြိုးစားလာနိုင်ကြောင်း စီအိုင်အေဒါရိုက်တာ မိုက်ပွမ်ပိုကပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်တစ်ကမ္ဘာလုံးသည် တရုတ်နိုင်ငံ၏ ကြားဝင်စွက်ဖက်မှုကို တုံ့ပြန်ဆောင်ရွက်သွားနိုင်ရေး ပိုမိုလုပ်ဆောင်သွားသင့်ကြောင်းကိုလည်း ၎င်းကသတိပေးခဲ့သည်။ ရုရှားသည် ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်ခဲ့သည်ဟု စွပ်စွဲခံထားရပြီး အထူးဥပဒေ အကျိုးဆောင်ပုဂ္ဂိုလ်ရောဘတ်မြူလာက စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရုရှားကမူ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆန်ထားသည်။

အင်္ဂါနေ့တွင် ဘီဘီစီကလေလှိုင်းမှ ထုတ်လွှင့်ခဲ့သည့် အင်တာဗျူး၌ အမေရိကန်ထောက်လှမ်းရေးအကြီးအကဲ ပွမ်ပိုက ရုရှားသည်သတင်းအချက်အလက်စစ်ဆင်ရေးများစွာလုပ်ဆောင်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့ပြီး ၎င်း၏ခြိမ်းခြောက်မှုအန္တရာယ်သည် ပျောက်ကွယ်သွားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

# အိန္ဒိယနဲ့ ပါကစ္စတန်တို့ စစ်မက်လျှော့ချရေး အလှမ်းဝေးနေ

*ကလျာမိုးမြင့်*



အိန္ဒိယနဲ့ ပါကစ္စတန်ကို ပိုင်းခြားထားတဲ့ ကက်ရှ်မီးယား နယ်စပ်တစ်လျှောက်မှာ အထိအခိုက်မခံဖြစ်နေတဲ့ငြိမ်းချမ်းရေးဟာ တဖြည်းဖြည်းနဲ့ ပြိုလဲပျက်စီး လာနေပါတယ်။ ထိန်းချုပ်နယ်နိမိတ်မျဉ်း (LoC) ဟာ ကက်ရှ်မီးယားနဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျာမူပြည်နယ် တောင်တန်းတွေကို ဖြတ်ကျော်သွယ်တန်းနေတဲ့ ၇၇၆ ကီလိုမီတာ( ၄၈၂မိုင်) ရှည်လျားတဲ့ နယ်စပ်တစ်လျှောက်ကို ပိုင်းခြားသတ်မှတ်ထားပါတယ်။

အိန္ဒိယနဲ့ ပါကစ္စတန်တပ်ဖွဲ့ဝင် နှစ်သိန်းခန့်ဟာ ရိုင်ဖယ်တွေ၊ စက်သေနတ်တွေ၊ မော်တော်ယာဉ်တွေ၊ အမြောက်တပ်တွေနဲ့အတူ အဲဒီထိန်းချုပ်နယ်နိမိတ်မျဉ်းမှာ အသင့်အနေအထားနဲ့ ရင်ဆိုင်တွေ့ကြပါတယ်။ ဒီနေရာဟာ ကမ္ဘာပေါ်မှာ အပြင်းထန်ဆုံးစစ်ဝါဒတွေ သွတ်သွင်းခံထားရတဲ့ နယ်စပ်တစ်ခုပါပဲ။ ၂၀၀၃ ခုနှစ်မှာ အိန္ဒိယဝန်ကြီးချုပ်ဟောင်း အတယ်ဘီ ဟာရီဗက်ဂျ်ပါရီနဲ့ ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်တို့ ငြိမ်းချမ်းရေးသဘောတူညီခဲ့ပြီး ငြိမ်သက်မှုမရရှိခင်မှာ နှစ်ဖက်တပ်ဖွဲ့ဝင်တွေနဲ့ အမြောက်တပ်တွေယှဉ်ပြိုင်ရင်ဆိုင်တဲ့ အသေးစားတိုက်ပွဲတွေဟာဆိုရင် LoCမှာ ပုံမှန်တွေ့မြင်နေကျ ဝိသေသတစ်ခုလိုဖြစ်နေခဲ့ပါတယ်။

**ဖိအားတွေကျရောက်လာတဲ့ အပစ်အခတ်ရပ်စဲရေး**

နှစ်ဖက်သဘောတူညီခဲ့တဲ့ အဲဒီအပစ်အခတ်ရပ်စဲရေးဟာ ၂၀၁၃ခုနှစ်မှာ နှစ်ဖက်စလုံးက နယ်စပ်မျဉ်းတစ်လျှောက် တိတ်တဆိတ် ချဉ်းကပ်လာကြပြီး ရန်သူတပ်ဖွဲ့ဝင်တွေကို သတ်ဖြတ်ကာ သေဆုံးသွားသူတွေရဲ့ အစိတ်အပိုင်းတွေကို အောင်ပွဲဆုလာဘ်အနေနဲ့ ယူဆောင်သွားချိန်ကစပြီး ပိုမိုကြီးမားတဲ့ ဖိအားတွေအောက်ကို ကျရောက်ခဲ့ရပါတော့တယ်။

အိန္ဒိယဘက်က ပြောတာကတော့ ပါကစ္စတန်တပ်ဖွဲ့ဝင်တွေဟာ နှစ်ဖက်စလုံးကနေ LoC ကို ဖြတ်ကျော်လာတဲ့ ပါကစ္စတန်စစ်သွေးကြွတွေနဲ့ ကက်ရှ်မီးယားခွဲထွက်ရေးအုပ်စုတို့ ထိုးဖောက်စိမ့်ဝင်လာစေဖို့အတွက် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့တယ်လို့ ဆိုထားပါတယ်။ ပါကစ္စတန် ထိန်းချုပ်ထားတဲ့ ကက်ရှ်မီးယားမှာလက်နက်တွေ ရယူဖို့နဲ့ လေ့ကျင့်ဖို့ အိန္ဒိယကနေလာမယ်။ ပြီးတော့ ကက်ရှ်မီးယား တောင်ကြားမှာရှိတဲ့ လုံခြုံရေးအင်အားစုတွေကို တိုက်ခိုက်ဖို့ အိန္ဒိယဘက်ကိုပြန်သွားမယ် ဆိုတဲ့ပုံစံမျိုးဖြစ်ပါတယ်။

ဒီလိုထိုးဖောက်စိမ့်ဝင်လာအောင် လုပ်ဖို့အတွက် ပါကစ္စတန်တပ်ဖွဲ့ဝင်တွေဟာ အိန္ဒိယတပ်ဖွဲ့ဝင်တွေ ခေါင်းမထောင်နိုင်စေဖို့ အိန္ဒိယဘက်ကတပ်စခန်းတွေဆီကို အပြင်းအထန် ပစ်ခတ်မှုတွေ ပြုလုပ်တယ်။ ဒီလိုလုပ်ဆောင်ခြင်းက စစ်သွေးကြွအုပ်စုငယ်တွေကို လမ်းကြောင်း ပွင့်အောင်ထိုးဖောက်နိုင်ပြီး အိန္ဒိယဘက် တပ်စခန်းတွေကြားမှာရှိတဲ့ မိုင်းကွင်းတွေကို ကျော်ဖြတ်သွားနိုင်စေမှာဖြစ်တယ်လို့ သိရပါတယ်။

**နှစ်ဖက်စလုံးက ချိုးဖောက်လာ**

အိန္ဒိယတပ်မတော်က ပါကစ္စတန်ဟာ ၂၀၁၇ ခုနှစ်မှာ အပစ်အခတ်ရပ်စဲရေးကို အကြိမ်ပေါင်း ၈၆၀ လောက်ချိုးဖောက်ခဲ့တယ်။ ဒီဇင်ဘာလ တစ်လတည်းမှာတင် ၁၄၇ ကြိမ် ချိုးဖောက်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့တဲ့ ၂၀၀၃ ခုနှစ် နိုဝင်ဘာကတည်းကစပြီး ဘယ်နှစ်တွေနဲ့မှမတူဘဲ အကြိမ်ရေအများဆုံးချိုးဖောက်ခဲ့တယ်လို့ ဆိုထားပါတယ်။နှစ်သစ်ကူးကာလအတွင်းမှာ သေနတ်ပစ်ခတ်မှုတွေ ဆက်တိုက်ဆိုသလို ဆက်လက်ဖြစ်ပွားနေခဲ့ပြီး ဇန်နဝါရီလမှာတော့ အပစ်ရပ်စဲရေးကို ပိုပိုပြီးချိုးဖောက်လာခဲ့တယ်လို့ ဖော်ပြထားပါတယ်။

အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုတွေဟာ ယခင်နှစ်တွေမှာ နှစ်ဆလောက်မြင့်တက်လာခဲ့ပါတယ်။ပါကစ္စတန်ဘက်က ချိုးဖောက်မှုဟာ ၂၀၁၅ခုနှစ်မှာ ၄၀၅ ကြိမ်ရှိပြီး ၂၀၁၆ခုနှစ်မှာ ၄၄၉ ကြိမ်လောက် ချိုးဖောက်ခဲ့တယ်လို့ ဆိုထားပါတယ်။ ပါကစ္စတန်ဘက်ကလည်း အိန္ဒိယဟာ ပြီးခဲ့တဲ့နှစ်မှာ အပစ်အခတ်ရပ်စဲရေးကို အကြိမ်ပေါင်း ၁၉၀၀ ကျော်လောက် ချိုးဖောက်ခဲ့တယ်လို့ တုံ့ပြန်ပါတယ်။ ဇန်နဝါရီလတစ်လတည်းမှာတင် အိန္ဒိယဘက်ကချိုးဖောက်တာ ၇၅ ကြိမ်မကတော့ဘူးလို့ စွပ်စွဲထားပါတယ်။ နှစ်ဖက်စလုံးက အပြန်အလှန် စွပ်စွဲနေကြတဲ့အတွက်အပစ်အခတ်ရပ်စဲရေး ချိုးဖောက်တာတွေနဲ့ပတ်သက်ပြီး ဘယ်ဘက်က တာဝန်ရှိတယ်ဆိုတာကို ခွဲတမ်းချဖို့တောင် တော်တော်မလွယ်တဲ့ အနေအထားဖြစ်နေပါတယ်။

**ကျူးကျော်ရန်စမှုမရှိ**

အိန္ဒိယနဲ့ ပါကစ္စတန် နှစ်ဖက်စလုံးက ၎င်းတို့ရဲ့ တပ်ဖွဲ့ဝင်တွေဘက်က ကျူးကျော်ရန်စခြင်းမရှိဘဲ သေနတ်ပစ်ခတ်မှုတွေကို ရင်ဆိုင်ခဲ့ရပြီး အဲဒီအခြေအနေကြောင့် သင့်လျော်တဲ့ တုံ့ပြန်ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့ရတာပဲ ဖြစ်တယ်လို့ ပြောကြားပါတယ်။ ဘက်မလိုက်တဲ့ ဘယ်လေ့လာစောင့်ကြည့်ရေးအဖွဲ့ကမှ LoC ကို အမှန်တကယ်ထိရောက်တဲ့နည်းလမ်းတွေနဲ့ စီမံထိန်းချုပ်ဆောင်ရွက်မှုမလုပ်ခဲ့တာကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်မှ စစ်ရေးလေ့လာစောင့်ကြည့်ရေးကုလသမဂ္ဂအဖွဲ့ (UNMOGIP) ဟာ LoCကို အခါအားလျော်စွာ သွားရောက်ခဲ့ပါတယ်။ ဒါပေမယ့် သတိပေးမှုတွေမပြုလုပ်ဘဲ ဘယ်တော့မှမသွားခဲ့ပါဘူး။ အိန္ဒိယတပ်မတော်အကြီးအကဲ ဘီပင်ရာဝပ်ကတော့ စစ်သွေးကြွတွေ ထိုးဖောက်စိမ့်ဝင်လာအောင် ကူညီအားပေးတဲ့ ပါကစ္စတန်တပ်စခန်းတွေကို အပြစ်ပေးဖို့ အိန္ဒိယတပ်ဖွဲ့ဝင်တွေဟာ အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်နေတယ်လို့ ဇန်နဝါရီ ၁၂ ရက်မှာ ဝန်ခံပြောကြားခဲ့တာ ရှိပါတယ်။

**တစ်ခါသုံးကုန်ပစ္စည်းများ**

စောစောက ကျွန်ုပ်တို့ဟာ စစ်သွေးကြွတွေစိမ့်ဝင်လာခြင်းကိုသာ ပစ်မှတ်ထားခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဒီအစွန်းရောက်အုပ်စုတွေဟာ ပါကစ္စတန်အတွက် တစ်ခါသုံးကုန်ပစ္စည်းတွေပဲ။အဲဒီအစား ၎င်းတို့တွေစိမ့်ဝင်လာအောင် ကူညီအားပေးခဲ့တဲ့အတွက် ပါကစ္စတန်တပ်ဖွဲ့တွေပဲ ထိခိုက်ခံစားရမှာ ဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်တို့ဟာ အခုပါကစ္စတန်တွေ တပ်စွဲထားတဲ့နေရာတွေကို ပစ်မှတ်ထားနေပြီဆိုတာကို ကျွန်ုပ်အသေအချာပြောနိုင်တယ်။ ဒီအပြန်အလှန် ပစ်ခတ်မှုတွေကနေ သေကျေပျက်စီးမှုတွေ သုံးလေးကြိမ်ထက်မနည်း ကြုံခဲ့ရပြီးပြီ။ ဒါကြောင့်လည်း ကျွန်ုပ်တို့က ၂၀၀၃ ခုနှစ်မှာသဘောတူညီခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးအဆင့်ကို ပြန်ရောက်အောင် ထိန်းသိမ်းဖို့ အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့တာဖြစ်တယ်လို့ ရာဝပ်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

အိန္ဒိယရဲ့တင်းမာတဲ့ သဘောထားကို ဖော်ပြရမယ်ဆိုရင် စောစီးစွာစစ်မက်ဖြစ်ပွားမှု လျော့ကျရေးဆိုတာဖြစ်လာဖို့ အလားအလာနည်းပါးနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအစောပိုင်းမှာ အိန္ဒိယတပ်မတော်ဟာ စစ်ရေးလှုပ်ရှားမှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှစ်ဦး (DGMO) တွေ့ဆုံပြီး ထိန်းချုပ်နယ်နိမိတ်မျဉ်း (LoC)မှာ စစ်မက်လျှော့ချရေးနဲ့ ပတ်သက်ပြီးဆွေးနွေးကြဖို့ ပါကစ္စတန်ဘက်ကတောင်းဆိုမှုကို ငြင်းဆန်လိုက်ပါတယ်။

စစ်ရေးလှုပ်ရှားမှုအဖွဲ့ညွှန်ကြားရေးမှူးချုပ်တွေဟာ အပတ်စဉ်တိုင်းလိုလို တိမ်မြုပ်နေတဲ့အထူးတလည်အကြောင်းအရာတွေကို ပြောဆိုဖြစ်ကြပေမယ့် တကယ်အရေးကြီးတဲ့ ပြဿနာတစ်ခုကိုဖြေရှင်းဖို့ဦးတည်တဲ့ တွေ့ဆုံဆွေးနွေးမှုတစ်ခု ပြုလုပ်တယ်ဆိုတာကတော့ ရှားပါးတဲ့ကိစ္စတစ်ခုပါပဲ။ နောက်ဆုံးပြုလုပ်ခဲ့တဲ့ DGMO အစည်းအဝေးဟာ ၂၀၁၃ ခုနှစ် ခရစ္စမတ်ရာသီမှာ ဝါဂါမှာပြုလုပ်ခဲ့တာဖြစ်ပြီး ပါကစ္စတန်တပ်ဖွဲ့ဝင်တွေက အိန္ဒိယတပ်ဖွဲ့ဝင် ခုနစ်ဦးကို သတ်ဖြတ်ခဲ့ပြီး နှစ်ဦးရဲ့အလောင်းတွေကို ဖြတ်တောက်ဖျက်ဆီးခဲ့ပြီးနောက်မှာ LoC မှာဖြစ်ပွားနေတဲ့ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုရဲ့အကျိုးသက်ရောက်မှုတွေကို လျှော့ချရာမှာအောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ပါကစ္စတန်အနေနဲ့ ကက်ရှ်မီးယားဒေသထဲကို စစ်သွေးကြွတွေ စိမ့်ဝင်ပျံ့နှံ့လာမှုကို လုံးဝပိတ်ဆို့တားဆီးနိုင်တဲ့အခြေအနေမရှိတဲ့အတွက် LoCနဲ့ပတ်သက်ပြီး အသေးစားပဋိပက္ခတွေကတော့ ဆက်လက်ဖြစ်ပွားနေဦးမှာ ဖြစ်ပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်ဟာ စစ်ပွဲသုံးပွဲလောက် အထိတိုက်ခိုက်လာခဲ့ကြပြီး ပဋိပက္ခတွေအားလုံးနီးပါးဟာလည်း ကက်ရှ်မီးယားနဲ့ပတ်သက်ပြီးဖြစ်လာတဲ့ ရန်ပွဲတွေချည်းပါပဲ။ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန်စွပ်စွဲမှုတွေ၊အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုတွေကို မထိန်းချုပ်နိုင်သေးသမျှတော့ အပြည့်အဝငြိမ်းချမ်းရေးရရှိဖို့ အလှမ်းဝေးပြီး ခက်ခဲနေဦးမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား-ဘီဘီစီ၊ ဆင်ဟွာ**

> "အိန္ဒိယနဲ့ ပါကစ္စတန် နှစ်ဖက်စလုံးက ၎င်းတို့ရဲ့ တပ်ဖွဲ့ဝင်တွေဘက်က ကျူးကျော်ရန်စခြင်းမရှိဘဲ သေနတ်ပစ်ခတ်မှုတွေကို ရင်ဆိုင်ခဲ့ရပြီး အဲဒီအခြေအနေကြောင့် သင့်လျော်တဲ့ တုံ့ပြန်ပစ်ခတ်မှုတွေ လုပ်ဆောင်ခဲ့ရတာပဲ ဖြစ်တယ်လို့ ပြောကြား"

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာ အောင်မြင့်ဦး (ပါမောက္ခဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် " မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်သည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲကြီးဖြေဆိုရာတွင် ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန် ရည်ရွယ်ပါသည်။

ဒသမတန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားသည့် စာအုပ် ၄ အုပ်ရှိပါသည်။ ယင်းစာအုပ်များမှာ - မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာကဗျာလက်ရွေးစင်၊ မြန်မာစကားပြေလက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့ ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် ကျယ်ကျယ်ပြန့်ပြန့်နှံ့နှံ့စပ်စပ် လေ့လာထားရန် လိုအပ်ပါသကဲ့သို့ စာမေးပွဲဖြေဆိုရာ၌ စာမေးပွဲမေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင်၊ ပေးထားသည့် အချိန်အတိုင်းအတာအတွင်း ကွက်တိဖြေဆိုနိုင်အောင်၊ လေ့လာကျက်မှတ် လေ့ကျင့်ထားရန် လိုအပ်ပါသည်။ ထိုသို့ လေ့လာကျက်မှတ်လေ့ကျင့်နိုင်ရန်အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာ ကျေကျေညက်ညက်သိရှိထားရန် လိုအပ်ပါသည်။

မြန်မာစာမေးခွန်းသည် (၃)နာရီမေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းကြီး (၆)ပုဒ် မေးထားပါသည်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ၊အလင်္ကာ (၁)ပုဒ်၊ ကဗျာခမ္မခိဋ္ဌာန်နှင့်ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မခိဋ္ဌာန်နှင့် စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း(၁)ပုဒ် တို့ ဖြစ်ပါသည်။ မေးခွန်းအလိုက် ရွေးချယ်စရာများလည်း ပါဝင်မည် ဖြစ်ပါသည်။

မေးခွန်း(၁)သည် မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံသည့်မေးခွန်း ဖြစ်ပါသည်။ မြန်မာသဒ္ဒါ အတွဲ(၂)၊ အခန်း(၆)မှာ အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း (၃) ပိုင်းမှာ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂ ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာသိမှတ်ဖွယ်ရာများတို့ဖြစ်ကြပါသည်။ မေးခွန်း(၁) တွင် ယင်းကဏ္ဍများကို မေးခွန်းပုဒ်ခွဲ ၃ ခုခွဲပြီး မေးလေ့ရှိပါသည်။ မေးခွန်းပုဒ်ခွဲမေးရာတွင် ကဏ္ဍအလိုက် မေးခြင်းမျိုးမဟုတ်ဘဲ မေးခွန်း ၁ (က)၌ အပိုင်း ၃ ခုစလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက် စသည့် ကျက်မှတ်မှုဆိုင်ရာမေးခွန်းနှင့်၊ မေးခွန်း ၁ (ခ) နှင့် (ဂ) တို့၌ မြန်မာသဒ္ဒါကို မည်မျှနားလည်မှု ရှိ မရှိ၊ မည်မျှ လက်တွေ့အသုံးချနိုင်စွမ်း ရှိ မရှိ ဟူသည့် နားလည်မှုနှင့် ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်သည့် မေးခွန်း ဖြစ်ပါသည်။

**မေးခွန်း ၁ (က)** တွင် ပြဋ္ဌာန်းသဒ္ဒါစာအုပ် အပိုင်း(၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်း ကဏ္ဍ ၃ ခု ၌ ပါဝင်သည့် မူရင်းအရေးအသားများ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာ စသည့် စာအမျိုးမျိုး၊ အက္ခရာများ၏ယေဘုယျပုံသဏ္ဍာန်၊ ဆလိမ်ပြောင်းလဲပုံ၊ ညပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ ရကောက်ပြောင်းလဲပုံ၊ သပြောင်းလဲပုံ၊ အက္ခရာ ဣ ပြောင်းလဲပုံ၊ အက္ခရာ ဤပြောင်းလဲပုံ၊ အက္ခရာ ဧပြောင်းလဲပုံ စသည့် မြန်မာအက္ခရာများ၏ ယေဘုယျ ပုံသဏ္ဍာန်နှင့် အက္ခရာပုံသဏ္ဍာန် ပြောင်းလဲပုံများ၊ ဌာန်၊ ကရိုဏ်းနှင့်ပယတ် တို့၏ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ် တို့ကြောင့် ဖြစ်ပေါ်လာသည့် စကားသံအကြောင်း၊ စကားသံဖြစ်အင်္ဂါ၊ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ၊ မလှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ၊ ဌာန်နှင့် ကရိုဏ်း၊ နှာခေါင်း ဌာန်-လျှာခင် ကရိုဏ်း၊ ပယတ် စသည့် ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍမှ သိမှတ်ဖွယ်ရာများ၊ ပါဋ္ဌိဆင့်ရေးနည်းနှင့် ဖတ်နည်းအခန်းမှ ပါဋ္ဌိဆင့်ရေးနည်းနှင့် ဖတ်နည်း၊ အက္ခရာတူ နှစ်လုံးဆင့်နည်း၊ အက္ခရာကွဲနှစ်လုံးဆင့်နည်း မြန်မာပါဋ္ဌိဆင့်ရေးနည်းနှင့် ဖတ်နည်းစသည့် အချက်အလက်များကို ထုတ်နုတ် မေးမြန်းလေ့ရှိပါသည်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှ ဝါစင်္ဂ အမျိုးမျိုး၏ အကြောင်းကို ခေါင်းစဉ် အမျိုးမျိုးထပ်မံ စိတ်ပိုင်းပြီး အနက်အဓိပ္ပာယ်အရ နာမ် (၄) မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရနာမ် (၄) မျိုး၊ အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရကြိယာ (၃) မျိုး၊ အနက်အဓိပ္ပာယ်အရကြိယာဝိသေသန(၅) မျိုး၊ ကြိယာ ဝိဘတ် (၂) မျိုး၊ သမ္ဗန္ဓ၊ ဆက်စပ်ပုံအရသမ္ဗန္ဓ (၃) မျိုး၊ ပုဒ်ပြောင်း ပစ္စည်း (၃) မျိုး စသည်ဖြင့် ဝါစင်္ဂအမျိုးမျိုးတို့၏ ဖွင့်ဆိုချက်နှင့် အမျိုးအစားများအကြောင်းကို မေးလေ့ရှိပါသည်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းမှ ဝါကျရိုး သတ်မှတ်ချက်၊ ဝါကျရိုးဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရော သတ်မှတ်ချက်၊ ဝါကျရော ဖွဲ့ပုံအမျိုးမျိုး၊ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂) မျိုး၊ ပုဒ်အမျိုးအစား (၄)မျိုး၊ ပုဒ်စု အမျိုးအစား (၃) မျိုး စသည်တို့ကိုလည်း မေးလေ့ရှိပါသည်။

သဒ္ဒါမေးခွန်းသည် မေးသည့်အကြောင်းအရာ အမျိုးအစားများပြားစုံလင်သော်လည်း ရွေးချယ်စရာများပါဝင်သည့်အတွက် မိမိစိတ်ကြိုက် အပုဒ်များကို ရွေးချယ်ဖြေဆိုနိုင်မည်ဖြစ်သည်။ ဖြေဆိုရာတွင် ကျက်မှတ်ထားသမျှကို အစီအစဉ်တကျရေးပြရမည်ဖြစ်ပြီး သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်များကို ဖြေဆိုရာတွင် လိုအပ်သည့် သာဓကများကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထို့ကြောင့် လိုအပ်သည့်နေရာ၌ သာဓကဆောင်နိုင်ရန် သာဓကများကိုလည်း မှတ်သားထားရမည် ဖြစ်သည်။

သာဓကအားဖြင့် - ပေစာ၊ ပုရပိုက်စာကို ဖြေဆိုမည်ဆိုပါက

- ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမည်ဟု ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်၍ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေဖြင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု) က ရေးခဲ့သည့် ပေများကို တွေ့နိုင်ကြောင်း၊
- ထို့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော် အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်းရေးသားခဲ့သည့် အက္ခရာတို့၏ ပုံသဏ္ဍာန်ကို ထိုပေပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း၊ ဟူသည့်အချက်များကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမည် ဖြစ်သည်။

**မေးခွန်း ၁ (ခ)** သည် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်း (၆)ခု မေးကာ (၄)ခုကို ဖြေဆိုရပါသည်။ ဤမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်ထဲမှ လေ့ကျင့်ခန်းများကို အကြိမ်ကြိမ် လေ့ကျင့်ထားရန် လိုအပ်ရုံမက မေးခွန်းကို သေချာစွာဖတ်ပြီး မေးထားသည့်အတိုင်း တိတိကျကျ ဖြေဆိုရန် လိုအပ်ပါသည်။

သာဓကအားဖြင့် အောက်ပါတို့အနက် လေးခုကို ရွေးချယ်၍ ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်း ဖြေဆိုပါဟု မေးသည့် "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်" တို့ကို ဖြေမည်ဆိုလျှင် - "နေ"သည် ပင်ကိုနာမ်၊ "လက်စွပ်"သည် ပေါင်းစပ်နာမ်၊ "ကူညီမှု"သည် ကြိယာနာမ်၊ "အကောင်း" သည် ဂုဏ်ရည်ပြနာမ်၊ "မေတ္တာ"သည် ပင်ကိုနာမ်၊ "လွယ်အိတ်" သည် ပေါင်းစပ်နာမ် ဖြစ်ကြောင်း တိကျစွာ ဖြေဆိုနိုင်အောင် ကျက်မှတ် လေ့ကျင့်ထားရန် လိုအပ်ပါသည်။

**မေးခွန်း ၁ (ဂ)** သည် သဒ္ဒါကိုအမှန်တကယ် နားလည် တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်သည့် မေးခွန်းဖြစ်သည်။ ဤမေးခွန်းတွင် (၅)ခု မေးပြီး (၃)ခု ဖြေဆိုရမည်ဖြစ်သည်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံးများကို ပေးထားပြီး ဝါကျဖွဲ့ခိုင်းသော မေးခွန်းမျိုး ဖြစ်လေ့ရှိပါသည်။ ဝါကျတွင်းရှိ စကားလုံးကို မျဉ်းသားပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းခြင်းမျိုးလည်း မေးနိုင်ပါသည်။ ဝါစင်္ဂအလိုက် ပေးထားသည့်စကားလုံးများကို ဝါကျထဲတွင် ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂအမျိုးအစား ဖော်ပြခိုင်းခြင်းမျိုးလည်း မေးနိုင်ပါသည်။

သာဓက အားဖြင့်-

- "အပူတပြင်း" ဟူသည့် ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းလျှင်-
  "မောင်မောင်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် အပူတပြင်း ရှာဖွေနေသည်။"
- "တိုင်အောင်" ဟူသည့် အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းလျှင်-
  "ညီလေးသည် နေ့စဉ် ည ၁၁ နာရီ တိုင်အောင် ကျောင်းစာများကို ကျက်မှတ်လေ့ ရှိသည်။"
- "နိုင်" ဟူသည့် ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းလျှင်-
  " ကျွန်တော်တို့သည် မည်သည့်အလုပ်ကိုမဆို မကြိုးစားလျှင် အောင်မြင်မှု မရနိုင်ပါ။"

စသဖြင့် ဝါကျဖွဲ့ရမည် ဖြစ်သည်။ ဝါကျဖွဲ့သည့်အခါတွင် ဝါကျ ပြည့်စုံ မှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ရန် လိုအပ်ပါသည်။

**မေးခွန်း ၂ (က)** သည် စကားပြေ၊ကဗျာ၊ရေသည်ပြဇာတ်များမှ စာသုံး၊ ပေသုံး၊ ရှေးသုံး ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ခိုင်းသည့်မေးခွန်း ဖြစ်ပါသည်။ ဤမေးခွန်းတွင် (၈) ခု ပေးထားပြီး (၅)ခု ဖြေရမည် ဖြစ်သည်။ ဖြေဆိုသည့်အခါတွင် ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် လိုအပ်သလို အဓိပ္ပာယ် ဖွင့်ပုံတိကျရန်လည်း လိုအပ်ပါသည်။ ဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် ကိုက်ညီမှန်ကန်သည့် အဓိပ္ပာယ် ဖြစ်ရန်လည်း လိုအပ်ပါသည်။ ဤမေးခွန်းသည် ရှေးသုံးဝေါဟာရများ၏ အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် သိရှိခြင်း ရှိ၊ မရှိ စစ်ဆေးသည့် မေးခွန်းဖြစ်သည့်အတွက် ပြဋ္ဌာန်းစာအုပ်များမှ ခက်ဆစ်အဓိပ္ပာယ်များကို သေချာစွာ လေ့လာထားရမည် ဖြစ်ပါသည်။

သာဓကအားဖြင့်-

သိယံသူ့သမီး စကားပြေမှ "သတင်းစင်" ဟူသည့် ဝေါဟာရကို အနက်ဖွင့်မည်ဆိုလျှင် "အကျင့် စင်ကြယ်သည်" ဟု ဖွင့်ရပါမည်။ "သတင်းစင်" သည် ကြိယာဖြစ်သည့်အတွက် အနက်ဖွင့်ရာတွင်လည်း ကြိယာအနက်သာ ဖြစ်ရပါမည်။ မိမိအဓိပ္ပာယ်နှင့် မိမိဖွင့်ဆိုခြင်းမျိုး၊ သဒ္ဒါအမျိုးအစား မှားယွင်းဖွင့်ဆိုခြင်းမျိုး မဖြစ်သင့်ပေ။ သာဓကအားဖြင့် မြင်စိုင်းရွှေပြည်ကဗျာမှ "စောလူး" ဝေါဟာရကို အနက်ဖွင့်မည်ဆိုပါက "မြင့်မြတ်၊ ပျို့ရွယ်သောမင်း" ဟု ဖွင့်ဆိုရမည် ဖြစ်ပါသည်။ နာမ် ဝေါဟာရဖြစ်သည့်အတွက် ဖွင့်သည့် အနက်သည် နာမ်အနက်သာ ဖြစ်ရပါမည်။

**မေးခွန်း ၂ (ခ)** မှာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တို့တွင်ပါဝင်သည့် ဝေါဟာရများအနက် မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်သည့် ခေတ်သုံးဝေါဟာရများကို ဝါကျဖွဲ့စေခြင်း ဖြစ်ပါသည်။ ဤမေးခွန်းတွင်လည်း (၈)ခု ပေးထားပြီး (၅)ခု ဖြေဆိုရမည် ဖြစ်ပါသည်။ ပေးထားသည့် ဝေါဟာရသည် အနက်အဓိပ္ပာယ် တစ်မျိုးထက်မက ကွဲပြားမှုရှိနိုင်သော်လည်း မေးခွန်း၏သဘောသဘာဝအရ ဝါကျဖွဲ့ရာတွင် ပြဋ္ဌာန်းစာ၌ သုံးသည့် အဓိပ္ပာယ်မျိုးသာ ဖြစ်ရပါမည်။ ဝါကျဖွဲ့ရာတွင် ဝေါဟာရ၏ အနက်ပေါ်လွင်ပြီး အဓိပ္ပာယ်ပြည့်စုံရန် လိုအပ်ပါသည်။ ကတ္တားမပါသည့် ဝါကျမျိုးလည်း မဖြစ်သင့်ပေ။

သာဓကအားဖြင့်-

ဦးပေါင်းကျားနှင့် မြင်းကျားရှင်စကားပြေမှ "ကြုံးဝါး" ဟူသည့် ဝေါဟာရကိုဝါကျဖွဲ့လျှင်-

- "ညီမလေးသည် ယခုစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရအောင် ဖြေမည်ဟု ကြုံးဝါးနေသည်။" ဟူသည့် ဝါကျမျိုးရေးသားနိုင်ပါသည်။

ရေသည်ပြဇာတ်မှ "ဒလဟော" ဆိုသည့် ဝေါဟာရကိုဝါကျဖွဲ့လျှင်-

- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ ဒလဟော စီးဆင်းနေသည်။" စသည်ဖြင့် ရေးသားနိုင်ပါသည်။

ဝါကျဖွဲ့ရာတွင် ပေးထားသည့်ဝေါဟာရ၏ အဓိပ္ပာယ်အသုံးမှန်ကန်ရန်လိုသကဲ့သို့ သဒ္ဒါနေရာလည်း မှန်ရန်လိုပါသည်။ နာမ်စကားလုံးဆိုလျှင် နာမ်နေရာ၊ ကြိယာဆိုလျှင် ကြိယာနေရာ၊ ကြိယာဝိသေသန ဆိုလျှင် ကြိယာဝိသေသနနေရာ စသည်ဖြင့် သူ့နေရာနှင့်သူမှန်အောင် ဝါကျဖွဲ့ရမည် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၂ (ဂ)** သည် အလင်္ကာမေးခွန်း ဖြစ်ပါသည်။ အလင်္ကာ မေးခွန်းတွင် ဝေါဟာရများကို အလင်္ကာအမျိုးအမည်ဖော်ပြလျက် ပေးထားပြီး သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားကြောင်းနှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း မေးပါသည်။ ဝေါဟာရ အရေအတွက် (၈) ခုပေးထားပြီး (၅) ခု ဖြေဆိုစေပါသည်။ **အလင်္ကာကို ဖြေဆိုရာတွင် ဥပမာ အလင်္ကာကိုဖြေရာ၌ အနှိုင်းခံနှင့် အနှိုင်းကို မည်သို့ ခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကို ဖြေမည်ဆိုလျှင် အနှိုင်းခံနှင့် အနှိုင်းကို မည်သို့ထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိ အလင်္ကာကိုဖြေလျှင် မည်သို့ တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေလျှင် မည်သို့အလွန်အကြူး** ရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေလျှင် မည်သည့် မြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုသည့် သက်ဆိုင်ရာ အလင်္ကာ၏သတ်မှတ် အသုံးအနှုန်းများကို သုံးစွဲပြီး ရှင်းပြရမည် ဖြစ်ပါသည်။

သာဓကအားဖြင့်-

"ရွှေချသလို" ဟူသည့် ဥပမာအလင်္ကာကို ဖြေမည်ဆိုလျှင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောက်ျားက မိမိဘဝ အခြေအနေတိုးတက်လာမည့်အကြောင်းနှင့် ဆက်စပ်၍ ပြောဆိုသည့် စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက်ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ(အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြဖြေဆိုရမည် ဖြစ်ပါသည်။

အလင်္ကာမေးခွန်းတွင် အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိသည့် အရေးအဖွဲ့မျိုးကို မေးမည်မဟုတ်သကဲ့သို့ ဝိဝါဒကွဲပြားနိုင်သည့် အရေးအဖွဲ့မျိုးကိုလည်း မေးမည်မဟုတ်ပေ။ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားသည့် အရေးအဖွဲ့မျိုးကိုသာ မေးမည်ဖြစ်ပါသည်။ ဖြေဆိုရာတွင်လည်း ပါဝင်သည့် ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာ အမျိုးအစားအလိုက် ပါဝင်ရမည့်သော့ချက် စကားလုံးများ ပါဝင်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း မှန်ကန်စွာ ဖြေဆိုနိုင်မည်ဆိုလျှင် အမှတ်ပြည့် ရရှိမည်ဖြစ်ပါသည်။ အလင်္ကာဆိုင်ရာ စကားအသုံးအနှုန်းများကို လွဲချော်မှုမရှိစေဘဲ မိမိ၏ကိုယ်ပိုင် ရေးသားတင်ပြချက်ဖြင့် ရေးသားဖြေဆိုနိုင်ပါသည်။

မေးခွန်း(၃)မှာ မြန်မာကဗျာလက်ရွေးစင်မှ ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါသည်။

၃ (က)သည် ကဗျာ ခမ္မခိဋ္ဌာန်မေးခွန်းများ ဖြစ်ပါသည်။ ၃(က) ခမ္မခိဋ္ဌာန်မေးခွန်းများအတွက်-ကဗျာတစ်ပုဒ်ချင်း၏ မိတ်ဆက်တွင်ပါသည့် ကဗျာစာဆိုအကြောင်း၊ ကဗျာရေးသည့်ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနှင့် ကဗျာ့သဘော၊ကဗျာတွင်ပါသည့် အချက်အလက်နှင့် အနက်အဓိပ္ပာယ်၊ ကဗျာနှင့် သက်ဆိုင်သည့် ထူးခြားချက်များ စသည်တို့ကို လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

ရွှေနှင့်ယိုးမှား ပန်းစကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ မြင်စိုင်းရွှေပြည်ကဗျာကို ငါးစီးရှင်ကျော်စွာရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာကို ကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီ ပြည်ကြီးကဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း၊ စသည်တို့အပြင် ကဗျာမိတ်ဆက်တွင်ပါသည့် ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိသည့် ကဗျာအမျိုးအမည်များ၏ အနက်အဓိပ္ပာယ်များမှအစ သိမှတ်ဖွယ်ရာများကို လေ့လာမှတ်သားထားရမည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၃(က) ကဗျာမေးခွန်းတို့ကိုဖြေဆိုရာတွင် အထူးသတိပြုရမည့် အချက်မှာ မေးခွန်း၌ (၈) ခုပေးထားပြီး (၅) ခုကိုသာ ရွေးချယ်ဖြေဆိုရခြင်းဖြစ်ရာ မိမိရွေးချယ်ဖြေဆိုလိုက်သည့် (၅) ပုဒ်၏ မေးခွန်းတွင်ပါသည့် နံပါတ်စဉ်ကို မှန်ကန်စွာ ရေးသားရန် လိုအပ်ပါသည်။ (၈) ပုဒ် ပေးထားသည့်အနက် (၅) ပုဒ်ကို သာရွေးချယ်ဖြေဆိုလိုက်သည့်အခါ မေးခွန်း၌ ပေးထားသည့် နံပါတ်အတိုင်း မဟုတ်ဘဲ မိမိဖြေသည့်အမှတ်စဉ်အတိုင်း ၁၊ ၂၊၃၊၄၊၅ အမှတ်စဉ် တပ်လိုက်မည်ဆိုလျှင် မိမိတပ်လိုက်သည့် အမှတ်စဉ်နှင့် မေးခွန်း၏ အမှတ်စဉ် ကွဲလွဲသွားသည့်အတွက် အမှတ်ဆုံးရှုံးသွားမည် ဖြစ်ပါသည်။ ရွေးချယ်ရန် ပါလာသည့်အခါ မေးခွန်း၏ နံပါတ်နှင့် အဖြေတွင်ရေးသည့်နံပါတ် ကိုက်ညီရမည်ဆိုသည့်အချက်ကို အထူးသတိပြုရမည် ဖြစ်ပါသည်။

**မေးခွန်း ၃ (ခ)** သည် ရှင်းလင်းဆွေးနွေးရသည့်မေးခွန်း ဖြစ်ပါသည်။ ကဗျာတစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နှင့် ရရှိသည့်သုတရသများကို လေ့လာထားရမည် ဖြစ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ ဖြေဆိုရာ၌ မေးခွန်းနှင့် ဘောင်ဝင်ရန် ဖြစ်ပါသည်။ ကဗျာပါ အကြောင်းအရာကို တိုက်ရိုက်မေးခြင်းလော၊ ကဗျာစာဆိုက မည်သို့ရေးဖွဲ့ထားသည်ကို မေးခြင်းလော၊ ယင်းကဗျာနှင့် ပတ်သက်သည့် မိမိ၏အတွေးအမြင် ခံစားချက်ကို မေးခြင်းလော စသည်ဖြင့် ကွဲကွဲပြားပြား သိရှိရန် လိုအပ်ပါသည်။

*(စာမျက်နှာ ၁၇ သို့)*

*စာမျက်နှာ ၁၆ မှအဆက်*

သာဓကအားဖြင့်-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါ ဆိုသည့် မေးခွန်းကို ဖြေမည်ဆိုပါက ရသကိုသာဖြေပြီး အသိအမြင်ကိုမဖြေ၍ မရပေ။ ယင်းကဗျာနှင့် ပတ်သက်သည့် ကဗျာကပေးသော အသိအမြင်ကို ဖြေဆိုရမည် ဖြစ်ပါသည်။

- တောင်သူကြီးသည် ဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော် ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံ စသည့် စွမ်းရည်သတ္တိတို့ကို သိရသည့်အတွက် ဝီရရသခံစားရကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီးဘဝ ပျော်မွေ့ပုံ၊ ကျေနပ်ပုံတို့ကို သိရသည့်အတွက် အေးငြိမ်းသည့် သန္တရသ ခံစားရကြောင်း၊
- မြန်မာလူမျိုးတို့သည် တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြသည် ဆိုသည့် အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးသည် ချက်ပြုတ်ပြီးသည့်အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်ဟု ဖိတ်ခေါ်နေသည့်အတွက် ပြုံးရွှင်ဖွယ် ဟဿရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းသည့် မြန်မာတို့၏ စိတ်ဓာတ်နှင့် စရိုက်သည် မြတ်နိုးဖွယ်ကောင်းသည် ဆိုသော အသိအမြင်များရရှိကြောင်း ဖော်ကျူးတင်ပြရမည် ဖြစ်သည်။

ထို့ကြောင့် ကဗျာမေးခွန်းကို ဖြေသည့်အခါ၌ မေးခွန်းတွင်ပေးထားသည့် တောင်သူကြီးကဗျာမှရသနှင့် အသိအမြင်ဟူသည့် (၂)ပိုင်းကို (၂)ပိုင်းစလုံး ပါအောင် ပြည့်စုံစွာ ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အချက်တစ်ချက်စီကို ရသတစ်လှည့် အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သကဲ့သို့ ရသတစ်ပိုင်း အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါသည်။ ဖြေဆိုတင်ပြမှုသည် ကျောင်းသူကျောင်းသားများ၏ ကိုယ်ပိုင်အတင်အပြသာ ဖြစ်သင့်ပါသည်။ ကဗျာစာသား အကိုးအကားကောက်နုတ်ချက်များကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါသည်။

ကျောင်းသူကျောင်းသားများအနေဖြင့် ကဗျာမေးခွန်းရှည် ဖြေဆိုနိုင်ရန်အတွက် ပြင်ဆင်ရာ၌ ကဗျာတစ်ပုဒ်၏ အဓိကကျသည့် အချက်အလက်နှင့် ပေါ်လွင်ကောင်းမွန်သည့် ကဗျာစာသား ကောက်နုတ်ချက်တို့ကို ထုတ်နုတ်ကျက်မှတ်ထားသင့်ပါသည်။ ကဗျာတစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်သည့်အတွက် အဓိကကျသည့်အချက်နှင့် ကောင်းမွန်သည့် စာသားကောက်နုတ်ချက်များကို အမိအရ ကျက်မှတ်ထားမည်ဆိုလျှင် မည်သည့်ရှုထောင့်ကမေးသည်ဖြစ်စေ မိမိ၏ ကိုယ်ပိုင် အတင်အပြဖြင့် အံဝင်ခွင်ကျ ဖြေဆိုနိုင်မည် ဖြစ်ပေသည်။ ထိုသို့မဟုတ်ဘဲ အဆင်သင့် အဖြေအမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမည်ဆိုလျှင် ပုဒ်ရေများစွာ ကျက်မှတ်နေရမည့်အပြင် မိမိကိုယ်ပိုင် အတင်အပြလည်း ဖြစ်မလာသည့်အတွက် ကောင်းမွန်သည့် ရမှတ်ကို ရရှိနိုင်မည် မဟုတ်ပေ။

**မေးခွန်း ၄** သည် မြန်မာစကားပြေလက်ရွေးစင်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း ၄ တွင် (က) နှင့် (ခ) နှစ်ပိုင်းပါဝင်ပါသည်။

**မေးခွန်း ၄ (က)** သည် ကဗျာမေးခွန်း ၃ (က) ကဲ့သို့ပင် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ စကားပြေ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြေဆိုရန်အတွက်လည်း - စကားပြေတစ်ပုဒ်ချင်း၏ မိတ်ဆက်တွင်ပါသည့် စာရေးသူအကြောင်း၊ ထုတ်နုတ်သည့် မူရင်းစာအုပ်၊ စကားပြေ၏ဆိုလိုချက် အကြောင်းအရာ၊ စကားပြေ ရေးသည့်ခေတ် စသည့် စကားပြေဆိုင်ရာအချက်အလက်များကို လေ့လာကျက်မှတ်ထားရမည် ဖြစ်သည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရရှိသည့် မေးခွန်းဖြစ်ပါသည်။

စကားပြေဓမ္မဓိဋ္ဌာန်ကို မေးရာတွင် စကားပြေနှင့်သက်ဆိုင်သည့် မှတ်သားဖွယ်ရာများကို ထုတ်နုတ်မေးလေ့ရှိပါသည်။ ဥပမာ - သိင်္ဃသူ့သမီးသည် မထိလို၏ မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်း သံဃာ တို့အတွက် လယ်၊ဥယျာဉ်နှင့် ကျွန်များ လှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး" ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည် ကိုထွန်းကျော်၏သား ရှင်လောင်း ငပု၏ရှင်ပြုပွဲကို အသေးစိတ်ရေးထားသော စကားပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီခေး ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်စွာရေးဖွဲ့ထားကြောင်း စသည့် စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ထုတ်နုတ်ကာ ဓမ္မဓိဋ္ဌာန် မေးခွန်းတို အဖြစ် မေးမြန်းလေ့ရှိပါသည်။

မေးခွန်း ၄ (က) စကားပြေဓမ္မဓိဋ္ဌာန်မေးခွန်းသည် မေးခွန်း ၃(က) ကဗျာ ဓမ္မဓိဋ္ဌာန် မေးခွန်းကဲ့သို့ပင် ရွေးချယ်စရာများပါဝင်သည့်အတွက် မေးခွန်းတွင် ပေးထားသည့် မေးခွန်းနံပါတ်နှင့် အဖြေကိုရွေးချယ်ဖြေဆိုသည့် နံပါတ် တူညီရန် အထူးသတိပြုရမည် ဖြစ်ပါသည်။

**မေးခွန်း ၄ (ခ)** သည် ရှင်းလင်းဆွေးနွေးရသည့် စကားပြေမေးခွန်းဖြစ်ပါသည်။ စကားပြေ တစ်ပုဒ်ချင်း၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနှင့် သုတရသ သင်ခန်းစာ စသည်တို့ကို လေ့လာရမည် ဖြစ်သည်။ ဤမေးခွန်းတွင်လည်း ကဗျာအပုဒ်ရှည်မေးခွန်းကဲ့သို့ပင် မေးခွန်း၏ ဦးတည်ချက်ကို ကွဲကွဲပြားပြား သိရှိရန် လိုအပ်ပါသည်။ မေးထားသည့်မေးခွန်းသည် အကြောင်းအရာကို ဦးတည်မေးခြင်းလော၊ အရေးအဖွဲ့ကို ဦးတည်မေးခြင်းလော ဆိုသည့်အချက်ကို ကွဲပြားစွာ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ မိမိ လေ့လာကျက်မှတ်ထားသည်များကို မေးခွန်းနှင့် အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အထူးအရေးကြီးပါသည်။

၄ (ခ) မေးခွန်း သာဓကအနေဖြင့် "မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်း စကားပြေမှ ရရှိသော ဘဝသင်ခန်းစာကို လေ့လာတင်ပြပါ" ဟူသည့် မေးခွန်းကို ကောက်နုတ်တင်ပြလိုပါသည်။

ဤမေးခွန်းကိုဖြေဆိုသည့်အခါတွင် မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းသည် ဒွန်တွဲလျက်ရှိကြောင်း၊ မည်မျှ ခွန်အားဗလ ပြည့်စုံစေကာမူ မမှန်မကန် ပြုလုပ်ထားပါက ရဲရင့်ခြင်းများ ပျောက်ဆုံးသွားတတ်ကြောင်း၊ ခွန်အားနည်းစေကာမူ မှန်ကန်ခြင်းရှိက ရဲရင့်ခြင်း ပြည့်ဝကြောင်း ဟူသည့် စကားပြေတွင်ပါရှိသည့် ဘဝသင်ခန်းစာယူဖွယ်အချက်အလက်များကို ထိထိမိမိ ထုတ်နုတ်တင်ပြရမည် ဖြစ်ပေသည်။

ဤစကားပြေသည် လွတ်လပ်ရေးခေတ်တွင် စာရေးဆရာကြီးသော်တာဆွေ ရေးသားခဲ့သည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်ကြောင်း၊ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းတို့ ဒွန်တွဲနေပုံကို ဖော်ကျူးလိုသည့် ရည်ရွယ်ချက်ဖြင့် သရုပ်ဖော်ရေးသားထားခြင်း ဖြစ်ကြောင်း၊ နိဒါန်းပျိုးကာ ခွန်အားဗလနှင့်ပြည့်စုံပြီး ရွာတွင်သြဇာရှိသည့် သူကြီးဦးအောင်ဒွန်း၊ လင်ငယ်ထားတတ်သူ မချောဖြူ၊ မချောဖြူ၏ ယောက္ခမ အမယ်အိုကြီးတို့ကို ဇာတ်အိမ်ဖွဲ့ကာ မှန်ကန်မှုရှိလျှင် ရဲရင့်မှုရှိကြောင်း၊ မှန်ကန်မှု ပျောက်ဆုံးလျှင် ရဲရင့်ခြင်း ပျောက်ကွယ်ရကြောင်း၊ ဘဝတွင်ဆုံးဖြတ်ချက်မှားယွင်းလျှင် အရှုံးများနှင့်ရင်ဆိုင်ရတတ်ကြောင်းကို မှတ်သားဖွယ်ဖြစ်အောင် ရေးသားတင်ပြရမည် ဖြစ်သည်။

**မေးခွန်း ၅** သည် ရေသည်ပြဇာတ်မေးခွန်း ဖြစ်ပါသည်။ မေးခွန်း ၅ မေးခွန်းတွင် (က) နှင့် (ခ) ၂-ပုဒ် မေးပါသည်။ မေးခွန်း ၅ (က) သည် စကားစပ်မေးခွန်းဖြစ်သည်။ စကားစပ်ကို ဖြေသည့်အခါ ပေးထားသည့်စာပိုဒ်သည် မည်သည့်အခန်းက စကားဖြစ်သည်၊ မည်သူက မည်သူ့ကို မည်သည့်အချိန် မည်သည့်နေရာတွင် မည်သည့် အကြောင်းနှင့်စပ်ပြီး မည်သို့ပြောဆိုသည်ကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးသားရမည် ဖြစ်သည်။ စကားစပ် မေးခွန်းကို ဖြေနိုင်ရန်အတွက် ပြဇာတ်ကို ကျေညက်အောင် လေ့လာထားရမည် ဖြစ်သည်။

စကားစပ်ဖြေဆိုရာတွင် သတိပြုရမည့်အချက်မှာ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရန် ဖြစ်သည်။ မပါသည့် စကားကို ဖြည့်စွက် ထည့်သွင်းရေးသားခြင်းမျိုးလည်း မဖြစ်သင့်ပေ။ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသည့်အခါတွင် မိမိစကားပြေဖြင့် ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ရာ ဤမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် ပြဇာတ်ကို ကျေညက်အောင် လေ့လာထားရုံမက မိမိစကားဖြင့် ပြန်လည် ရေးသားတင်ပြနိုင်ရန် လေ့ကျင့်ထားရန်လည်း လိုအပ်ပါသည်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ) သည် ရေသည်ပြဇာတ်၏ အကြောင်းအရာကဏ္ဍကို မေးသည့် မေးခွန်းဖြစ်ပါသည်။ ပြဇာတ်၏အကြောင်းအရာကဏ္ဍကို ၂ပိုင်း ခွဲနိုင်ပါသည်။ ဇာတ်လမ်းအဖြစ်အပျက်ပိုင်းနှင့် ဇာတ်ဆောင်များအကြောင်း၊ဇာတ်ဆောင်များ၏ စရိုက်သဘာဝအဖွဲ့များ ဖြစ်ပါသည်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းတွင် အပိုင်း ၅ ပိုင်းရှိသည်။ (၁) ရေသည် ယောကျ်ားနှင့် ရေသည်မိန်းမ ဆင်းရဲပုံ၊ (၂) ရေသည်ယောကျ်ား ငွေလေးရွှေတပ်မက်ပုံ၊ (၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ၊ (၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနှင့် (၅) တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါသည်။

ထိုဇာတ်လမ်းအဖြစ်အပျက်(၅)မျိုးကို အကြောင်းအရာကဏ္ဍတွင် မေးပါသည်။ ကျန်အပိုင်း တစ်ပိုင်းမှာ ဇာတ်ဆောင်စရိုက်အဖွဲ့ဖြစ်ပါသည်။ ဇာတ်ဆောင်စရိုက်တွင် ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဟူသည့် ဇာတ်ဆောင် ၃ ဦး၏ စရိုက်များကို မေးလေ့ရှိပါသည်။

ရေသည်ပြဇာတ် အကြောင်းအရာမေးခွန်းကို ဖြေသည့်အခါတွင် ဇာတ် မူရင်း စာသားအတိုင်း မရေးရပေ။ မေးသည့် မေးခွန်းနှင့် မသက်ဆိုင်သည့် အချက်အလက်များကိုလည်း ဖြည့်စွက်ထည့်သွင်း မရေးရပေ။ သို့ရာတွင် ရေသည်ပြဇာတ် စာဆို ဦးပုည၏ မူရင်း စကားလုံးများ၊အသုံးအနှုန်းများ၊ စာသားကောက်နုတ်ချက်များကို ထည့်သွင်းသုံးစွဲရေးသားရမည် ဖြစ်သည်။ ဖြေဆိုသည့်အခါတွင် ကိုယ်ပိုင် စကားပြေဖြင့် ရေးသားရမည် ဖြစ်ပါသည်။

သာဓကအနေဖြင့် အကြောင်းအရာမေးခွန်းဖြစ်သည့် ရေသည်ယောကျ်ား၏ ပုံပန်းသွင်ပြင်နှင့် ဘဝသရုပ်ကို ဖြေဆိုမည်ဆိုလျှင် ရေသည်ယောကျ်ား၏ ရုပ်အဆင်းအသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနှင့် ဘဝအခြေအနေတို့ကို ပေါ်လွင်အောင် ရေးသားဖြေဆိုရပါမည်။ သေးငယ်လွန်းလှသည့် သျှောင်ဆံထုံး၊ မွဲခြောက်စုတ်ဖွာနေသည့် ဆံပင်၊ စုတ်ချာ ညံ့ဖျင်းလှသည့် ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့် ချဉ်ပေါင်ကိုသာ စားသောက်ရသည့် ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွှေ စုဆောင်းထားနိုင်ပုံ စသည့် ရေသည်ယောကျ်ား၏ ဘဝအခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနှင့်ဆက်စပ်ပြီး ရေးသားရမည်ဖြစ်ပါသည်။

မေးခွန်း(၆)သည် စာစီစာကုံးမေးခွန်းဖြစ်သည်။ စာစီစာကုံးသည် မြန်မာစာ မေးခွန်းလွှာတွင် အမှတ်အများဆုံးပေးသည့် မေးခွန်းဖြစ်ပါသည်။ အမှတ်(၂၀) ပေးပါသည်။ ခေါင်းစဉ် ၃ ခု ပေးထားပြီး နှစ်သက်ရာတစ်ခုကို ဖြေဆိုရမည်ဖြစ်ပါသည်။ ခေါင်းစဉ် ၃ ခု လုံးတွင် ပုံကြမ်းအချက်အလက်များ ပေးထားသည့်အတွက် ရေးသား ဖြေဆိုရာတွင် ပုံကြမ်း အချက်အလက်များကို အခြေခံပြီး ရေးရမည် ဖြစ်သည်။

စာစီစာကုံးသည် တစ်ပုဒ်လုံး အစအဆုံးအလွတ်ကျက်မှတ်ထားရမည့် စာမျိုး မဟုတ်ဘဲ ကျက်သင့်သည့် အချက်အလက်များကိုကျက်၊ မှတ်သင့်သည့် အချက်အလက်များကို မှတ်ပြီး မြန်မာစာ အရေးအသားဆိုင်ရာ နည်းနာများဖြင့် အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမည့် ကျင့်စာ ဖြစ်သည်ဆိုသည်ကို နားလည်ထားရမည် ဖြစ်သည်။ စာစီစာကုံးဟူသည် စာကိုပြေပြေပြစ်ပြစ် စီကုံး ရေးသားရသည့် စကားပြေအဖွဲ့ ပုံစံတစ်မျိုးဖြစ်သည်။ စကားပြေအရေးအသားတွင် စာဟန်နှင့် ပြောဟန် ဟူ၍ ဟန်နှစ်မျိုးရှိသည့်အနက် စာစီစာကုံး ရေးသားရာ၌ စာဟန်ကိုသာ အသုံးပြုရမည် ဖြစ်သည်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆို ရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဟု ၄ မျိုးခွဲ လေ့ရှိပါသည်။ စာစီစာကုံးအမျိုးအစား ၄ မျိုးအနက် မည်သည့် အမျိုးအစား၊ မည်သည့်ခေါင်းစဉ်သည် မိမိနှင့် သင့်လျော်သည့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမည် ဖြစ်သည်။ စာမေးပွဲမေးခွန်းတွင် ပေးထားသည့်ခေါင်းစဉ်များသည် ကျောင်းသူ ကျောင်းသားများ စိတ်ကြိုက်ရွေးချယ်နိုင်ရန်အတွက် စာစီစာကုံးအမျိုးအစားများ မျှတစွာ ပေးထားလေ့ရှိပါသည်။

ခြုံ၍တင်ပြရလျှင် မြန်မာစာဘာသာရပ်မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရရန်အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မ စသည့် သင်္ကေတများကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသို မှန်ကန်မှု၊ ဝါကျဖွဲ့ထုံး မှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံကောင်းမွန်မှု၊ စာပိုဒ် တစ်ပိုဒ်နှင့် တစ်ပိုဒ် ပြေပြစ် ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာ ပေါ်လွင်စေမှု စသည်တို့နှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ထို့ပြင် လက်ရေး လက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာ၊ ခြစ်ရာ ကင်းစင်မှု၊ သေသပ်စွာမျဉ်းသားမှု စသည့် သေသေသပ်သပ်ရေးသားဖြေဆိုနိုင်ရန်လည်း အရေးကြီးပါသည်။

ယခု ရေးသားတင်ပြချက်များသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် အထောက်အကူ ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ ကျောင်းသူ ကျောင်းသား အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေဟု ဆန္ဒပြုရင်း ယခု ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

## အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများ အသိပညာပေးဆွေးနွေး

**ထားဝယ် ဇန်နဝါရီ ၃၁**

အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Diamond Crown Hotel ၌ ကျင်းပသည်။


တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးသည် ကျွန်းပေါင်း ၈၀၀ ကျော်၊ အပန်းဖြေနားနေစရာ ကမ်းခြေပေါင်းများစွာနှင့် သဘာဝတောတောင်ရေမြေ လှပဆန်းကြယ်သော နေရာဒေသတစ်ခု ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ လုပ်ငန်းလိုင်စင်ရရှိသော ဟိုတယ် ၂၇ လုံးနှင့် တည်းခိုရိပ်သာ ၁၀ လုံးရှိပြီး စုစုပေါင်း အိပ်ခန်း ၁၄၅၃ ခန်း ရှိကြောင်း၊ ခရီးသွားလာရေး လုပ်ငန်းအတွက် အားသာချက်များရှိနေသော ဒေသတစ်ခု ဖြစ်သည့်အတွက် လုပ်ငန်းရှင်များ လာရောက် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံသည့်အခါတွင်လည်း သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး၊ ဒေသခံများနှင့် လူနေမှုဘဝ မြှင့်တင်ပေးရေးကို ရှေးရှုပြီး ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။


ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက အာဆီယံအစိမ်းရောင် ဟိုတယ်စံနှုန်းများအကြောင်းနှင့် အာဆီယံခရီးသွားလုပ်ငန်းအကြောင်းနှင့် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၂၅ ကို ရှင်းလင်းပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၏ စုပေါင်းထမနဲပွဲကို ဇန်နဝါရီ ၃၀ ရက်က ဒက္ခိဏခရိုင်တရားရုံး၌ ကျင်းပခဲ့ရာ ခရိုင်တရားသူကြီး၊ ခရိုင်ဒုတိယတရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ မြို့နယ်တွဲဖက်တရားသူကြီးများ၊ မြို့နယ်ဒုတိယတရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စုပေါင်းပါဝင်ဆင်နွှဲကြစဉ်။

(မြန်မာ့အလင်း)





## ဥပဒေဘွဲ့ရများအား အသင်း၏ရည်ရွယ်ချက်များဆိုင်ရာ ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း (Law Graduate Association of Myanmar-LGAM) သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေဘွဲ့ရများအား အသင်း၏ ရည်ရွယ်ချက်နှင့် စည်းလုံးရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပြုရေးအဖွဲ့ဝင် မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း နာယကဦးကျော်စိုးပိုလ်က အသင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ခင်မောင်သော် (ကမာရွတ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများမှ ပြန်လည်စွန့်လွှတ်သည့် မြေများအား မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်း

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများမှ ပြန်လည်စွန့်လွှတ်သည့် မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ (၂) ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် "စွန့်လွှတ်မြေနဲ့ပတ်သက်ပြီး မူလတောင်သူလယ်သမားတွေလက်ထဲ ပြန်လည်လွှဲအပ်ဖို့အတွက် ပထမအကြိမ်အနေနဲ့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်၊ ပိုပြီးမြန်မြန်ဆန်ဆန်နဲ့ တော်တော်များများကို စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ပြင်ဆင်ခဲ့ပါတယ်၊ တချို့ကိစ္စတွေမှာ လယ်ယာမြေကို လယ်ယာမြေပြန်တောင်းတဲ့ အခြေအနေဖြစ်တဲ့အတွက် ပြဿနာမရှိပါဘူး၊ လယ်ယာမြေကို တခြားနည်းလမ်း မလုပ်ရသေးဘူး။ ဒါပေမယ့် သိမ်းဆည်းထားတယ်၊ မလိုအပ်တော့ဘူး၊ ဒီလုပ်ငန်းလည်း ရှေ့ဆက်ပြီး မရှိတော့ဘူးဆိုရင် ကျွန်တော်တို့က ပြည်သူတွေကို ပြန်ပြီး စွန့်လွှတ်လိုက်ဖို့ပဲ ရှိပါတယ်"ဟု ထည့်သွင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ



ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများကို ယာယီ လုပ်ကိုင်ခွင့်ပြု လက်မှတ် ပုံစံ (၃) ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြန်လည်လွှဲပြောင်းပေးရာ၌ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ လျှပ်စစ်ဝန်ကြီးဌာနမှ စွန့်လွှတ်မြေ ၀ ဒသမ ၅၀၄ ဧက အပါအဝင် မြောက်ပိုင်းခရိုင်အတွင်းမှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၀ ဒသမ ၃၇၆ ဧက၊ မြန်မာ့သစ် လုပ်ငန်းမှ ၁ ဒသမ ၅၃၀ ဧက၊ လေထီးသင်တန်းကျောင်းမှ ၃၀ ဒသမ ၀၆၀ ဧက၊ ပင်မထောက်ပံ့ရေးတပ်မှ ၁၀ ဒသမ ၂၅၀ ဧက၊ ခမရ (၇၀၆) မှ ၁၅ ဒသမ ၇၈၀ ဧက၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနမှ ၁၉ ဒသမ ၈၄၀ ဧက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ၂ ဒသမ ၁၀၀ ဧက၊ ၃ ဒသမ ၀၉၀ ဧကနှင့် မြန်မာ့သစ်လုပ်ငန်းမှ ၁၆၉ ဒသမ ၈၉၀ ဧကတို့ကို မူလပိုင်ရှင်တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ မူလတောင်သူပိုင်ရှင် ၄၄ ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြု လက်မှတ် ပုံစံ (၃) ကို လွှဲပြောင်း ပေးအပ်ခဲ့ရာ ပြန်လည်လွှဲပြောင်းပေးသည့် မြေဧရိယာ စုစုပေါင်းမှာ ၂၅၃ ဒသမ ၄၂၀ ဧကဖြစ်ကြောင်း သိရသည်။

မူလမြေပိုင်ရှင်တစ်ဦးဖြစ်သူ ထန်းတပင်မြို့နယ် တော်လတက်ကျေးရွာမှ ဦးရင်ဆန်းက "အဘတို့စွန့်လွှတ်ခဲ့ရတာကတော့ နှစ်ပေါင်း ၁၀ နှစ်လောက်ရှိပြီပေါ့ကွာ၊ အခုမှတစ်ခါပြန်ပြီးလျှောက်တဲ့အခါကျတော့ တိုင်းအဆင့်ကနေ အဆင့်ဆင့်ပြန်ပေးတဲ့ ပုံစံမျိုးနဲ့ ပြန်ရတာပေါ့၊ ပထမကတော့ ကျေးရွာအဆင့်စိစစ်တယ်၊ ပြီးတော့မှ မြို့နယ်အဆင့်၊ မြို့နယ်ကနေပြီးတော့မှ ခရိုင်အဆင့်၊ ပြီးတော့မှ တိုင်းအဆင့်ရောက်လာတာ၊ တစ်ဆင့်တစ်ဆင့် စိစစ်ပြီးတော့မှ ပြန်လည်ပေးအပ်တဲ့အခါမှာ ရရှိခဲ့တာ ဖြစ်ပါတယ်"ဟု ပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## နတ်တလင်းမြို့ပြည်သူ့ဆေးရုံတွင် အရေးပေါ်မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ



**နတ်တလင်း ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ပြည်သူ့ဆေးရုံတွင် မီးဘေးကြုံတွေ့ပါက အရေးပေါ် ငြိမ်းသတ်နိုင်ရန်အတွက် သရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၉ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးက မီးသတ်ဆေးဘူး အကြောင်းနှင့် မီးသတ်ဘူးဖြင့် မီးငြိမ်းသတ်ရန်အတွက် ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြပြီး ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာမများက ဆေးဘူးဖြင့်မီးငြိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

**တင်မြင့်(နတ်တလင်း)**

## ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ တိုးတက်ရေး ဆွေးနွေး

**မိတ္ထီလာ ဇန်နဝါရီ ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မိတ္ထီလာမြို့နယ် ဟိုတယ်လုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ မိတ္ထီလာမြို့ကန်ပတ်လမ်းရှိ မဂ္ဂင်လမ်း နန်းတော်ဟိုတယ်၌ ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မိတ္ထီလာမြို့ဟိုတယ်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်က အမှာစကားပြောကြားပြီး အင်္ဂလန်နိုင်ငံမှ ဧည့်သည်တော်တစ်ဦးက How to promote tourism in Meiktila Region ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး Tourisism Team မှ အဖွဲ့ဝင် ဦးသန့်ဇော်က မိတ္ထီလာဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစပျိုး ခြေလှမ်းစတင်နိုင်ရန် တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မီးဘေးကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာမြို့မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူက အလုံးစုံအာမခံလုပ်ငန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

**ဘိုဘို(မလှိုင်)**

## အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(ကချင်ပြည်နယ်ရုံး) ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (ကချင်ပြည်နယ်ရုံး) ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ရက်က မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ယူနန်တရုတ်ဘုံကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် ကန်ပိုက်တီနှင့် ထိန်ချုံး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရုတ်ကုန်စည်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်းနှင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့ခြင်း၊ အလားတူ လီဒိုလမ်းမကြီးမှ တစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ကုန်စည်များပို့ဆောင်ခြင်းတို့ကို ပြည်နယ်အစိုးရအနေဖြင့် အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အဝေးပြေးကုန်စည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကိုကိုနိုင်က မြန်မာနိုင်ငံအတွင်း မဟာဗျူဟာလမ်းမကြီးများဖြင့် အမြို့မြို့အနယ်နယ်သို့ ကုန်စည်ပို့ဆောင်မှု အခြေအနေများကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးအောင်မိုးက ရှေ့လုပ်ဆောင်မည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကချင်ပြည်နယ်အသင်းဥက္ကဋ္ဌ ဦးခင်မောင်ညိုက ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ အသင်းဝင် အင်အား ၅၀ ကျော်နှင့် ကုန်တင်ယာဉ်အစီးရေ ၂၀၀ ကျော်ရှိကြောင်း ပြည်နယ်အသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏အသွင်သဏ္ဌာန် ယူနီဖောင်းများမဝတ်ရန် ရှင်းလင်း

**ကန့်ဘလူ ဇန်နဝါရီ ၃၁**

ပုဂ္ဂလိကလုပ်ငန်းများတွင် လုံခြုံရေးဝန်ထမ်းများအား နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏အသွင်သဏ္ဌာန် ယူနီဖောင်းများ ဝတ်ဆင်ခြင်းမပြုစေရန်ကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၏အသိပေးကြေညာချက်အပေါ် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း ထပ်ဆင့်ရှင်းလင်းပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ) ဒုတိယရဲမှူးကြီးမြင့်ဆွေက ပုဂ္ဂလိကဘဏ်၊ ဟိုတယ်၊ စူပါမားကတ်များ၌ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများကို ထားရှိသည့်အခါ နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ဖြင့် တူညီဝတ်စုံများဝတ်ဆင်အသုံးပြုမှု မရှိစေရေးအတွက် နိုင်ငံပိုင်သတင်းစာများ၌ ပြည်ထဲရေးဝန်ကြီးဌာန၏ အသိပေးကြေညာချက်ကို ဖတ်ကြားရှင်းလင်းပြီး ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများနှင့် အသင်းအဖွဲ့များသည် နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ ဝတ်ဆင်အသုံးပြုသည့် ဝတ်စုံများ၊ အဆိုပါဝတ်စုံများနှင့် သဏ္ဌာန်တူသည့်ဝတ်စုံများကို ဖန်တီးဝတ်ဆင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်သည်ကိုတွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ ကန့်ဘလူမြို့ရှိ KBZ ဘဏ်မှ တာဝန်ရှိသူများနှင့် လုံခြုံရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့ခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဆွေးနွေးခြင်းကို ဗဟိုမိခင်နှင့်ကလေးအသင်း အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း နှင့်အဖွဲ့ ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး အသိပညာပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့် အဖွဲ့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်)**

မီးမီး(လှိုင်)

## သထုံမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

**သထုံ ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် သထုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သစ်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စများ ဆွေးနွေးညှိနှိုင်းပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်က သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်ဦးက အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးသက်နိုင်ဦးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အတွေ့အကြုံများ၊ အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းကာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ သထုံခရိုင်ကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၈)

သိပ္ပံစာရေးဆရာကိုကိုအောင်

### မီးတောင်ပေါက်ကွဲမှု

ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့်လည်း အလွန်ကြီးမားသော လှိုင်းတံပိုးကြီးများ ထကြွ ဖြစ်ပေါ်လာတတ်သည်။ ဆူမတြားနှင့် ဂျာဗားကျွန်းအကြားရှိ ဆန်းဒါးရေလက်ကြားဒေသ၌ ပေ ၁၄၀၀ မြင့်သော ကရာကာတိုအမည်ရှိ ကျွန်းတစ်ကျွန်းတည်ရှိခဲ့ရာ ထိုကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ၁၈၈၃ ခုနှစ် ဩဂုတ် ၂၇ ရက်က ပေါက်ကွဲခဲ့သည်။ မီးတောင်ဝမှအခိုးအငွေ့များ ကာလကြာရှည်စွာ ထွက်ပေါ် နေရာမှ အဆိုပါနှစ်ဩဂုတ်လတွင် ချော်ရည်ပူဆူပွက်သံကြီးများ ထွက်ပေါ်လာကာ ဩဂုတ် ၂၇ ရက်တွင် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

နောက်နှစ်ရက်အကြာတွင် အဆိုပါ မီးတောင်ကြီးနှင့်အတူ ကျွန်းကြီးတစ်ခုလုံးပေါက်ကွဲခဲ့ရာ ပေ ၁၄၀၀ မြင့်သော ကရာကာတိုကျွန်းကြီးသည် သမုဒ္ဒရာရေပြင်အောက် ပေ ၁၀၀၀ ကျော်ထိတိုင် နိမ့်ဆင်း နစ်မြုပ်သွားကာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။ မီးတောင်ပေါက်ကွဲမှုအရှိန်ကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ မီတာ ၃၀ ကျော်မြင့်မားသော ရေမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်ကာ ထိုလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်သန်းပြီး တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ကိပ်ဟွန်းအငူကို အင်အားပြင်းထန်စွာဖြင့် ရိုက်ခတ်သည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် အဆိုပါလှိုင်းတံပိုးကြီးများသည် ထိုမှတစ်ဆင့် ကိပ်ဟွန်းအငူကိုကွေ့ပတ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်လက်ဖြတ်သန်းကာ အင်္ဂလိပ်ရေလက်ကြားထိတိုင် ရောက်ရှိသွားသည်။

ကရာကာတိုကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ၏ ပေါက်ကွဲအားနှင့်ညီမျှပြီး ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်။ ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာထောင်ချီ၍ဝေးလံသော ဩစတြေးလျ ကုန်းတွင်း ပိုင်းဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများမှပင် အတိုင်းသား ကြားခဲ့ကြရသည်။ ကျွန်းကြီးတစ်ကျွန်းလုံးကို တစ်စစီကြေမွသွားစေကာ ရေအောက်သို့ စုံးစုံးမြုပ်သွားစေခဲ့သည့် မီးတောင်ပေါက်ကွဲမှုကြီးကြောင့် ဖြစ်ပေါ်လာသော လှိုင်းတံပိုးကြီးများနှင့် အခြားသောလှိုင်းတံပိုးများ မတူညီချက်မှာ တန်ချိန်များစွာသော ချော်ရည်ပူများ ရောနှောနေသောကြောင့် အလွန်ပူလောင်နေခြင်းပင် ဖြစ်သည်။

**လှိုင်းကြက်ခွပ်များ**

ရေလှိုင်းများနှင့်ပတ်သက်လာလျှင် ကမ်းခြေသို့ ရိုက်ပုတ်လာသော လှိုင်းအမျိုးမျိုးတို့ကသာ အန္တရာယ်ပေးနိုင်သည်မဟုတ်ဘဲ ပင်လယ်ဒီရေနှင့် မြစ်ချောင်းတို့၏ရေစီးကြောင်းများ ထိပ်တိုက်တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော လှိုင်းငယ်များကလည်း အန္တရာယ်ရှိနိုင်သည်ကို သတိပြုသင့်ကြသည်။ ပင်လယ်အတွင်းသို့စီးဝင်သော မြစ်ချောင်းများကြောင့် မြစ်ဝ၌ပေါ်ပေါက်တတ်သော လှိုင်းများသည် လှိုင်းကြက်ခွပ်ဟု ခေါ်ဆိုရမည့် လှိုင်းအသေးစားကလေးများပင် ဖြစ်လင့်ကစား၊ ထိုလှိုင်းကြက်ခွပ်ကလေးများက လှေ၊ သမ္ဗန်နှင့် သင်္ဘောများကို အန္တရာယ်ကျရောက်စေနိုင်သည်။

ပင်လယ်ဒီရေတက်လာချိန်တွင် ထိုဒီရေဦးတည်ရာ လမ်းကြောင်းနှင့် ဆန့်ကျင်ပြီး မြစ်ဝမှတစ်ဆင့် ပင်လယ်ထဲသို့စီးဝင်လာသော မြစ်ရေစီးကြောင်းများသည် မြစ်ဝရေပြင်ပေါ်၌ လှိုင်းကြက်ခွပ်ကလေးများကို ဖြစ်ပေါ်လာစေသည်ဖြစ်ရာ၊ ထိုနေရာမျိုး၌ ပဲ့ကိုင်ထိန်းချုပ်ပုံ ကျွမ်းကျင်မှုမရှိပါက ကျောက်ဆောင်နှင့် တိုက်မိခြင်း၊ ကျောက်ဆောင်ပေါ် တင်သွားခြင်းတို့မှသည် တိမ်းမှောက်သွားသည်အထိပင် ဖြစ်ပွားနိုင်ခြေရှိသည်။

သာဓကအားဖြင့် စကော့တလန်နိုင်ငံ၏ ပင်လယ်ကမ်းမြောင်ဒေသအတွင်းသို့ဝင်ရောက်ဖြတ်သန်းမည့် သင်္ဘောများအနေဖြင့် ကမ်းမြောင်အတွင်း၌ လှိုင်းကြက်ခွပ်များနှင့် ထိပ်တိုက် ရင်မဆိုင်ရမီကတည်းက အစစအရာရာ ကြိုတင်ပြင်ဆင်ထားကြရသည်။ အသင့်ပြင်ဆင်မှုမရှိဘဲ ရုတ်တရက်ကြုံတွေ့လာသည့်အခါမှ သင်္ဘောကိုထိန်းချုပ်ရန် ကြိုးစားမည်ဆိုလျှင် အလွန်နောက်ကျသွားလိမ့်မည် ဖြစ်သည်။ သို့ရာတွင် မြစ်ဝ၊ ပင်လယ်ဝနှင့် ပင်လယ်ကမ်းမြောင်ဒေသများ၌ ဖြစ်ပေါ်တတ်သော လှိုင်းကြက်ခွပ်များသည် ဒီရေပြန်ကျသွားချိန်၌ လုံးဝ ငြိမ်သက်သွားကြသည့်အတွက် ထိုအခါမျိုး၌ သင်္ဘောများအတွက် အန္တရာယ်မရှိနိုင်တော့ပေ။




၂၀၁၁ ခုနှစ် မတ်လက ဂျပန်နိုင်ငံ မီယာကိုမြို့လမ်းပေါ်၌ ဆူနာမီလှိုင်းများ ရိုက်ခတ်မှုကို တွေ့ရစဉ်။

### ဆူနာမီ

ဂျပန်ဘာသာဝေါဟာရအနေဖြင့် ဆူနာမီဟုခေါ်တွင်သော ကြီးမားသည့် လှိုင်းတံပိုးကြီးများသည်လည်း ကမ်းခြေဒေသများအတွက် အလွန်အန္တရာယ်ကြီးသော လှိုင်းများပင်ဖြစ်ကြသည်။ ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်ကို ဗဟိုပြု၍ သို့တည်းမဟုတ် ယင်းတို့နှင့်နီးကပ်သောနေရာများကို ဗဟိုပြု၍ လှုပ်ခတ်သော အင်အားပြင်း ငလျင်ကြီးများကြောင့် ရေအောက်ကြမ်းပြင်၌ အက်ကွဲမှုဖြစ်ပေါ်သည့်အခါ အနီးရှိရေထုကြီးက အက်ကွဲကြောင်းကြီးအတွင်းသို့ သက်ဆင်းကျရောက်သွားကြရသည်။ ထိုအခါ မျက်နှာပြင် နိမ့်ဆင်းသွားသော ရေထုဆီသို့ ဝေးရာအရပ်မှ ရေထုကြီးက အစားထိုးဝင်ရောက်လာကြသည့်အခါ ဆူနာမီ ဖြစ်ပေါ်လာသည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ကီလိုမီတာ ၁၀၀ မျှ ကျယ်ပြန့်ပြီး ရွေ့လျားနှုန်းကလည်း ဘိုးရင်းလေယာဉ်၏ အမြန်နှုန်းတမျှရှိကြသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ နှုန်းအထိ မြန်ဆန်လှသော ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရွေ့လျားသံကို လူတို့၏နားက မကြားရနိုင်သည့်အတွက် လှိုင်းလုံးကြီးများ ကမ်းခြေသို့ ဆိုက်ရောက်လာမှသာ သိရှိကြလေ့ရှိသည်။ သိလိုက်ချိန်တွင် မည်သည့်နည်းနှင့်မျှ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်တော့ဘဲ ရေနစ်သေဆုံးကြရတော့သည်။ ထို့ကြောင့်ပင် ပင်လယ်ကမ်းစပ်နှင့် အနီးတစ်ဝိုက်၌ နေထိုင်ကြသူများအနေဖြင့် ဆူနာမီသတိပေးချက်များကို အချိန်နှင့်အမျှ သတိရှိရှိဖြင့် နားစွင့်နေကြရမည်သာ ဖြစ်သည်။

### ဆူနာမီကြောင့် ပျက်စီးမှုများ

၁၉၆၀ ပြည့်နှစ်တွင် ချီလီနိုင်ငံ ရေအောက်ငလျင်ကြီးကြောင့် ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်သန်းကာ ဂျပန်နိုင်ငံ ဟွန်ရှူးဒေသမြောက်ပိုင်းကမ်းခြေများဆီသို့ ဆိုက်ရောက်သွားခဲ့သည့်အတွက် လူပေါင်း ၁၃၀ သေဆုံးခဲ့ကြရသည်။ ၁၉၆၄ ခုနှစ်ကလည်း အမေရိကန် ပြည်ထောင်စု၊ အလာစကာပြည်နယ်၌ လှုပ်ခတ်သောငလျင်ကြီးကြောင့် ကယ်လီဖိုးနီးယားကမ်းခြေသို့ ဆူနာမီလှိုင်းတံပိုးများ ရိုက်ခတ်ကာ လူ ၁၂၀ နီးပါး အသက်ဆုံးရှုံးခဲ့ကြရသည်။ အလားတူပင် ၁၉၉၈ ခုနှစ် ကလည်း ပါပူဝါနယူးဂီနီကမ်းလွန်၌ ရေအောက်ငလျင်ကြီးလှုပ်ခတ်ရာ ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရိုက်ခတ်မှုကြောင့် ပါပူဝါနယူးဂီနီ ကမ်းခြေဒေသများ၌နေထိုင်သော လူပေါင်း ၂၀၀၀ ခန့် ရေနစ် သေဆုံးခဲ့ကြရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးဒေသ၌ လှုပ်ခဲ့သော အင်အားပြင်း ငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဆူနာမီလှိုင်းတံပိုးကြီးများသည် အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆိုမာလီယာနိုင်ငံတို့၏ ကမ်းခြေအချို့ကိုရိုက်ခတ်ခဲ့သည်။ ရစ်ချ်တာစကေး ၉ ဒသမ ၈ ရှိသော ဘန်ဒါအာချေးငလျင်သည် နှစ်ပေါင်း ၄၀ အတွင်း ကမ္ဘာ့အင်အားအကြီးမားဆုံး ငလျင်ကြီးဖြစ်ကာ ထိုငလျင်ကြီးကြောင့်ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများကြောင့် တောင်အာရှဒေသတွင် လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

အိန္ဒိယနိုင်ငံ တစ်ခုတည်း၌ပင် သေဆုံးသူ စုစုပေါင်း ၁၆၄၀၀ ကျော်ရှိပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ဆူနာမီလှိုင်းတံပိုးကြီးများသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် တမီလ်နာဒူးပြည်နယ် ကမ်းရိုးတန်းသို့ ရောက်ရှိခဲ့ပြီးနောက် ၄ နာရီအကြာတွင် ကီရာလာဒေသသို့ ရောက်ရှိလာခဲ့ရာ ကီရာလာဒေသတစ်ခုတည်း၌ ကျေးရွာပေါင်း ၁၆၀ ပျက်စီးသွားခဲ့သည်။ ထို့နောက် ချင်းနိုင်းနှင့် နာဂါပက်တီနမ်ဒေသများကိုပါ မွှေနှောက်ဖျက်ဆီးသွားခဲ့သလို...သီရိလင်္ကာနိုင်ငံ၊ ကိုလံဘို၊ ထိုင်းနိုင်ငံ၊ ဘမ်နမ်ခမ်နှင့် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားဒေသများ၌လည်း လူ့အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာ ဖြစ်ပေါ်စေခဲ့သည်။

### ဆူနာမီလှိုင်းတံပိုးတို့၏ အရှိန်

အင်အားကြီးမားလှသော ဆူနာမီလှိုင်းတံပိုးတို့၏ တွန်းတိုက်ရွေ့လျားမှုများကြောင့် အင်ဒိုနီးရှားနှင့် အိန္ဒိယကုန်းမြေများသည် ၁၂ စင်တီမီတာမျှ ပို၍နီးကပ်သွားခဲ့သည်။ အိန္ဒိယတောင်ပိုင်းကုန်းမြေများက အရှေ့ဘက်သို့ရွေ့လျားသွားကာ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကုန်းမြေများက အနောက်ဘက်သို့ အနည်းငယ်ရွေ့သွားသည့်အတွက် ထိုကဲ့သို့နီးကပ်သွားခြင်းဖြစ်သည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကမ်းခြေသို့ရိုက်ပုတ်လာသော လှိုင်းတို့၏အရှယ်ပမာဏ၊ ရွေ့လျားရောက်ရှိနှုန်းနှင့် အင်အားတို့အပေါ်မူတည်ပြီး ပင်လယ်ကမ်းစပ်ဒေသများကို သာမောဖွယ်ရာ ကမ်းခြေများအဖြစ် အပန်းဖြေအနားယူချင်စရာ ကောင်းစေသလို... ကြောက်မက် ဖွယ်ရာ ကမ်းခြေများ အဖြစ်လည်း ဝေးဝေးကရှောင်ချင်စရာ ကောင်းစေနိုင်သည်ကို သတိပြုဆင်ခြင်နိုင်ကြမည် ဖြစ်သည်။

အချုပ်ဆိုရသော် သမုဒ္ဒရာနှင့်ပင်လယ်တို့၏ နယ်နိမိတ်နှင့် ကုန်းမြေတိုက်ကြီးများ၏ နယ်နိမိတ်တို့ ဆုံရာဖြစ်သော ကမ်းခြေဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ ကမ်းစပ်နှင့်ရေလှိုင်းတို့၏ ထိတွေ့ဆုံဆည်းမှု များသည် လူသားတို့အပါအဝင် သက်ရှိမျိုးစိတ်များနှင့် ကမ္ဘာမြေ၏ အနာဂတ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေရန် လုပ်ဆောင်လျက် ရှိနေကြပေတော့သည်။

### အပူချိန်တစ်ဒီဂရီ တိုးလာမယ်ဆိုရင်

ကမ္ဘာကြီးပူနွေးလာမှု (Global Warming) ဟူသော ဝေါဟာရသည် စက်မှုဖွံ့ဖြိုးပြီးဖြစ်သော အနောက် ဥရောပနိုင်ငံများ၌ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကတည်းက လူသိများထင်ရှားသော ဝေါဟာရတစ်ခု ဖြစ်ခဲ့သည်။ ထိုဝေါဟာရသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရောက်ရှိခေတ်စားလာခဲ့ပြီး မျက်မှောက်ကာလ၌မူ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၌ပါ ထိုဝေါဟာရက တွင်ကျယ်နေပြီဖြစ်သည်။

### ကမ္ဘာကြီး ပူနွေးလာမှု

ကမ္ဘာကြီးပူနွေးလာမှုဟူသော ဝေါဟာရကို ကမ္ဘာ့ပြည်သူတို့က တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောဆိုနေကြသော်လည်း ထိုစကားရပ်၏ တကယ့်အနှစ်သာရကိုမူ ဂဃနဏ၊ ထဲထဲဝင်ဝင် သိသူအရေအတွက်မှာ ကမ္ဘာ့လူဦးရေနှင့် နှိုင်းစာလျှင် ရာခိုင်နှုန်းအားဖြင့် အလွန်နည်းနေသေးသည်ဟု ဆိုနိုင်သည်။ အကြောင်းမှာ ကမ္ဘာကြီးပူနွေးလာမှုဟူသော ဝေါဟာရတစ်လုံးတည်း၏နောက်ကွယ်တွင် အလွန်ကြီးမားကျယ်ပြန့်လှသော အကြောင်းတရားမျိုးစုံတို့က ပါဝင်ပတ်သက်လျက် ရှိနေကြသောကြောင့်ဖြစ်သည်။

အများနားလည်လွယ်သော အသုံးအနှုန်းများဖြင့် ယေဘုယျဆန်ဆန်ပြောရလျှင် ကမ္ဘာကြီးသည် ရှိသင့်သောအပူချိန်ထက် ပိုမိုပူနွေးလာနေခြင်းပင် ဖြစ်သည်။ ဤမြေကမ္ဘာကြီး၏ အပူချိန်ဟုဆိုရာ၌ ကမ္ဘာပေါ်ရှိ အပူလွန်ကဲသောဒေသ၊ အပူပိုင်းဒေသ၊ သမပိုင်းဒေသ၊ အအေးပိုင်းဒေသ၊ အအေးလွန်ကဲသော ဒေသများရှိ ကုန်းမြေနှင့်ရေထုတို့၏ အပူချိန်အားလုံးကို ပျမ်းမျှကိန်းဂဏန်းတစ်ခုအဖြစ် တွက်ချက်ရယူထားသော အပူချိန်ကိုဆိုလိုခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ကမ္ဘာပေါ်ရှိ ကုန်းမြေအားလုံးနှင့် ရေထု အားလုံး၏ အပူချိန်မျှခြေတစ်ရပ်ပင်ဖြစ်သည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းဟုဆိုရာ၌ သဘာဝအလျောက် ဖြစ်ပေါ်နေသော ရာသီဥတုနှင့် မိုးလေဝသအခြေအနေများက ဤမြေကမ္ဘာကြီးကို လက်ရှိအနေအထားမှာထက် ပိုမိုပူနွေးလာအောင် လုပ်ဆောင်နေကြခြင်းမဟုတ်ပေ။ လူတို့၏အကျိုးစီးပွားအတွက် လုပ်ဆောင်နေကြသော ရုပ်ဝတ္ထုဆိုင်ရာ ဖန်တီးမှုများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်သာလျှင် ကမ္ဘာကြီးက ပိုမိုပူနွေးလာနေခြင်းဖြစ်သည်။

လူတို့၏အကျိုးစီးပွားအတွက် တည်ထောင်လုပ်ကိုင်လျက်ရှိကြသည့် စက်ရုံအလုပ်ရုံများ၊ မောင်းနှင် အသုံးပြုနေကြသည့် မော်တော်ကားနှင့် အင်ဂျင်စက်များက အတိုင်းအဆမဲ့ နေစဉ်စွန့်ထုတ်လျက် ရှိနေကြသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Green House Gas) များကြောင့်သာ ကမ္ဘာကြီးက ပိုမိုပူနွေးလာနေခြင်းဖြစ်သည်။

### ဖန်လုံအိမ်ကြီး

ကမ္ဘာပေါ်ရှိ သန့်နှင့်ချီသောစက်မှုလုပ်ငန်းများ၊ မော်တော်ကားများနှင့် အင်ဂျင်စက်များက ကမ္ဘာ့လေထုထဲသို့ နေ့စဉ်စွန့်ထုတ်နေကြသော အခိုးအငွေ့များအနက် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရို ကာဗွန်၊ ပါဖလူအိုရိုကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် ဓာတ်ငွေ့များသည် ဤမြေကမ္ဘာကြီးကို ဖန်လုံအိမ်ကြီးတစ်ခုအဖြစ် အုပ်မိုးကာရံထားလျက်ရှိနေကြသည်။

သို့ဖြစ်၍ ကမ္ဘာပေါ်သို့ ကျရောက်လာသော နေရောင်ခြည်နှင့်အပူဓာတ်တို့သည် ကမ္ဘာ့မြေမျက်နှာပြင်နှင့် ရေပြင်တို့ကိုထိတွေ့ပြီး ကမ္ဘာ့အပြင်ဘက်သို့ ပြန်ထွက်ရာ၌ ရာခိုင်နှုန်းပြည့် ပြန်မထွက်နိုင်တော့သဖြင့် တစ်နေ့တခြား အပူချိန်က မြင့်မားလာလျက်ရှိနေသည်။ ဤသို့ ဖြစ်ပျက်သည်ကို ကမ္ဘာကြီးပူနွေး လာနေခြင်းဟု သိပ္ပံပညာရှင်တို့က ခေါင်းစဉ်တပ်ခဲ့ကြခြင်းဖြစ်သည်။

သာမန်အားဖြင့် ကမ္ဘာအရပ်ရပ်၌ စွန့်ထုတ်နေကြသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို သစ်ပင်သစ်တောများကလည်းကောင်း၊ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်းကောင်း စဉ်ဆက်မပြတ် စုပ်ယူပေးနေကြသည့်အတွက် ထိုဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပေါ်ယံလွှာထိတိုင် ရောက်ရှိမသွား နိုင်ကြပေ။

သို့ရာတွင် စက်မှုလုပ်ငန်းများ တစ်နေ့တခြား တိုးတက်ထွန်းကား များပြားလာနေမှုကြောင့် ကမ္ဘာ့ လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်းက နှစ်စဉ် ၃ ရာခိုင်နှုန်းတိုးလျက်ရှိရာ၊ အဆမတန် မြင့်တက်လာနေသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုနှင့် သစ်ပင်သစ်တောများက စုပ်ယူသိုလှောင်မှုတို့ မမျှမတဖြစ်ရာမှ ဖန်လုံအိမ်အာနိသင်မြင့်မားပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေခြင်းဖြစ်သည်။

### ရာသီဥတုကို ပြောင်းလဲစေ

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် ရာသီဥတုကို ပြောင်းလဲသွားစေပြီး မိုးလေဝသ အခြေအနေ များကိုလည်း ကစဉ့်ကလျားဖြစ်သွားစေသည်။ အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အပူလှိုင်းများဖြတ်သန်းခြင်း၊ အအေးလှိုင်းများဖြတ်သန်းခြင်းစသည့် အစွန်းရောက်အခြေအနေ များဆီသို့ တွန်းပို့ပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကိုလည်း ပိုမိုဖြစ်ပေါ်လာစေပြီး လူတို့၏ အကျိုးစီးပွားကိုပါ ဆုတ်ယုတ်ကျဆင်းသွားစေသည်။

ကျန်းမာရေးကိုထိခိုက်စေပြီး ရောဂါဘယထူပြောခြင်း၊ ပြင်းထန်ဆိုးရွားသောဝေဒနာများ ကပ်ငြိ ကျရောက်ခြင်းစသည့် ဘေးဆိုးများကိုလည်း ဖြစ်ပေါ်လာစေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးစသော လုပ်ငန်းများအပေါ်၌ပါ ထိခိုက်နစ်နာမှုများကို သိသာစွာဖြစ်ပေါ်လာစေသည်။ ။

> "ကရာကာတိုကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ၏ ပေါက်ကွဲအားနှင့်ညီမျှပြီး ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်။ ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာထောင်ချီ၍ဝေးလံသော ဩစတြေးလျ ကုန်းတွင်းပိုင်းဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများမှပင် အတိုင်းသား ကြားခဲ့ကြရသည်"

# ပင်လုံမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပင်လုံ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၃၂)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် (ဇန်နဝါရီ ၂၉ ရက်)က ကျင်းပခဲ့ပြီး ဝါးတောကျောင်းမှ မင်္ဂလာမွေတော်ကျောင်းအထိ လမ်းမကြီးတစ်လျှောက်၌ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ လွိုင်လင်မြို့နှင့် ပင်လုံမြို့ မြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းတိုက် ၂၇ တိုက်မှ သံဃာ အပါး ၁၇၀၀ ကျော် ကြွရောက်ကြပြီး ပြည်သူများက သဒ္ဓါတရားထက်သန်စွာ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်းသိရသည်။

ပင်လုံမြို့တွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၃၂ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ပင့်ကျောင်း ၂၇ ကျောင်းမှ သံဃာ အပါး ၁၇၀၀ ကျော် ကြွရောက်ကြရာ သံဃာများသည့် ကျောင်းများဆိုလျှင် တစ်ကျောင်းလျှင် ဆန်အိတ် ၄၀ မှ ၆၀ ခန့်အထိ ရရှိကြောင်း၊ ပင်လုံမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အစဉ်အလာကို ဆက်လက် ထိန်းသိမ်းနိုင်စေလိုကြောင်း ပင်လုံမြို့နေ မြို့ခံပြည်သူတစ်ဦးက ပြောကြားသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိ

**ဖာပွန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဗဟို)နှင့် ကရင်ဏာနှလုံးသားလူမှုကယ်ဆယ်ရေးအသင်း(ဖာပွန်)တို့က ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၃/၂၀၁၈)တွင် တောင်တက် တောင်ဆင်း လူနာသယ်နည်းပညာများကို ဖာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာ ရွှေဆံတော်ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၂၉ ရက်က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးလှထွန်းက တောင်တက်တောင်ဆင်း လူနာသယ်နည်းပညာများ သင်ကြားပေးခြင်း ရည်ရွယ်ချက်မှာ တောင်အောက်သို့ မတော်တဆ ယာဉ်များတိမ်းမှောက်သည့်အခါ အချိန်နှင့်တစ်ပြေးညီ လူနာများကို အသက်ကယ်နိုင်ရန်အတွက် တောင်တက်တောင်ဆင်း လူနာသယ်နည်းပညာများကို တတ်မြောက်ထားရန် လိုအပ်သောကြောင့် သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ တောင်တက် တောင်ဆင်း လူနာသယ်နည်းပညာများကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးလှထွန်းနှင့် သင်တန်းဆရာ ဆရာမများက သင်တန်းသားသင်တန်းသူ ၉၆ ဦးအား လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ကြပြီး သင်တန်းသားသင်တန်းသူများက တောင်တက် တောင်ဆင်း လူနာသယ်နည်းများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သည့် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ဆယ်ရေး သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၉၆ ဦးအား လူနာသယ်ဆောင်နည်းများ အဖြစ် တစ်ယောက်သယ်နည်း ငါးမျိုး၊ နှစ်ယောက်သယ်နည်း ရှစ်မျိုး၊ သုံးယောက်သယ်နည်း သုံးမျိုး၊ လေးယောက်သယ်နည်း သုံးမျိုး၊ ငါးယောက်သယ်နည်း ငါးမျိုး၊ နှလုံးနှင့် အဆုတ် ပြန်လည်နှိုးဆွသည့် နည်းပညာများ၊ ယာဉ်မတော်တဆမှုများတွင် ထိခိုက်သည့်လူနာများကို ကယ်ဆယ်ပုံနည်းပညာများနှင့် တောင်တက် တောင်ဆင်း လူနာသယ်နည်းပညာများကို လက်တွေ့သရုပ်ပြ သင်ကြားပေးနိုင်ခဲ့ကြောင်း သင်တန်းဆရာထံမှ သိရသည်။

သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူများ လေ့လာသင်ယူတတ်မြောက်ထားသော နည်းပညာများကို ပြန်လည်စစ်ဆေးသည့်အနေဖြင့် တစ်ယောက်သယ်၊ နှစ်ယောက်သယ်၊ သုံးယောက်သယ်၊ လေးယောက်သယ်၊ ငါးယောက်သယ် အရေးပေါ်ကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား သင်တန်းဆင်းပွဲတွင် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**



# လျှင်ဘေးအန္တရာယ် ပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်

**ဟားခါး ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ ပြည်နယ်မီးသတ်ဦးစီးဌာန၊ ပြည်နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ ငလျင်ဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ပညာပေးဟောပြောပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ငလျင်ဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမြင့်အောင်က ငလျင်ဘေးအန္တရာယ် အကြောင်း သိကောင်းစရာများကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းဟောပြောကာ သရုပ်ပြလေ့ကျင့်ခန်းများကို သရုပ်ပြခဲ့ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးပါက ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ငလျင်ဘေးအန္တရာယ် ဖြစ်ပွားလာပါက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကိုယ်ကို ထိခိုက်မှုမရှိအောင် မည်သို့မည်ပုံ ပြုလုပ်နေထိုင် တိမ်းရှောင်ရမည် စသည့်အချက်များနှင့် လုပ်နည်းလုပ်ဟန်များကို လက်တွေ့သရုပ်ဖော် သရုပ်ပြလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ဖလမ်းမြို့ သောက်သုံးရေရရှိရေးအတွက် ရေသွယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖလမ်း ဇန်နဝါရီ ၃၁**

ဖလမ်းမြို့နေ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ဖလမ်းမြို့မှ ၂၅ မိုင်ဝေးသော လိုင်ဗားရေလှောင်တမံမှ ရေများကို H DPE/Iron ရှစ်လက်မပိုက်များဖြင့် သွယ်ယူခြင်းလုပ်ငန်းကို ပြည်ထောင်စုသီးသန့်ရန်ပုံငွေ ကျပ်သန်း ၅၀၀၀ ဖြင့် တင်ဒါအောင်မြင်ထားသည့် Authentic ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုမ္ပဏီအနေဖြင့် ရေပိုက်သွယ်ခြင်း၊ ရေလှောင်ကန်များဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သွယ်ယူသောရေများကို ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်များတွင် သိုလှောင်ထားကာ မြို့တွင်းရှိ ပြည်သူများထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်များကို ဖလမ်းမြို့ အိတ်ချိန်းရုံးဘေး၊ မြို့ရှောင်ကွင်းလမ်းဘေး၊ လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် လုံရန်းမီးသတ်ကုန်းတို့တွင် ကုမ္ပဏီက ဆောက်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းကို Syphon စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက တစ်မိနစ်တွင် ရေ ၄၄၀ ဂါလန်ကို ရေလှောင်တမံမှရယူပြီး သိုလှောင်ထားနိုင်မည်ဖြစ်သည်။ အဆိုပါရေလှောင်တမံမှ သွယ်ယူထားသော ရေများကို မြို့ပေါ် လေးရပ်ကွက်နှင့် တိုးချဲ့လေးရပ်ကွက်တို့သို့ ဖြန့်ဝေပေးမည်ဖြစ်ပြီး လုပ်ငန်းများကို မတ်လအတွင်း ပြီးစီးရန် သက်ဆိုင်ရာကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာပြီးစီးပါက ဖလမ်းမြို့နေပြည်သူများအနေဖြင့် သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာရေးအဖွဲ့မှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## မှုခင်းသတင်းတိုများ

### တိုက်ကြီးမြို့၌ နေအိမ်တဲအတွင်း အိပ်ပျော်နေခိုက် သတ်သွားသူကို ဖော်ထုတ်ဖမ်းဆီး

တိုက်ကြီးမြို့နယ် ရေစက်တောင်ရွာပဲတောင့်ရှည် စိုက်ခင်းတဲတွင် (၇၃နှစ်) အရွယ်အမျိုးသားတစ်ဦး အသတ်ခံရမှု ပြစ်မှုကျူးလွန်သူကို ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် မြန်မာ နိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ရဲတပ်ဖွဲ့ဝင်များက ကရင် (ခ) သောင်ထွန်းအား မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းသည် ဇန်နဝါရီ ၂၆ ရက်တွင် ဦးသန်းအောင်မှ အရက်ဝယ်ခိုင်းခဲ့ရာ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ဦးသန်းအောင်သည် အေးထွန်းအရက်ဆိုင် လိုက်သွားပြီး ၎င်းအား အရက်ဝယ်တာ ဒီလောက်ကြာကြောင်း ပြောဆိုပြီး ဦးသန်းအောင်မှ လူအများရှေ့၌ကရင်အား လက်သီးဖြင့် သုံးချက်ခန့် ထိုးကြောင်း၊ လူအများရှေ့ လက်သီးနှင့်ထိုးသည်ကိုမကျေနပ်ကာ နေအိမ်ရှိ အရိုး ၁၀ လက်မခန့်ရှိ သံရိုးတပ်ငါးပေါင်ခန့်ရှိ တူကိုယူပြီး ဦးသန်းအောင်၏ နေအိမ်တဲသို့ သွားရောက်ကာ စောင်ခြုံလျက်အိပ်နေသည်ကို တွေ့ရှိရ၍ ယူလာသောသံတူဖြင့် ထုခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် ကရင် (ခ) သောင်ထွန်း (၄၈နှစ်) အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

### တံတားဦးမြို့နယ် အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်

တံတားဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၃၄၆/၀)အနီးတွင် ဇန်နဝါရီ ၂၈ ရက်နံနက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်လင်းဦး(၃၅နှစ်) မောင်းနှင်လာသည့် ပရိုဘောက်စ်ယာဉ်ကို ယာဉ်မောင်း နေလင်း(၂၅နှစ်) မောင်းနှင်လာသော ဟီးနိုးကားက နောက်မှဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ပရိုဘောက်စ်ယာဉ်ပေါ်တွင်ပါလာသူ ဒေါ်အိ(၇၀နှစ်)နှင့် ဒေါ်တင်နွယ်ဦး(၄၅နှစ်)တို့မှာ ဒဏ်ရာများရရှိ၍ ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားခဲ့ပြီး အခြားယာဉ်ပေါ်ပါသူများဖြစ်သော ဒေါ်မြင့်မြင့်သိန်း(၅၅နှစ်)မှာ စိုးရိမ်ရဒဏ်ရာများ ရရှိကာ မဆုမြတ်နိုးဦး(၁၃နှစ်)၊ နှင့် မောင်အောင်ကျော်သူ(၂၉နှစ်)တို့မှာ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းနေလင်းအား စကားအင်းအမြန်လမ်းရဲစခန်း၌ အမှုဖွင့်ထားသလို ၎င်းမောင်းလာသည့် ဒိုင်နာယာဉ်ပေါ်တွင် တရားမဝင် မီးသွေးအိတ် ၆၀ ခန့်ကို တွေ့ရှိသဖြင့် သစ်တောဦးစီးဌာနသို့ အပ်နှံပေးခဲ့ကြောင်း သိရသည်။ **ရဲတင့်**

### လူသတ်မှုကျူးလွန်သူများကို ဖမ်းမိ

မွန်ပြည်နယ် ရေးမြို့နယ် ရေးမြစ်အတွင်း ငါးဖမ်းလှေပေါ်တွင် ပြီးခဲ့သည့်အပတ်အတွင်းက ဖြစ်ပွားခဲ့သော လူသတ်မှု ကျူးလွန်သူသုံးဦးမှ နှစ်ဦးကို ရဲတပ်ဖွဲ့ ဇန်နဝါရီ ၂၆ ရက်တွင် ဖမ်းမိပြီဖြစ်ကြောင်း ရေးမြို့မရဲစခန်းမှ သိရသည်။ ရေးမြစ်ထဲတွင် ငါးဖမ်းပိုက်ထောင်သူ ဦးဘိတ် ခေါ် စိန်တင့်မှာ ငါးဖမ်းလှေပေါ်တွင် ရှိနေစဉ် အခြား ကွန်ပစ်စက်လှေတစ်စီးကို ဓာတ်မီးဖြင့်ထိုးကြည့်ရာမှ ထိုစက်လှေပေါ်တွင်ပါသူ တင်မြင့်(ခ) မီးခြစ်၊ သားကြီး(ခ) မျိုးအောင်နှင့် လှထွဋ်ဦးတို့ သုံးဦးနှင့် စကားများကြပြီး ၎င်းတို့သုံးဦးက ဦးဘိတ်အား သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။ လူသတ်မှုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ တင်မြင့်နှင့် သားကြီးတို့အား ဖမ်းမိထားပြီး လှထွဋ်ဦးမှာ ထွက်ပြေးတိမ်းရှောင်နေ၍ ဆက်လက်စုံစမ်းနေကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ပုဂံဘုရားအချို့အပေါ် တက်ခွင့်ရရှိရေး

■ မင်းဘူးအောင်ကြိုင်


ဓာတ်ပုံ-ဇေမိုး

ပုဂံသို့ လာကြသော ပြည်တွင်းပြည်ပ ဧည့်သည်များလိုလိုပင် ပုဂံဘုရားပေါ်သို့တက်၍ လက်ညှိုးထိုးမလွဲများပြားလှသော ဘုရားစေတီ ပုထိုးများကို တစ်ဝကြီးကြည့်ရှုခံစားကြပါသည်။ ပုဂံသည် မြန်မာတို့၏ အသည်းနှလုံးဖြစ်ပါသည်။ မြန်မာပြည်လူဦးရေ သန်း၄၀းဆယ်ကျော်နှင့် ဆိုင်ပါသည်၊ ပိုင်ပါသည်။

ပြည်ပဧည့်သည်များသည် ပုဂံကြောင့်လည်း အများအားဖြင့်လာနေကြခြင်းဖြစ်ပါသည်။ အမြင့်တစ်နေရာမှ ကြည့်လျှင် ပုဂံ၏ အရသာကို ခံစားရပါသည်။ ထို့ကြောင့်လည်း ပြည်တွင်း၊ ပြည်ပဧည့်သည်များသည် ဘုရားပေါ်တက်၍ ပုဂံ၏ အစုလိုက်အပြုံလိုက်တည်ရှိသော မြင်ကွင်းကျယ်ကြီးကိုလည်း ကြည့်ချင် မြင်ချင်ကြသည်။ နေဝင်ချိန်ကိုချည်း ကြည့်လို၍ မဟုတ်ပါ။

ယခုအခါ တက်ခွင့်ပိတ်ပင်လိုက်သဖြင့် ဒေါ်လာ ၂၀၀ ကျော် ၃၀၀ ပေး၍ ကြည့်ချင်လွန်းသဖြင့် အကုန်ခံကာ Bloon များကို စီးနေကြပါသည်။ Bloon ၂၁ လုံးအထိ တိုးလာပါသည်။ မတတ်နိုင်သော နိုင်ငံခြားသားများက မကျေနပ်ကြပါ။ ယခု ဘုရားများကို တက်ခွင့်မရှိတော့။ နောင်ဆိုလျှင် နိုင်ငံခြားသား အလာနည်းပြီး တိုင်းပြည်ဝင်ငွေလျော့နိုင်ပါသည်။ အလာနည်း လာလျှင် ဒေသခံ ပြည်သူများ အားကိုးနေရသော မော်တော် ကား၊ E-like ၊ မြင်းလှည်း၊ စက်ဘီးငှားသူများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ၊ စားသောက်ဆိုင်စသည်တို့ ဒုက္ခရောက်နိုင်ပါသည်။

(ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်) သဘောမျိုးရောက်ပြီးသူများက တစ်ဆင့်စကားတစ်ဆင့် ပြောသွားလျှင် ပုဂံသို့ အလာနည်းသွားနိုင်ပါသည်။ အလာနည်းလျှင် ဒေသခံပြည်သူများရော၊ အခြားသော ဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ တောင်ကြီး၊ စစ်ကိုင်း၊ အင်းဝတို့တွင် ပါဝင်ငွေလျော့သွားနိုင်ပါသည်။ နိုင်ငံ့ဝင်ငွေပါ လျော့သွားနိုင်ပါသည်။

ဤစာရေးသူ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကမာကူရ ကြေးဆင်းတု ကြီးကို သွားရောက်လည်ပတ်စဉ်က ဝင်ကြေးယန်း ၃၀ ပေးရပါသည်။ တစ်ဖန်နောက်ဘက်မှ အပေါ်အတွင်းဘက်သို့ တက်ကြည့်လျှင် ယန်း ၂၀ ထပ်ပေးရပါသည်။

ထို့နည်းတူစွာ ပုဂံဇုန်ဝင်ကြေးအပြင် ဘုရားပေါ်တက်ချင်လျှင် ဝင်ကြေးထပ်ကောက်ရပါမည်။ တစ်ကြိမ်လျှင် လူဦးရေ ၅၀ သို့မဟုတ် ၁၀၀ သတ်မှတ်ကန့်သတ်ပြီး ဝင်ကြေးရအောင် စမ်းသပ်ဆောင်ရွက်စေချင်ပါသည်။

အချို့ဂင်းပိတ် (solid) စေတီများနှင့် အသစ်ပြန်လည်ပြုပြင်ထားသော အုတ်ကျောင်းများပေါ်သို့ တက်ခွင့်ပြုစေလိုကြောင်း အကြံပြုတင်ပြအပ်ပါသည်။ အသစ်ပြန်လည်တည်ဆောက်ထားသော အုတ်ကျောင်းများသည် အပေါ်တက်သဖြင့် ပျက်စီးသွားလျှင် အချိန်မရွေး အသစ်ပြန်လည်အစားထိုးပြုပြင်နိုင်ပါသည်။ အချို့စေတီများမှာ မူလကုသိုလ်ရှင်က တက်လိုသောကြောင့် မူလကတည်းက လှေကားများပြုလုပ်ခဲ့ကြပါသည်။

ပုဂံတွင် တက်ခွင့်ပြုထိုက်သော ဂင်းပိတ် (solid)စေတီများမှာ

(၁) သဗ္ဗညုဂူဘုရားကြီး၏ အနောက်မြောက်ဘက်ရှိ စေတီကြီးဘုရားအမှတ် ၁၆၀၂ လှေကားလေးဘက်ရှိသည်။

(၂) ဆင်များရှင်ဘုရားတောင်ဘက်ရှိ ရတနာစေတီကြီးဘုရား အမှတ် ၁၄၇၃

(၃) ရွှေဆံတော်စေတီဘုရားအမှတ် ၁၅၆၈ ယခင်တက်နေသော ဘုရားဖြစ်သည်။

(၄) ရွှေနန်းရင်တောကျောင်းတိုက်တောင်ဖျားရှိ အုတ်ကျောင်း အမှတ် ၁၇၁၃ (ယခင်အုတ်ကျောင်းပေါ်တွင် တည်ဆောက်ထားသည်)

(၅) ရွှေနန်းရင်တောကျောင်းတိုက်အလယ်ရှိ ပြုပြင်ထားသော အုတ်ကျောင်း အမှတ် ၁၇၁၅

(၆) ဗူးလယ်သီးစေတီကြီး အမှတ် ၃၉၄

(၇) ဗူးလယ်သီးစေတီ အရှေ့ဘက်ရှိ စဉ့်ကွက်စေတီကြီး အမှတ် ၃၉၇

(၎င်းတို့ကိုမျှ တက်လျှင်ကောင်းပါသည်။)

(ခြွင်းချက်။ ။ မင်္ဂလာစေတီနှင့် ဓမ္မရာဇကစေတီကြီးတို့တွင်တော့ တက်ခွင့်မပြုသင့်ပါ) အဘယ်ကြောင့်ဆိုသော် ယခင်တက်ခွင့်ရစဉ်က စဉ့်ကွင်းအချို့မှ ဦးခေါင်းငယ်များကို ခွာယူသွားကြသည်။

ပုဂံဒေသတွင် ပုဂံမြင်ကွင်းကျယ်ကို ကြည့်ရန် အကောင်းဆုံးဘုရားမှာ သဗ္ဗညုဂူဘုရားအလယ်ထပ်မှ ကြည့်လျှင် အကောင်းဆုံးနေရာ ဖြစ်ပါသည်။

ထိုအထပ်အထိ အကန့်အသတ်ဖြင့် တက်ခွင့်ပေးသင့်ပါသည်။ ဝင်ကြေးလည်း ရပါမည်။ တစ်ကြိမ်လျှင် ကားကြီးတစ်စီးစာ လူဦးရေ ၅၀ တက်လျှင် အဆောက်အအုံကြီးကို ထိခိုက်မှုမရှိနိုင်ပါ။ သဗ္ဗညုဘုရားကြီးမှာ ဖောင်ဒေးရှင်း ၁၂ ပေရှိပြီး အလွန်ခိုင်မာတောင့်တင်းပါသေးသည်။ ပေါင်းကူးကြီးများမှာ အလွန်ခိုင်ပါသည်။

ပြည်သူနှင့်အတူ(Together with People) ဆောင်ပုဒ်အရ ပြည်သူကို ဦးစားပေးသော ပြည်သူ့အစိုးရလက်ထက်တွင် ဒေသခံပြည်သူများအတွက်ရော၊ နိုင်ငံအတွက်ပါ အကျိုးရှိစေသောကြောင့် ခိုင်မာတောင့်တင်းသေးသော တက်သင့်၊ တက်ထိုက် ပုဂံဘုရားအချို့ကို တက်ခွင့်ပြုစေလိုကြောင်း ပြည်သူများကိုယ်စား နိုင်ငံတော်အတွက် အကြံပြုတင်ပြ လိုက်ရပါကြောင်း။ ။

# မြို့ကွက်သစ်ဖော်ဆောင်ရေးစီမံကိန်းတွင် နှစ်ပေါင်းများစွာ အိမ်ငှားနေရသူများကို ဦးစားပေးမည်

**ဟားခါး ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မြို့ကွက်သစ်ဖော်ဆောင်ရေး မြေဧက ၁၀၀ တွင် အကောင်အထည်ဖော်လျက်ရှိသော မြို့သစ်စီမံကိန်း၌ အိမ်ငှားဘဝဖြင့် နှစ်ပေါင်းများစွာနေထိုင်ရသူများကို ဦးစားပေး မဲနှိုက်နေရာချထားပေးမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရရုံးအဖွဲ့ထံမှ သိရသည်။



"ဟားခါးမြို့ မြို့သစ်ရပ်ကွက် မြေဧက ၁၀၀ ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ အဲဒီဧက ၁၀၀ အတွင်း ဥပဒေအရဖြစ်စေ၊ ဒေသရိုးရာအရဖြစ်စေ ပိုင်ဆိုင်ကြောင်း ဆိုရေးဆိုခွင့်ရှိသူတွေကို ညှိနှိုင်းဆောင်ရွက်ချက်တွေနဲ့ပတ်သက်တဲ့ အခြေအနေ၊ အဲဒီဧက ၁၀၀ ကွက်သစ်အတွင်း မြေနေရာချထားပေးမယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး မြို့မိမြို့ဖ၊ ဒေသသတင်းဌာနတွေကို အသိပေးရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရအနေနဲ့ အဲဒီဧက ၁၀၀ ကွက်သစ်မှာ ဟားခါးမြို့ပေါ်က အိုးပိုင်အိမ်ပိုင်မရှိကြဘဲ မုဆိုးမဦးဆောင်တဲ့ မိသားစုတွေ၊ ဆင်းရဲနွမ်းပါးတဲ့မိသားစုတွေ၊ နွမ်းပါးတဲ့ စစ်မှုထမ်းဟောင်းတွေအပါအဝင် ဝန်ထမ်းအငြိမ်းစား မိသားစုတွေ၊ သင်းအုပ်ဆရာတော်တွေကို မြို့မိမြို့ဖတွေရဲ့သဘောထား ညှိနှိုင်းတိုင်ပင်ရယူပြီးတော့ နေရာချထားပေးနိုင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ဟားခါးမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြေဧက ၁၀၀ အတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ မြေကွက်ဖွင့်ထားပြီးဖြစ်ကြောင်း၊ ဟားခါးမြို့တွင် နှစ်ရှည်လများနေထိုင်၍ ကိုယ်ပိုင်မြေကွက်မရှိဘဲ အိမ်ငှားအနေဖြင့် နေထိုင်သူများအား ပထမဦးစားပေး ရောင်းချပေးမည်ဖြစ်ကြောင်း၊ တစ်ကွက်လျှင် ငွေကျပ်တစ်သိန်းနှင့် နှစ်သိန်းဝန်းကျင် ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ရရှိလာမည့် ငွေကြေးများကိုလည်း မြို့သစ်စီမံကိန်းအတွက် လိုအပ်မည့်လမ်း၊ မြောင်းနှင့် အခြားလိုအပ်မည့်နေရာများ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် မြေကွက်မရှိသူများအား ကိုယ့်ခြံကိုယ့်ဝင်းဖြစ်လာစေရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ အကွက်များရိုက်ပြီးဖြစ်၍ လပိုင်းအတွင်း နေရာချမှုများ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ယခုအခါ စည်ပင်ဧရိယာ ဖြစ်သွားပြီဖြစ်သဖြင့် ဟိုတယ်နှင့် အခြားရင်းနှီးမြှုပ်နှံလိုသူများကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဟားခါးမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်အစိုးရအနေဖြင့် မြို့ပြစီမံကိန်းများ ရေးဆွဲလျက်ရှိရာ ဟားခါး၊ ဖလမ်း၊ ပလက်ဝဟူ၍ မြို့သုံးမြို့ကို မြို့သစ်စီမံကိန်း၊ မြို့ပြစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြေဧက ၁၀၀ မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ပြီးပါက နောက်ထပ်မြေဧက ၁၀၀ ကို ထပ်မံဖော်ဆောင်သွားမည်ဖြစ်ကာ စုစုပေါင်း မြေကွက်ပေါင်း ထောင်ဂဏန်းကျော်အထိ နေရာချထားပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ကျန်ရှိသည့်မြို့များကိုလည်း မြို့ပြစီမံကိန်းအဖြစ် ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးထံမှ သိရသည်။

**နေစု(ချင်းရိုးမ)**

# ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ

**ချင်းရွှေဟော် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များ၏ သမိုင်းအစဉ်အလာများကို သိရှိနားလည်၍ အနာဂတ်တွင် တန်ဖိုးထားတတ်ကြစေရန် ရည်ရွယ်ပြီး (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က ချင်းရွှေဟော်မြို့ Community Centre ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပညာရေးဌာနမှ အထက်တန်းပြဆရာမ ဒေါ်ဝင်းသီတာက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြန်/ဆက်ဦးစီးဌာနမှ ဒေါ်ဇင်ဇင်သန့်(ဒုတိယဦးစီးမှူး)က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို အကျယ်တဝင့် ဟောပြောခဲ့ကြောင်း သိရသည်။ ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ပြည်ထောင်စုနေ့ဆိုင်ရာ စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြဘုတ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဘတ်စကက်ဘောပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၏ အတန်းလိုက် ဘတ်စကတ်ဘောပြိုင်ပွဲကို ဇန်နဝါရီ စတုတ္ထပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘတ်စကက်ဘောကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားပြီး ပထမနေ့ပွဲစဉ်တွင် စတုတ္ထနှစ်နှင့် ဒုတိယနှစ် ကျား၊ မ ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ဘတ်စကက်ဘောပွဲစဉ်များကို ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ကျင်းပရာ ဆုရအသင်းများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် စသည့် အားကစားနည်းများအပါအဝင် နှစ်စဉ် ရာသီအလိုက် သင့်တော်သည့် အားကစားနည်းမျိုးစုံကို ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေးအတွက် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**မေမိုးသဲ၊ ဓာတ်ပုံ- အိမ်မှူးမေ**



# တိမ်မြုပ်ပျောက်ကွယ်နေသည့် ပုဂံနှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်း ဘုရားစေတီများနှင့် နံရံဆေးရေးပန်းချီများ

ပခုက္ကူခရိုင်အတွင်း ပခုက္ကူ-ဂန့်ဂေါကားလမ်း၏ လက်ဝဲဘက်တွင် ရေစကြိုမြို့နယ် အောင်နန်းကျေးရွာရှိသည်။ အောင်နန်းကျေးရွာမှာ အိမ်ခြေ ၁၈၀ ခန့်ရှိပြီး လူဦးရေ ၇၀၀ ကျော်ရှိသည်။ အောင်နန်းကျေးရွာအမည်တွင်သည်မှာ ၁၀ နှစ်ခန့်သာ ရှိသေးသည် ဆိုသည်။ ယခင်က ရွာငယ်၊ ချောင်းဆုံငယ်အမည်များဖြင့် ထင်ရှားခဲ့သည်။

အောင်နန်းကျေးရွာမှ ရဟန်းပညာရှိ၊ လူပညာရှိများ ထွက်ပေါ်ခဲ့သည်။ ရေစကြိုဦးချင်းကျောင်း၏ ပထမဦးစီးပဓာနနာယက ဆရာတော်မှာ ဦးဝရသံဗောဓိဖြစ်သည်။ ဆရာတော်ဦးဝရသံဗောဓိမှာ ရေစကြိုစာချနည်း၊ ပခုက္ကူစာချနည်းများကို စတင်သင်ကြားခဲ့သော ဆရာတော်ဖြစ်သည်။ ဆရာတော်ဦးဝရသံဗောဓိမှာ အောင်နန်းရွာဇာတိဖြစ်သည်။ ဆရာတော်ဦးဝရသံဗောဓိမှာ ကဗျာ၊ စကားပြေဖြင့် ကျမ်းပေါင်း ၃၄ ကျမ်းပြုစုခဲ့သော ရဟန်းပညာရှိဖြစ်သည်။

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆုနှင့် အာဆီယံစာပေဆုရရှိခဲ့သော စာရေးဆရာ ဦးတင်မြင့်မှာလည်း အောင်နန်းရွာဇာတိဖြစ်သည်။ စာရေးဆရာ ဦးတင်မြင့်သည် အမျိုးသား စာပေဆုတစ်ဆု၊ စာပေဗိမာန်စာပေဆု ၁၂ ဆု၊ အာဆီယံစာပေဆုနှင့် ပခုက္ကူဦးအုန်းဖေစာပေဆုရ စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ စာရေးဆရာကြီးဦးတင်မြင့်သည် အသက် ၇၇ နှစ်အရွယ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က မြင်းမူမြို့၌ ကွယ်လွန်ခဲ့သည့် လူပညာရှိတစ်ဦးဖြစ်သည်။



အောင်နန်းရွာမှာ ရှေးယခင်က ပခန်းကြီးမြောက်ဘက်တွင် အကြွယ်ဝဆုံး၊ အချမ်းသာဆုံး သူဌေးသူကြွယ်ပေါများသော ရွာကြီးဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ်က အလံနီနှင့် ဖဆပလတို့ တိုက်ပွဲဖြစ်ကြရာ တစ်နေ့တည်း လူ ၉၉ ယောက် သေဆုံးခဲ့သည်။ တစ်ရွာလုံး မီးလောင်ပြာကျခဲ့သည်။ ဘုန်းကြီးကျောင်း ၁၁ ကျောင်း မီးထဲပါသွားသည်။ ကျန်ရွာသူရွာသားများ ရွာတွင်မနေရဲဘဲ ရွာစွန့်၍ ထွက်ပြေးခဲ့ကြရသည်။ နောက်နှစ် ပေါင်းများစွာကြာမှ လူစု၍ ရွာပြန်တည်ခဲ့ရသော ရွာကြီးဖြစ်သည်။

အောင်နန်းရွာတွင် ပုဂံခေတ်က ဘုရားစေတီ ၁၁၇ ဆူ ရှိခဲ့သည်။ ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် ပုဂံခေတ်က တည်ထားခဲ့သော ဘုရားစေတီများမှာ ပြိုကျပျက်စီးနေသဖြင့် ၎င်း၍ ပြန်လည်တည်ထားခဲ့ကြသည်။ ထို့ကြောင့် ယနေ့တွေ့မြင်ရသော ဘုရားစေတီများမှာ ကုန်းဘောင်ခေတ်နောက်ပိုင်း လက်ရာများ ဖြစ်နေသည်။ ၁၉၇၅ ခုနှစ်က ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ပြိုကျခဲ့ရာ စေတီအဆူ ၄၀ ကျော်မှာ ထီးမရှိဘဲ ပျက်စီးနေသည်။

ပခန်းကြီးမြောက်ဘက် တစ်မိုင်ခန့်အကွာ စူဠဘန်ဘုရားကျောက်စာတွင် သက္ကရာဇ် ၅၉၇ ခုနှစ်က ဘုရားတကာသူကြွယ်များက ရေးထိုးထားသော ကျောက်စာရှိသဖြင့် အောင်နန်းရွာရှိ ဘုရားစေတီများမှာ ပုဂံခေတ်ကလက်ရာများ ဖြစ်နိုင်သည်ဟု ယူဆရသည်။

အောင်နန်းရွာအရှေ့ဘက် ဘုရားတိုက်အတွင်းရှိ ဇာတ်စုံဘုရားတွင် နန်းတွင်းပန်းချီဆရာကြီး ဆရာခြုံ၏သားများ ရေးသားထားသော ဆေးရေးနံရံပန်းချီများတွင် အလောင်းတော်သိဒ္ဓတ္ထမင်းသား လေးတော်တင်ခန်း၊ ဘူရိဒတ်နဂါးမင်းဇာတ်၊ ဝေဿန္တရာဇာတ်တော်၊ လယ်ထွန်မင်္ဂလာစသည့် ဇာတ်နိပါတ်များကို ဘုရားနံရံပတ်လည်တွင် ရေးသားထားပြီး ဆေးများမှာလည်း မပျက်စီးသေးဘဲ ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ပန်းချီရေးခမှာ ၂၇၅ ကျပ်ဟု မှတ်တမ်းတင်ရေးသားထားသည်။ ထို့အပြင် ဘုရားတိုက်၏ အရှေ့တောင်ထောင့် အာရုံခံဇရပ်အတွင်းမှာ ညောင်ရမ်းခေတ် လူပုံဆေးရေးပန်းချီများရှိသည်။

အောင်နန်းရွာမှ ဘုရားစေတီများအကြောင်းကို သမိုင်းပညာရှင် ဒေါက်တာတိုးလှက ရေစကြိုမဂ္ဂဇင်း(မန္တလေး)(၁၀) နှစ်မြောက် အထိမ်းအမှတ်မဂ္ဂဇင်း နံ့သာမြေမှဆောင်းပါးတွင် အောင်နန်းရွာဘုရားစေတီများအကြောင်း ရေးသားဖော်ပြခဲ့သည်ဟု သိရသည်။ လက်ရှိအချိန်တွင် လူသိနည်းပြီး တိမ်မြုပ်ပျောက်ကွယ်နေသည့် ရေစကြိုမြို့နယ် အောင်နန်းရွာမှ ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ်နောက်ပိုင်း ဘုရားစေတီ ၁၁၇ ဆူနှင့် ဆေးရေးနံရံပန်းချီများကို စိတ်ဝင်စားသူများ၊ သမိုင်းသုတေသီများ၊ သမိုင်းလေ့လာသူများ၊ သမိုင်းပညာရှင်များ လေ့လာနိုင်ရန် အသိပေးရေးသားလိုက်ရပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

# တဇင်ရေကျော်-ဇီးဖြူကျွန်းကားလမ်းကို ပြင်ဆင်ပေးရန် ဒေသခံများလိုလား

**ညောင်တုန်း ဇန်နဝါရီ ၃၁**

ညောင်တုန်းမြို့နယ် တဇင်ရေကျော်ကျေးရွာအုပ်စု တဇင်ရေကျော်-ဇီးဖြူကျွန်းကားလမ်းမှာ ပျက်စီးမှုများပြားနေသဖြင့် သက်ဆိုင်ရာ တာဝန်ရှိဌာနများက အချိန်မီပြုပြင်ထိန်းသိမ်းပေးရန် ဒေသခံများနှင့် ယာဉ်မောင်းများက အထူးလိုလားနေကြကြောင်း သိရသည်။

တဇင်ရေကျော်-ဇီးဖြူကျွန်းကားလမ်းမှာ ၃မိုင် ၅ ဖာလုံခန့်သာ ရှည်လျားပြီး မူလက ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ခဲ့သောလမ်းဖြစ်ကာ နောက်ပိုင်းတွင် MBG ကုမ္ပဏီက ထပ်မံပြုပြင်ခဲ့သည်။ ထို့နောက် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းခင်းပေးခဲ့သော်လည်း လမ်းပေါ်တွင် ကားကြီးကားငယ်များဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်မှု များပြားခဲ့သဖြင့် လမ်းများပျက်စီးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



“လမ်းကချိုင့်ခွက်ကြီးတွေများနေပြီး ဆိုးဆိုးရွားရွား ပျက်စီးနေတော့ ကုန်တင်ကားတွေကို သတိထားမောင်းနှင်နေရတယ်၊ တရွေ့ရွေ့မောင်းနေရတော့ အချိန်ကုန်တယ်၊ ကွန်ကရစ်လမ်းဖြစ်ဖြစ်၊ ကတ္တရာလမ်းဖြစ်ဖြစ် အမြန်ခင်းပေးရင်သိပ်ကောင်းမှာပါ” ဟု ပုစွန် ကုန်တင်ကားကြီးမောင်းနှင်သူ ယာဉ်မောင်းတစ်ဦးက ပြောသည်။

တဇင်ရေကျော်ကျေးရွာမှ ဒေသခံတစ်ဦးကလည်း “ကျွန်တော်တို့ဒေသက ထွက်ကုန်ပစ္စည်းတွေက များပြားပါတယ်၊ ငါး၊ ပုစွန်တွေ၊ရေထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ငါးပိ၊ ငါးခြောက်မျိုးစုံ၊ စပါးနဲ့ဆန်တွေကို ရန်ကုန်ကို နေ့စဉ်တင်ပို့နေရသလို မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်တဲ့ မွေးမြူရေးအစာနဲ့ လိုအပ်တဲ့ပစ္စည်းတွေကိုလည်း နေ့စဉ်ပြန်သယ်နေရပါတယ်၊ အရေးကြီးတဲ့လူနာတွေကို ပို့ဆောင်ရာမှာလည်း ဒီလမ်းမှာ အချိန်ကြာမြင့်စွာမောင်းနှင်နေရလို့ အခက်အခဲဖြစ်ရပါတယ်”ဟု ပြောသည်။

တဇင်ရေကျော်-ဇီးဖြူကျွန်းကားလမ်းမှ ညောင်တုန်းနှင့် မအူပင်မြို့နယ်အတွင်းရှိ မွေးမြူရေးကန်များ၊ သဘာဝအင်းချောင်းများမှ မွေးမြူထုတ်လုပ်ထွက်ရှိသော ငါး၊ ပုစွန်များနှင့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်သို့တင်ပို့ရာတွင် အဓိကကျသည့် ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်၍ ညောင်တုန်းဒေသအတွက် အရေးပါသောလမ်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ရော်ဘာစိုက်ပျိုးခြင်း၊ အစေးလှီးခြင်းနှင့် အပင်ပြုစုထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရော်ဘာစိုက်တောင်သူများအတွက် ရော်ဘာအဖူးကူးခြင်း၊ ကိုင်းကူး/ကိုင်းဆက်ခြင်း၊ အစေးလှီးခြင်းနှင့် ရော်ဘာပင်ပြုစုထိန်းသိမ်းခြင်း တောင်သူပညာပေးသင်တန်းကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောထူးကပေါ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ရော်ဘာစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မြေဆီလွှာအနေအထား၊ ရော်ဘာပင်မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း၊ မြေသြဇာအသုံးပြုမှုနှင့် ရော်ဘာပင်ပြုစုထိန်းသိမ်းခြင်းစသည်များကိုလည်းကောင်း၊ မြို့နယ်ရော်ဘာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ရော်ဘာအရည်အသွေးကောင်းမွန်စေရေးနှင့် ရော်ဘာပြားများဈေးကွက်ဝင်ပြီး ဈေးကောင်းရရှိနိုင်ရေး လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောဝေလင်းညွှန့်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျေးရွာများမှ ရော်ဘာစိုက်တောင်သူ သင်တန်းသား ၅၀ ကျော် တက်ရောက်သင်ကြားပြီး သင်တန်းကာလ သုံးရက်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# ယခင်က စိမ်းမြလျက်ရှိသည့် နွေစပါးစိုက်ခင်းများဆီသို့ တစ်ခေါက်

ဖြူးမြို့နယ် ပေါက်ဇလုပ်၊ ကျီးရိုး၊ လှသင်းမောင်၊ ဇဟားကြီး၊ စက်ကုန်း စသည့်ကျေးရွာအုပ်စုများမှ လယ်သမားများမှာ ယခင်အချိန်က မိုးစပါးနှင့်ဆောင်းသီးထပ်ပဲမျိုးစုံတို့ကိုသာ အထူးအားထားစိုက်ပျိုးခဲ့ကြရသည်။ မိုးစပါးများရိတ်သိမ်းကြပြီး ပဲမျိုးစုံစိုက်ပျိုးကြပြီးနောက်တွင် စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ကြုံရာကျပန်းအလုပ်များကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြရသည်။ နွေစပါးဆိုတာ အိပ်မက်ထဲတောင် မမက်ခဲ့နိုင်ပေ။ ၂၀၁၆ ခုနှစ်မှစပြီး ဖြူးချောင်းဘက်စုံရေလှောင်တမံမှ စနစ်တကျ ဆည်ရေကို လိုသည့်အချိန် လိုသလောက် လွှတ်ပေးနေသဖြင့် အဆိုပါကျေးရွာအုပ်စုများမှ လယ်သမားတစ်ရာကျော်ခန့်မှာ နွေစပါးများ စမ်းသပ်စိုက်ပျိုးခဲ့ကြရာ တစ်ဧက ပျမ်းမျှစပါးတင်း ၈၀ ကျော်၊ ၉၀ ခန့် ထွက်ရှိခဲ့ကြသည်။

စာရေးသူနှင့်အတူ ဖြူးချောင်းဘက်စုံတာတမံမှ ဦးစီးအရာရှိ ဦးဖိုလ်ဖိုလ်ဇော်တို့သည် ဇန်နဝါရီ ဒုတိယပတ်အတွင်းက နွေစပါးစိုက်ပျိုးကြသော ကျေးရွာအုပ်စုများသို့ သွားရောက်လေ့လာခဲ့ကြပြီး နွေစပါးစိုက် လယ်သမားများနှင့်တွေ့ဆုံခဲ့ကြသည်။ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆည်ရေဖြင့် နွေစပါးစိုက်ဧက ၃၆၀၀ ခန့် စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးပြီးစီးနေသော နွေစပါးခင်းများမှာလည်း အထူးအောင်မြင်လျက်ရှိသည်ကို အားရဖွယ်မြင်တွေ့ခဲ့ကြရသည်။

ထိုသို့ လေ့လာကြည့်ရှုခဲ့ရင်း နွေစပါးစိုက်လယ်သမားကြီးများနှင့် အနည်းငယ် ဝိုင်းဖွဲ့စကားပြောဖြစ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုဌေးက စက်ကုန်းရွာနှင့် ပေါက်ဇလုပ်ရွာ ကုန်ထုတ်လမ်း အကျယ် ၁၂ပေ၊ အရှည်တစ်မိုင်ရှိသော လမ်းဟောင်းမှာ ပျက်စီးမှုများရှိနေသဖြင့် သက်ဆိုင်ရာမှ ကျောက်ရောလမ်းအဖြစ် ခင်းပေးစေချင်ကြောင်း ပြောကြားသည်။ ဖြူးမြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများမှာ စိုက်ပျိုးသူလယ်သမားကြီးများအတွက် အကျိုးဖြစ်ထွန်းသလို တောင်သူများ၏ အကျိုးအတွက် လမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက နိုင်ငံအတွက်လည်း တစ်နည်းတစ်ဖုံ အကျိုးပြုလိမ့်မည်ဟု စာရေးသူယုံကြည်ခံစားမိပါသည်။ ။ **ဖြူး-မြင့်ဦး**

## သတင်းတိုများ

### ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ကျောက်ပြားခင်းရန်လှူဒါန်း

နေပြည်တော် ဇေယျာသီရိမြို့နယ် အောင်စည်ဟိန်း ပြည်လုံးချမ်းသာစေတီတော်ကြီး၌ ကျောက်ပြားခင်းရန်အတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှနှင့်ဇနီး(သမာဓိမိသားစု)က မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးထံသို့ ဇန်နဝါရီ ၂၉ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၄၃)

### မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားရုံးများ၏ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၄ နာရီက အဆိုပါ တိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပရာ ပြိုင်ပွဲဝင် တိုင်းဒေသကြီးတရားလွှတ်တော်၊ မန္တလေးခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ အသင်းစုစုပေါင်း ငါးသင်းတို့၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော်တရားသူကြီးများက ကြည့်ရှုအားပေးကြပြီး အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များကစိစစ်ရွေးချယ်ခဲ့ကာ ဆုရအသင်းများအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။

**တင်မောင် (မန်းကိုယ်ပွား)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမားနှင့်ပန်းရန်သင်တန်းဖွင့်

ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေရန်အတွက် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏စီစဉ်မှုဖြင့် တစ်လကြာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရန်သင်တန်းကို သံစိုပင်ကျေးရွာအုပ်စု ဝင်းကရင်ကျေးရွာ၌ ဇန်နဝါရီ ၂၄ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၅၀ တက်ရောက်ကာ လက်သမားနှင့် ပန်းရန်ပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



**နေပြည်တော် လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်၊ ကြာကန်ပူးပေါင်းစစ်ဆေးရေးဂိတ် တာဝန်ခံ ရဲအုပ်မြင့်အောင်နှင့် ပူးပေါင်းအဖွဲ့က စစ်ဆေးရေးဂိတ်မှ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များတွင် လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါး သယ်ဆောင်မှုများ မရှိစေရန် ရှာဖွေစစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက် ညပိုင်းက ဆောင်ရွက်စဉ်။** မောင်မွှေး

# ကြယ်သီးမှို စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ တောင်သူပညာပေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ-သီးနှံဌာနခွဲလက်အောက်ရှိ မှိုသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (ပြင်ဦးလွင်) ၌ ဇန်နဝါရီလနောက်ဆုံး ပတ်က ဒေသအတွင်းစိုက်ပျိုးရေး တောင်သူများအား နည်းပညာဖြန့်ဖြူး ပေးနိုင်ရန် အအေးပိုင်းမှိုမျိုးသစ် ( ကြယ်သီးမှို ) စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပသည်။



"ကြယ်သီးမှိုကို ၂၀၁၅ ခုနှစ်ကစပြီး တောင်ကြီး-ဟဲဟိုးမှာ စိုက်ကြတယ်၊ ပြင်ဦးလွင်မှာတော့ ၂၀၁၆ ခုနှစ်လောက်ကတည်းက စမ်းသပ်စိုက်ပျိုးနေတာပါ၊ ဒီနှစ်က ဒုတိယအကြိမ်စိုက်ပျိုးတာ ဖြစ်ပါတယ်၊ လောလောဆယ်ဒေသတွင်း တောင်သူတွေအများဆုံးစိုက်ပျိုးနေတာကတော့ ကြွက်နားရွက်မှိုနဲ့ ငွေနှင်းမှိုကို အစိုက်များပါတယ်၊ ရှီတာကီမှိုကိုလည်း အနည်းငယ်စိုက်ပျိုးကြပါတယ်၊ ကြယ်သီးမှိုစိုက်ပျိုးချင်တဲ့ တောင်သူတွေရှိရင် အဆင်ပြေပြေစိုက်ပျိုးနိုင်အောင် ခုလိုတောင်သူတွေကို ခေါ်ကာ ကွင်းသရုပ်ပြပွဲတွေ လုပ်ကြခြင်းဖြစ်ပါတယ်" ဟု ပြင်ဦးလွင်မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

အဆိုပါ ကြယ်သီးမှိုမှာ အအေးပိုင်းဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ကြယ်သီးမှိုကို ဒေသတွင်း စိုက်ပျိုးမှုများ ပြားလာပါက ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆီသွတ်စက်ရုံတည်ဆောက်၍ ကုန်ချောအထိ ထုတ်လုပ်ပေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပြင်ဦးလွင် ဒေသတွင် ကြယ်သီးမှိုကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခြံတာဝန်ခံများ၊ ဝန်ထမ်းများ၊ အခြေခံလုပ်ငန်းခွင်သင်တန်းသားများနှင့် မှိုစိုက်တောင်သူများ စုပေါင်းတက်ရောက်ကြပြီး တောင်သူများက မှိုစိုက်ပျိုးမှုနှင့်ပတ်သက်၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**

**ဓာတ်ပုံ- စိုးနွယ်**

## ပခန်းဦးမင်းကျော်ပွဲနီးကပ်လာပြီဖြစ်၍ ကနားစင်များ ကြိုတင်ဆောက်လုပ်လျက်ရှိ

**ရေစကြို ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ထန်းတောကျေးရွာ(ကူနီ)၌ပခန်းဦးမင်းကျော်ပွဲနီးကပ်လာပြီဖြစ်၍ နတ်ကနားစင်များ ဇန်နဝါရီလအတွင်း ကြိုတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက အိမ်တွေတော်တော်များများက ကနားစင်တွေကို ကြိုတင်ဆောက်လုပ်နေကြပါပြီ၊ ပွဲတော်က တပေါင်းလဆန်း ၁ ရက်ကနေ ၁၅ ရက် (တပေါင်းလပြည့်)နေ့အထိ နှစ်စဉ်ကျင်းပမြဲဖြစ်ပါတယ်၊ ဆိုင်ခန်းတွေလည်း ကြိုတင်ဆောက်လုပ်ဖို့ ပြင်ဆင်နေကြပါတယ်၊ ကျေးရွာအတွင်းအပြင်လမ်းတွေ ကောင်းမွန်ဖို့နဲ့ သန့်ရှင်းရေးအတွက် ရွာသူ ရွာသားတွေ ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ထားပါတယ်"ဟု နန်းထိန်းအဖွဲ့ဝင် ဦးကိုမျိုးက ပြောသည်။

ပခန်းဦးမင်းကျော် (ကိုကြီးကျော်) ပွဲတော်သို့ လာရောက်လိုသူများသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာ ပတ်တာဆိပ်ကမ်းမှ ဧရာဝတီမြစ်ကူး၍ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှ လာသော် ရေစကြိုမြို့နယ် ပခန်းကြီး ပခန်းငယ်မှ အရှေ့ဘက်ချင်းတွင်းမြစ်ကို ကူး၍သော်လည်းကောင်း လမ်းနှစ်သွယ်ဖြင့် လာရောက်နိုင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်/လင်း)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် သိဒ္ဓိအောင်ဓမ္မာရုံ၌ ဇန်နဝါရီ ၂၈ ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင် ကျော်ထူးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးခဲ့ရာ စက်ဆန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်နှင့်အဖွဲ့၊ အမျိုးသမီးငယ်များ၊ ရပ်ကွက်နေပြည်သူ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ဇန်နဝါရီလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**ရန်ကုန် ဇန်နဝါရီ ၃၁**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဇန်နဝါရီ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီသည်။




ဇန်နဝါရီလထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဉပဒေ)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ သန်းစော (စီပီအေ)၊ ဒေါက်တာကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မြသိန်းတို့၏ "မီဒီယာ၏အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများ၊ အေးဖြူ၊ ကြည်မင်း၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်များနှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ သိပ္ပံနှင့်နည်းပညာနှင့် နိုင်ငံတကာဆောင်းပါးများ၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ မူးယစ်နှင့်ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့်စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) နေပြည်တော် သပြေကုန်းဈေး ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ တို့သို့ ဆက်သွယ်မှာယူနိုင် ကြောင်း သိရသည်။

**သတင်းစဉ်**


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ **"ပထမနေရာ"** အား ကမ္ဘောဇဘဏ်မှ (၆)နှစ် ဆက်တိုက်ရရှိခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းရှင်များ၊ တိုင်းသူပြည်သားများ အကျိုးအတွက် ငွေကြေးကဏ္ဍတွင် အဆင်ပြေအောင်၊ ပိုမိုဖန်တီးတည်ဆောက်နိုင်အောင် ပံ့ပိုးကူညီပေးလျက်ရှိသော ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား နိုင်ငံနှင့်ပြည်သူပြည်သားများ၏ အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်အကျိုးပြုဆောင်ရွက်နိုင်ပါစေကြောင်း လေးမြတ်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်**

**အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက်**

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်၊စာကြည့်တိုက်ဒါယကာကြီး

## ဗိုလ်မှူးချုပ်ဝင်းတင် (ငြိမ်း)

**အသက်(၈၃)နှစ်**

မော်လမြိုင်မြို့နေ (ဦးဘမှန်-ဒေါ်နှင်းရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်စစ်-ဒေါ်မေကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သဇင်မြိုင်လမ်း၊ အမှတ်(၃)နေ (ဒေါ်နီနီတင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်မောင်လွင်-ဒေါ်တာခင်ခင်ဌေး(FAME Pharmaceuticals)၊ ဗိုလ်ကြီးမင်းဇော်ဦး(ငြိမ်း) - ဒေါ်ဥမ္မာတင် (SUPER CROWN Plastic)တို့၏ချစ်လှစွာသောဖခင်၊ မထက်ထက်အောင်၊ မောင်စိုးထက်အောင်၊ မမဠူဝင်း၊ မမြတ်သီရိအောင်တို့၏အဘိုးသည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၄၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက် (တနင်္လာနေ့)တွင် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်၊စာကြည့်တိုက်ဒါယကာကြီး

## ဗိုလ်မှူးချုပ်ဝင်းတင် (ငြိမ်း)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် ၃နေ လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ရက် ည ၉း၄၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ် လှမြင့်-ဒေါ်ဆွေဆွေ

လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများတပ်ဖွဲ့

အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်၊စာကြည့်တိုက်ဒါယကာကြီး

## ဗိုလ်မှူးချုပ်ဝင်းတင် (ငြိမ်း)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် ၃နေ လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ရက် ည ၉း၄၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးကျော်ကျော်နိုင်-ဒေါ်ကြူကြူနိုင်

လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများစက်ရုံ(ဝါဇီ)

အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများ

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးဘိုဘိုမင်းသိုက်

## လက်ထောက်ညွှန်ကြားရေးမှူး

## (ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

**အသက်(၃၇)နှစ်**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုမင်းသိုက်သည် ၃၀-၁-၂၀၁၈ရက်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မြင့်**

**ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲရပါကြောင်း

ဦးဘိုဘိုမင်းသိုက် (ပ/၄၇၉၉) လက်ထောက်ညွှန်ကြားရေးမှူး၊ ပအရ(ရခိုင်)သည် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ၃၀-၁-၂၀၁၈ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ....

**PSC (2007) သူငယ်ချင်းများ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်လွင် အသက်(၆၁)နှစ်

**ရွှေလင်းဟန်ကုမ္ပဏီ (M.D)**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၅လမ်း၊ တိုက် ၁၅၊ အခန်း ၄၀၁၊ (A)Block နေ ဦးတင်ထွန်း-ဒေါ်ကျင်ရှိန်တို့၏ချစ်လှစွာသောသား၊ ဒေါ်ရင်ရင်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသစ်လွင်-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ရဲမှူးချုပ်သူရစန်းလွင်-ဒေါ်မာလာကျော်၊ ဦးစိုးလွင်-ဒေါ်ခင်လေး၊ ဦးလင်းဌေး-ဒေါ်လွှင်လွှင်မော်တို့၏ညီ၊ ဦးညီညီလွင်၏အစ်ကို၊ မောင်ဇာနည်ထွန်း-မဆုနန္ဒာလွင်၊ မောင်ဟိန်းထက်နိုင်၊ မဆုစန္ဒာထွန်းတို့၏ချစ်လှစွာသောဖခင်သည် ၃၀-၁-၂၀၁၈ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မေ အသက်(၉၅)နှစ်

**(ကွမ်းခြံကုန်းကျေးရွာ၊ သန်လျင်မြို့)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာနေ (ဦးချာယား-ဒေါ်ကျင်သန့်)တို့၏သမီး၊ (ဦးအေးကျော်)၏ဇနီး၊ (ဦးကျင်မောင်-ဒေါ်သန္တာ)၊ (ဦးတင်လှိုင်-ဒေါ်မြရီ)၊ (ဦးရဲလှ)-ဒေါ်စန်းကြည်(သတင်းစာကိုယ်စားလှယ်)၊ ဦးကြည်တင်-ဒေါ်ခင်စန်းမြင့်၊ (မခင်စန်းဝေ)၊ ဦးကြည်ဝင်း(စစ်ကိုင်းဆေးရုံ)-ဒေါ်နွဲ့၊ ဦးတင်မောင်ကျော်-ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၇ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးပွင့်

**အသက်(၉၂)နှစ်**

မိုးကုတ် နှစ်(၈၀၀)ပွဲတော်ကျင်းပရေးကော်မတီ(မိုးကုတ်)မှ မိုးကုတ်မြို့ ကသဲကျောက်ဆောင်ရပ်နေ အတွင်းရေးမှူး ဒေါ်ခင်အုန်းမြင့်၏မိခင် ဒေါ်အေးပွင့်သည် ၃၀-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးကုတ် နှစ်(၈၀၀)ပွဲတော်ကျင်းပရေးကော်မတီ**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးပွင့်

**အသက်(၉၂)နှစ်**

ကျောက်မျက်တူးဖော်ထုတ်လုပ်သူများအဖွဲ့ (မိုးကုတ်၊ မိုင်းရှူး၊ နမ့်ယား)၏အတွင်းရေးမှူး မိုးကုတ်မြို့ ကသဲကျောက်ဆောင်ရပ်နေ ဒေါ်ခင်အုန်းမြင့်၏မိခင် ဒေါ်အေးပွင့်သည် ၃၀-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်မျက်တူးဖော်ထုတ်လုပ်သူများအဖွဲ့**

**(မိုးကုတ်၊ မိုင်းရှူး၊ နမ့်ယား)**

---

## ဒေါ်သန်းစိန်

**အသက်(၈၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာနေ အရာခံဗိုလ်အုန်းလွင်(ငြိမ်း)၏ဇနီး၊ ဒေါ်ချိုချိုပြုံး၊ ဗိုလ်ကြီးခင်မောင်လွင်(ငြိမ်း) (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ လက်ထောက်အထွေထွေမန်နေဂျာ)-ဒေါ်တင်တင်နွယ်(အလယ်တန်းပြ)၊ ဒေါ်ခင်စန်းရီ(အလယ်တန်းပြ)၊ တကက/စရ ကျော်မွေး-ဒေါ်ခင်စန်းကြည်၊ ဦးတင်မောင်ကြည်-ဒေါ်ချောအိခိုင် (အလယ်တန်းပြ)၊ ဦးတင်မောင်စိုး၊ ဗိုလ်မှူးနေလင်းအောင်-ဒေါ်စိမ်းမြသက်တို့၏ မိခင်သည် ၃၁-၁-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ဇီးချိုကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေး(ခ)ဒေါ်တင်အေး

**အသက်(၈၅)နှစ်**

တိုက်အမှတ် ၃၁၊ အခန်း ၆၊ မင်းဒင်လမ်းသွယ်(၃)၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးသာဟန်-ဒေါ်ချိန်)တို့၏သမီး၊ (ဦးဘဌေး)၏ညီမ၊ ဦးလှမြင့်(စာရင်းကိုင်အုပ်၊ ငြိမ်း၊ ဆလရ၊ ရုံးအုပ်)၏ဇနီး၊ ဒေါ်ချိုချိုဟန်(ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏မိခင်သည် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၆း၄၅နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ကြင်လွှမ် (ရေးမြို့)

**အသက်(၈၅)နှစ်**

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း-ဒေါက်တာဌေးဌေးစိုးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ကြင်လွှမ်သည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**

**မြန်မာ့ဆန်စပါးသုတေသနဌာန၊ မှော်ဘီမြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## အရာခံဗိုလ်စိန်မောင်(ငြိမ်း) အသက်(၇၆)နှစ်

ရေစကြိုမြို့နေ(ဦးဖိုးတင်-ဒေါ်ဖွားသိုက်)တို့၏သား၊ (ဦးထွန်းမြင့်-ဒေါ်ငွေအေး)တို့၏သားသမက်၊ ရေစကြိုမြို့နေ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးရွှေသာအောင်(ငြိမ်း)-ဒေါ်အေးအေးတင့်၊ ဒုအရာခံဗိုလ်ဌေးအောင်-ဒေါ်အေးအေးမြင့်(ကကအင်)၊ ဦးမင်းစိန်ဦး(လ.ဝ.က)၊ ဦးလင်းစိန်လတ်တို့၏ ချစ်လှစွာသောဖခင်၊မြေးလေးယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည်၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရွှေပေါက်ကံမြို့နယ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး(၁)လမ်း၊ အမှတ် ၇၉၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝမ်ရှင်

**ဌာနစုမှူး(ငြိမ်း)၊ ဇဟိုသုတေသန**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ(ဦးစံရှင်-ဒေါ်မြကျင်)တို့၏သား၊ (ဦးမောင်ခင်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ ၃လမ်း၊ အမှတ် ၁၀၁ (က) နေ (ဒေါ်မာဂရက်)၏ ချစ်လှစွာသောခင်ပွန်း၊ကိုအောင်ထွန်းသက်-မရည်လွင်အောင်၊ မလှမြတ်သူ(UPT)၊ ကိုဝင်းထွန်းနိုင်-မနှင်းရည်ဝင်း၊ ကိုဇော်မင်း (အဆင့်မြင့်ပညာဦးစီးဌာန)တို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၈ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဆန်းမောင်

**အင်/ယာ(စ) မြို့ပြ(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက်(၇၄)နှစ်**

(ဦးစိန်မှီ - ဒေါ်ငွေချိန်)တို့၏သား၊ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ဒေါ်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ကျော်ဝင်း-မမြင့်မြင့်မော်၊ Mr. Laurent Casting - မဇင်မာမြင့်၊ ကိုထွန်းထွန်းဦး-မနှင်းမြမြမိုး၊ ကိုနန္ဒကျော်-မကေသွယ်ထိုက်တို့၏ဖခင်ကြီး၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၂၇-၁-၂၀၁၈ရက်(စနေနေ့) ည ၉နာရီ (နယူးယောက်စံချိန်တော်ချိန်)တွင် နယူးယောက်မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်းနိုင်(ထားဝယ်)

**အသက်(၇၃)နှစ်**

ကရင်ပြည်နယ်၊ ဇာသပြင်ရွာနေ (ဦးကွန်ဘ-ဒေါ်စောဝင်း)တို့၏ ချွေးမ၊ ထားဝယ်မြို့နေ (ဦးမောင်ရှိန်-ဒေါ်နှင်းလှ)တို့၏သမီး၊ (ဦးဌေးလှိုင်-ဒေါ်ခင်ကြည်)၊(ဦးမျိုးမြင့်-ဒေါ်အေးသိန်း)တို့၏ ညီမ၊ ဦးအောင်ဝင်း-(ဒေါ်ကြည်ရွှေ)၊ ဒေါ်ခင်စောဝင်း၊ ဒေါ်သန်းချို၊ ဒေါ်ခင်ခင်မြ၊ ဒေါ်လှဲ့လှဲ့ချိုတို့၏အစ်မ၊ ဦးစိန်မြ၏ချစ်လှစွာသောဇနီး၊ (ဦးထွန်းထွန်း)-ဒေါ်တင်တင်ခိုင်၊ (ဦးအောင်အောင်)-ဒေါ်သဇင်ဦး၊ ဦးလှမင်း(မြန်မာ့မီးရထား)တို့၏ဖခင်သည် ၃၁-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းရှိန် (ကျောက်ဖြူမြို့)

**သ/မဦးစီးဌာန(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊အမှတ် ၂၁၊ ဒုတိယထပ်နေ(ဦးစောကံဆင့်) - ဒေါ်အေးချမ်းဖြူတို့၏သား၊ ဒေါ်ခင်သန်းရီ၏ခင်ပွန်း၊ ဗိုလ်ကြီးကြည်သန်းဇော်-ဒေါ်အိအိစိုး၊ ကိုမျိုးဇော်တို့၏ဖခင်၊ မောင်မြတ်ကောင်းသန့်၏အဘိုးသည် ၃၁-၁-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယုရွှေယဉ် အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၄၂၈နေ (ဦးသိန်းကြွယ်)-ဒေါ်ရင်ရင်နုတို့၏သမီး၊ ဦးကိုကိုနိုင်-ဒေါ်ခင်သီတာ၊ ဦးညီညီနိုင်-ဒေါ်ခင်ဝင်းမူ၊ ဒေါ်စုဆွေဇင်တို့၏ညီမ၊ မဖြိုးသီရိခိုင်၊ မပန်းသဇင်ခိုင်တို့၏မိခင်၊ ဦးညီညီထွန်း၏ဇနီး၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည်၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## လင်ချင်ချောင်း(ခ)ဦးမြ

**(ဦးမြ နာရီဆိုင်)**

**အသက်(၉၅)နှစ်**

ပြည်မြို့၊ ဆွေးနွေးဘုရားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အမှတ် ၆၈၈နေ ဦးခင်မောင်ဦး-ဒေါ်ဝါဝါစိန်၊ ဦးခင်မောင်လတ်-(ဒေါ်နီနီအောင်)၊ ဦးခင်မောင်ဝင်း-ဒေါ်စန္ဒာ၊ ဦးခင်မောင်ဇော်-ဒေါ်သီတာ၊ ဦးဝင်းတင်-ဒေါ်ခင်အုန်းမြင့်တို့၏ဖခင်ကြီး၊ ဒေါက်တာစန္ဒာဦး၊ ဒေါက်တာခင်မြတ်မွန်၊ ဒေါက်တာမျိုးကိုကို၊ ဒေါက်တာခင်သီရိပိုင်၊ မောင်အောင်ပိုင်ဖြိုး၊ ဒေါက်တာဖြူဇင်သန့်၊ မေရှင်းသန့်(ဆေး-၁)၊ ဒေါက်တာတင်အေးဝင်း၊ ဒေါက်တာမင်းသိန်းကျော်၊ မောင်ကျော်ဆွေဟန်(ဆေး-၁)၊ မမေမြတ်နိုးထက်၊ မောင်ဉာဏ်ဘုန်းဝင်း (အထက-၁၊ ဒဂုံ)၊ မောင်ရဲခိုင်ဝင်း (PISM)တို့၏အဘိုးသည် ၃၁-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ဆောင်းတင်

**ညောင်လေးပင်မြို့**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့နေ အသင်းအမှုဆောင် ဦးမျိုးတင့်၏မိခင်ကြီး၊ အသင်းအမှုဆောင် ဒုဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)၏အဒေါ် ဒေါ်ဆောင်းတင်သည် ၂၈-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် ညောင်လေးပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)

**ဝန်ကြီး(ငြိမ်း)**

**(ဘဏ္ဍာအခွန်)(ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**

**အသက်(၈၃)နှစ်**

ဝါဇီဝန်ထမ်းဟောင်းများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)သည် ၃၀-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါဇီဝန်ထမ်းဟောင်းများ**

---

## ဦးမြင့်ဦး

**ကျန်းမာရေးမှူး(ငြိမ်း)**

**အသက်(၈၀)**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊(၃)ရပ်ကွက်နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ သား/သမီး သုံးယောက်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် မတ္တရာမြို့ ရှေးဟောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၈ရက်(စနေနေ့)တွင် မတ္တရာမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဇင်အောင်(ငြိမ်း) အသက်(၇၈)နှစ်

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ မြောက်ပိုင်းခရိုင်ဦးစီးအရာရှိ**

**ကြည်း-၁၀၄၅၄၊ O.T.S (31)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း(အောက်)၊ အမှတ် ၅၆နေ ဦးလှမောင်-ဒေါ်ဖွားစိန်တို့၏သား၊ ဦးထွန်းရင်-ဒေါ်ခင်မေတို့၏သားသမက်၊ (ဒေါ်မြကြည်)၏ခင်ပွန်း၊ ဦးတင့်ဇော်(အင်းဝဘဏ်လီမိတက်)-ဒေါ်လှဲ့လှဲ့ဇင်(အင်းဝဘဏ်လီမိတက်)၊ကိုသက်ဇင်အောင်-မလင်းလင်းထွေး၊ ကိုရဲဇင်-မအိရွှေစင်ဝင်း၊ မခက်ခက်ဇင်၊ မနှင်းနုယဉ်၊ မနှင်းယုလွင်(မြဝတီဘဏ်)တို့၏ဖခင်၊ မသဥ္ဇာဆုလှိုင်(အထက-၂၊ လသာ)၊ မောင်ကောင်းခန့်စည်သူ(အထက-၁၊ ဒဂုံ)တို့၏ အဘိုးသည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်သောင်း

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၅)ရပ်ကွက်၊မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊ အမှတ် D.2.Aနေ ဒေါ်နွဲ့၏ချစ်လှစွာသောခင်ပွန်း ဦးကျော်သောင်း (နာယကကြီး၊ အိမ်ရာကော်မတီ)သည် ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ**

**ကော်မတီနှင့်အိမ်ရာဝင်းနေမိသားစုများ**

---

## ဦးတင်မောင်သန်း(ခ)မယ်လာဘင် (ဒုရဲမှူး၊ ငြိမ်း)

**တမိုင်ဝန်ထမ်းကွက်သစ်အသင်းဝင်**

**အသက်(၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြမြို့၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၈၆နေ (ဦးဘသန်း-ဒေါ်သိန်းသိန်း)တို့၏သား၊ ကရင်ပြည်နယ်၊ ကော့ကျိုက်ကျေးရွာနေ (ဦးဖိုးမော်-ဒေါ်အေးမြိုင်)တို့၏သားသမက်၊ မြောက်ဥက္ကလာပနေ ဒေါက်တာအောင်နိုင်(ခ)အာသာ-ဒေါ်ခင်မေကြည်၊ မိတ္ထီလာမြို့နေ ဒုအရာခံဗိုလ်တင်ဝင်း (ငြိမ်း)-ဒေါ်လီသန်း(ခ)တွတ်တွတ်၊ မြောင်းမြမြို့နေ ကက်နက်သန်း(ခ) ကျောက်နီ-ဒေါ်မော်လီသန်း(ခ)မော်မော်တို့၏အစ်ကို၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ မောင်စိုးမိုးကျော်(ခ)ကျော်ကျော်-မမြမြခိုင်(ခ)လေးလေး၊ လှည်းကူးမြို့နေ ကိုသန့်ဇင်(ခ)တီတီ-မဇင်မေဦး(ခ)မီးမီးတို့၏ဖခင်၊ တိုက်ကြီးမြို့နေ ကိုအောင်တင်ဝင်း-ဒေါ်သူဇာတို့၏ဦးလေး၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ တိုက်ကြီးမြို့၊ ဖောဓိကုန်းရပ်ကွက်၊ အာဂမ(၁)လမ်းနေ ဒေါ်လှကြည်၏ခင်ပွန်းသည် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဖောဓိကုန်းရပ်ကွက်၊ အာဂမ(၁)လမ်း နေအိမ်မှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု




## နှစ် ၁၅၀ တွင် တစ်ကြိမ်သာ မြင်တွေ့ရသည့် လကြတ်မှုဖြစ်စဉ်အား စောင့်ကြည့်သူများပြား

**နေပြည်တော် ဇန်နဝါရီ ၃၁**

နှစ်ပေါင်း ၁၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့ရသည့် အာကာသဆိုင်ရာ ဖြစ်စဉ်တစ်ခုဖြစ်သော Super Blood Blue Moon ဖြစ်စဉ်ကို မြန်မာနိုင်ငံမှလည်း အပြည့်အဝမြင်တွေ့ခဲ့ရပြီး တစ်နိုင်ငံလုံးမှ လကြတ်မှုဖြစ်စဉ်ကို စောင့်ကြည့်မှုများ ရှိခဲ့သည်ကို မြင်တွေ့ရသည်။ အဆိုပါလကြတ်ခြင်းမှာ ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်အစအဆုံးအား အာရှတိုက်၊ မြောက်အမေရိကအနောက်ပိုင်း၊ ရုရှားစသည့် ဒေသများမှ မြင်တွေ့ခဲ့ကြရခြင်းဖြစ်ပြီး နာဆာမှလည်း လကြတ်မှုဖြစ်စဉ် အစအဆုံးအား တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါတိုက်ရိုက်ပြသမှုအစီအစဉ်အား ကမ္ဘာအရပ်ရပ်မှ ကြည့်ရှုသူ ကိုးသန်းကျော်ရှိခဲ့ပြီး နိုင်ငံပေါင်းစုံမှ နက္ခတ္တဗေဒပညာရှင်များ၊ စိတ်ဝင်စားသူများနှင့် ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များက နည်းလမ်းမျိုးစုံ၊ နေရာမျိုးစုံတို့မှ မှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်သည် ပုံမှန်မဟုတ်သည့် အခြေအနေသုံးခုပေါင်းစုံသည့် အာကာသဆိုင်ရာ ဖြစ်စဉ်တစ်ခုဖြစ်ပြီး အလွန်ကြီးမားသည့် လအရွယ်အစားအား မြင်တွေ့ရခြင်း၊ Blue Moon ဖြစ်စဉ်ဖြစ်သည့် လတစ်လတည်းတွင် လပြည့်ခြင်း နှစ်ခါထပ်မှုဖြစ်ခြင်းနှင့် လကြတ်ခြင်း စသည့်ဖြစ်စဉ်သုံးခုကို တစ်ပေါင်းတည်း မြင်တွေ့ကြရခြင်း ဖြစ်သည်။ လကြတ်ခြင်းမှာ ကမ္ဘာ၏အရိပ်က လအားဖုံးလွှမ်းသွားပြီး အလင်းရောင် သည် အဖြူရောင်မှတစ်ဆင့် အဆင့်ဆင့်လကြတ်ခြင်းဖြစ်စဉ်များ ဖြစ်ပွားပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ✱

# ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေ တောင်ပတ်လမ်းနှင့် ဗျူးပွိုင့် အပန်းဖြေရင်ပြင်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ကော့သောင်း ဇန်နဝါရီ ၃၁**

မြို့ကျက်သရေဆောင် ဘုရင့်နောင်ရုပ်တု ကုန်းမြေဝန်းကျင်သည် ပါချန်မြစ်ဝမှ တစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ လှမ်းမြင်ရသည့် သာယာလှပသည့် အပေါ်စီးရှုခင်းများကြောင့် မြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုဖြစ်ရာ ကုန်းမြေပိုမိုသာယာလှပရေးနှင့် ကျန်းမာရေးလေ့ကျင့်မှုအဖြစ် ကုန်းမြေပတ်လမ်းလျှောက်ကြသည့် ဒေသခံပြည်သူများ ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ကုန်းမြေပေါ်ရှိ ချုံနွယ်များပိတ်ကာ တိမ်ကောလျက်ရှိသည့် ကုန်းမြေ ဒုတိယပတ်လမ်းဟောင်းအား ပြန်လည်ဖော်ထုတ်ပြီး ကွန်ကရစ်ခင်းခြင်း၊ ကုန်းမြေမှ ကမ်းနားလမ်း ဆိပ်ကမ်းသာပန်းခြံသို့ လှေကားအဆင်းလမ်း တည်ဆောက်ခြင်း၊ လမ်းမီးတိုင်များဖြင့် အလှဆင်ခြင်း၊ အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် ရင်ပြင်တည်ဆောက်ခြင်း၊ ကြွေပြားခင်း အလှဆင်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့်

*စာမျက်နှာ ၄ ကော်လံ ၃* ❐



ကော့သောင်းမြို့ ဘုရင့်နောင်ရုပ်တုကုန်းမြေ တောင်ပတ်လမ်းနှင့် ဗျူးပွိုင့် အပန်းဖြေရင်ပြင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# KBZ Bank Women's League ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်အနိုင်ရ



**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက တက္ကသိုလ်အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ပွဲစကတည်းက ဂိုးရရန် တိုက်စစ်ဖွင့်ကစားခဲ့ပြီး တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက (၇၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၄၈၊ ၆၈၊ ၇၆၊ ၈၆) မိနစ်တွင် တစ်ဦးတည်း ကိုးဂိုးသွင်းယူခဲ့ကာ ကျန်အနိုင်ဂိုးများကို ၅၂၊ ၆၀၊ ၈၁၊ ၈၈ မိနစ်တွင် ရူပါခိုင်က လေးဂိုး၊ ၄၀၊ ၈၅ မိနစ်တွင် ခိုင်သဇင်က နှစ်ဂိုးသွင်းယူခဲ့သည်။ မြဝတီအသင်း၏ ဂိုးပြတ်အနိုင်ရလဒ်ကြောင့် သစ္စာအားမာန်အသင်းသည် ယနေ့ပွဲတွင် ဂိုးပြတ်အနိုင်ရမှသာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

ပွဲစဉ်(၆) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁ ရက် **(ယနေ့)**တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

## အာရှဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဖူဆယ်အသင်း ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၃၁**

တရုတ်(တိုင်ပေ)၌ ကျင်းပမည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် **အုပ်ချုပ်သူ**-ဦးကြည်မင်းသိန်း၊ **နည်းပြချုပ်**-ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ**- ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ**- ဦးထွန်းထွန်းလတ်၊ **ဂိုး**-ရန်ပိုင်ဟိန်း၊ ဇွဲပြည့်စုံ၊ ကစားသမား-ကိုကိုလွင်၊ ဟိန်းမင်းစိုး၊ နိုင်ရဲကျော်၊ မျိုးမြင့် စိုး၊ စိုင်းပြုံးအောင်၊ ပြည့်ဖြိုးမောင်(၂)၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ခင်ဇော်လင်း၊ ကောင်းချစ်သူ၊ ပြည့်ဖြိုးမောင်(၃)၊ ရဲလင်းထွန်းတို့ ပါဝင်ကြသည်။

၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၁ ရက်အထိ တရုတ်(တိုင်ပေ)၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို လေးသင်း လေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❁

